www.burmeseclassic.com

အရှေ့ဘက်ကောင်းကင်

တာဝေ
စီစဉ်သည်

# တစ္ဆေမျက်လုံး

မဂ္ဂဇင်း

အမှတ်-၅



2018.GRAPHIC DESIGN : KYAW MINN MO NG

BURMESE CLASSIC .com
www.burmeseclassic.com


www.burmeseclassic.com

# တာဝတာ

စိဝဉ်သည်

# တစ္ဆမျက်ကွင်း

မဂ္ဂဇင်း



အမှတ်-၅၊ မတ်လ၊ ၂၀၁၀ခုနှစ်

သတိပေးချက်။ ။ ဤမဂ္ဂဇင်းအား ကြောက်တတ်သူများ ညမဖတ်ရ။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ






အဲဒါ သနပ်ခါးရိုးရိုးမဟုတ်ဘူးကွ၊
ကဝေထောင်ချောက်လို့ ခေါ်တယ်၊
မင်းတို့လို ကာမေသုမိစ္ဆာကဲ
အမြဲကျူးလွန်နေတဲ့ စုန်းထီး တွေကို
ဖမ်းတဲ့ ထောင်ချောက်ပဲကွ စာ-၅




ဇလုံထဲတွင်ရောမစားဖားကြီးများသည်
မျက်လုံးပြူး ကြောင်ကြောင်နှင့်
မသေမရှင်တွေ၊ အသက်ဝင်နေသော
တလှုပ်လှုပ် တရွရွကောင်တွေ စာ-၁၆



ကောင်မလေးရဲ့ မျက်နှာတစ်ပြင်လုံး
သွေးသံရဲရဲနဲ့၊ မျက်စိ ကြီးတစ်လုံးကလည်း
ကျွတ်လုကျွတ်ခင် တွဲလောင်းကြီးရယ်။
ရက်လည်ဆွမ်းသွတ်ကာပြန်လာတဲ့
တာဖစ္စတုံတွဲ မင်းအိမ်ခန့် စာ-၂၄




သည့်တော့ တွမ်သည်
ဤရောမ လူထွားကြီးသည်
နတ်ဆိုး ကြီးကိုယ်တိုင် ဖြစ်သည်ဟု
သိလိုက်သည်။ စာ-၄၁


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ




မဖဲဝါစကားကို ကြားတော့ ကျုပ်မျက်စိထဲမှာ
ကိုပေသီးကို ဆံပင်ဆွဲပြီး ကျောက်ပြင်နဲ့
ထုတာကြီးကို တန်းမြင်တော့တာဗျို့။

စာ-၅၆




ကယ်မယ့်သူအစား ရေနစ်ရာမှာ
ဆွဲကူ နစ်မည့် ကြောက်လန့်တုန်လှုပ်ဖွယ်
အသံကြီးတွေသာ ကြားရသည်။

စာ-၇၂




မ...မလုပ်ပါနဲ့ ဆရာ၊
ကျွန်မ မီးကြိုး သံကြိုးတွေနဲ့
အချည်အတုပ်နှောင် မခံနိုင်ပါဘူး၊
ပညာတွေ ပြန်သိမ်း၊ ပြန်နှုတ်ပါ။ စာ-၉၀



သာမန်လူတို့ထက် လေးငါးဆခန့်ကြီးသည့်
ဘီလူး သဘက်ကြီးများ၊ တင်းပုတ်များ၊
မှိန်းများကို ထမ်း၍ ဦးတက်တူတို့ ရှိရာသို့
ဦးတည်ပြီး လျှောက်လာနေကြသည်။

စာ-၁၁၆



ဘီလူး၄အော်သံ

ခေါင်းကြီးက တင်းတောင်းနှစ်လုံးစာလောက်
ရှိမယ်။ လရောင်မှိန်မှိန် လေးအောက်မှာ
ပါးစပ်ထဲက အစွယ်ကြီးတွေကို
တစ်ချက် တစ်ချက် မြင်နေရတာဗျို့။

စာ-၁၄၂


www.burmeseclassic.com

www.burmeseclassic.com

## အယ်ဒီတာအဖွဲ့

တာယောစီစဉ်မွမ်းမံတည်းဖြတ်သည်။

တာဝန်ခံအယ်ဒီတာ

ဇော်ဇော်

အမှုဆောင်အယ်ဒီတာ

ယမုံစိုး၊ ခင်မြင့်သီ

ပြင်ပဆက်သွယ်ရေး

အာနိုး၊ ကိုဖွဲ့

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးဘုန်းဇော် (၀၀၄၅၃)

အမှတ် - ၂၈၂ ပထမထပ်၊ လမ်း - ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ - ဦးဘုန်းဇော် (၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်

အမှတ် - (၉) ရာဇာဓိရာဇ်လမ်း၊ ရန်ပြေ (၃) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရ

မျက်နှာဖုံး - ကျော်မင်းမောင်

အတွင်းပန်းချီ - ပန်းချီအောင်နိုင်လတ်

ကွန်ပျူတာ - ဇာနည်မော်

စာအုပ်ချုပ် - မိဘရိပ် စာအုပ်ချုပ်လုပ်ငန်း

အုပ်ရေ - ၁၀၀၀ - အုပ်၊ ၂၀၁၈ - ခုနှစ်၊ မတ်လ

တန်ဖိုး - ၅၀၀ - ကျပ်

ဖြန့်ချိရေး - အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ် - (၉) ရာဇာဓိရာဇ်လမ်း၊ ရန်ပြေ (၃) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်

ဖုန်း - ၀၉ ၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄

www.burmeseclassic.com

www.burmeseclassic.com



# တာတေ

## ရုန်းဝီး

ဆရာအို ပယောဂကုတဲ့ဆီကို ကျုပ် လိုက်သွားတာဗျ။ ဘိုးညိုက သူ့လှည်းနဲ့ နွားနှစ်ကောင် တပ်ပေးလိုက်တာ။ သူ့မှာ နွားကောင်းချည်းပဲ နှစ်ရှဉ်းရှိတာဗျို့။ နွားတစ်ရှဉ်းဆိုတာ နှစ်ကောင်ကို

**အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး**

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာဗျ။ သူတို့မှာ နွားနှစ်ရှဉ်းရှိတယ်ဆိုတော့ နွားလေးကောင်လေဗျာ။ ဘိုးညိုရဲ့ နွားကြီးတွေက တကယ့်နွားသန်နွားချောကြီးတွေဗျ။ လှည်းကလည်း အမြဲတမ်း တိုက်ချွတ်ပြီး ဆီမှန်မှန်ထိုးထားတော့ သန့်ပြန့်ပြီး ချောနေတာပါဗျာ။

ရောဂါသည်က မိန်းမဗျ။ သိပ်ငယ်ငယ်တော့ မဟုတ်ပါဘူး။ အသက် သုံးဆယ်ကျော်လောက်ရှိမယ်။ ဆရာအိုက ထုံးစံအတိုင်း ရောဂါစစ်တာပေါ့ဗျာ။

"ကလေးမ ဗိုက်အောင့်တာ ဘယ်အချိန်အောင့်တတ်တုံး"

"ညနေ တစ်ခါအောင့်တယ်၊ ညသန်းခေါင်လောက်မှာ တစ်ခါအောင့်တယ် ဆရာကြီး"

"ဒီအချိန်တွေက ပုံမှန်ဖြစ်နေကျပဲလားကွဲ့"

"ဟုတ်ကဲ့ ဆရာကြီး၊ ပုံမှန်ပဲတော့"

"ဘယ်တုန်းကစပြီး ဖြစ်တာတုံး ကလေးမရဲ့"

လူနာမိန်းမက ပြန်စဉ်းစားတယ်။ ဒီမိန်းမက အညာတောသူဆိုပေမယ့် ရုပ်ရည်တော်တော်ချောမောတဲ့ မိန်းမဗျ။ အိမ်ထောင် မရှိဘူး အပျို။

"ဟိုတလောက ကျွန်မတို့ရွာကို ဆရာတစ်ယောက် ရောက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီသံခနောက်ကို ရောက်လာတာလား"

"ဟုတ်ပါတယ် ဆရာ၊ သူများတွေ ဗေဒင်မေးတာနဲ့ ကျွန်မလည်း အဲဒီဆရာဆီမှာ ဗေဒင်မေးတာပဲ၊ ဒီမှာတင် ဒီဆရာက ကျွန်မလက်ကိုကိုင်ပြီး လက္ခဏာကြည့်သလိုနဲ့ သူများ မကြားအောင် ကပ်ပြီးပြောတယ်။ ပြောတာက ရည်းစားမကောင်းပါ ဆရာရယ်။ ကျွန်မကိုလက်ထပ်ယူပါရစေလို့လည်း ပြောတယ်၊ ကျွန်မက လုံးဝငြင်းတော့နင့်ရောဂါတစ်ခုခုဖြစ်ရင် ငါ့ကို လိုက်ရှာပေတော့၊ ငါကုပေးမယ်သိလားလို့ ပြောတယ်။ ကျွန်မကလည်း ဘာပြောမှန်းကို မသိတာပါရှင်။ နောက်တော့ သိပ်မကြာဘူး၊ ကျွန်မမှာ ဗိုက်အောင့်တော့တာပါပဲဆရာကြီးရယ်"

"အခု အဲဒီဆရာသတင်း ကြားသေးလား"

"ဒီရွာမှာ သူ့လူရှိတယ် ဆရာကြီးရဲ့၊ တောင်ပိုင်းက 'ခင်' ဆိုတဲ့အကောင်၊ မျက်စိစောင်းစောင်းရွဲ့ရွဲ့နဲ့တော့၊ ဒီအကောင်က ကျွန်မကို လာပြောတယ်။ မမြခင် ဒီလောက်နေမကောင်းဖြစ်တာ ဆရာကိုမြနွယ်ကိုရှာပြီး ပင့်ပေးရမလားတဲ့တော့"

"ဒီတော့ ကလေးမက ဘယ်လိုပြန်ပြောလိုက်တုံး"

"အဲဒီဆရာနဲ့ကုမှ အသက်ရှင်မယ်ဆိုရင်တော့ ငါအသေခံမယ်ဟေ့ ခင်၊ ပြောလိုက်ဟေ့ နင့်ဆရာကို သူနဲ့လည်း ဆေးမကုဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူ့လိုလူကိုလည်း ဒီတစ်သက် မယူဘူးလို့ ပြောလိုက်၊ ငါ့ရောဂါ မပျောက်ရင် သေပစေလို့ ကျွန်မက ပြန်ပြောလိုက်မိတယ် ဆရာ"

"ကလေးမရဲ့ ရောဂါဟာ ပယောဂစစ်စစ်ပဲ၊ လူပြုစားခံထားရတာ၊ ဘယ်သူပြုစားတုံးဆိုတာတော့ မသိဘူးကွဲ့၊ ဘယ်သူပဲဖြစ်ဖြစ် ခေါ်ရတော့မှာပေါ့လေ။ ရော့ မောင်တာတေ၊ ဒီခြေမန်းကွင်းယူထား၊ ရောက်လာရင် ခေါင်းကနေ စွပ်ချထားလိုက်။ ကဲ...အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါ့ကွန်၊ မြောက်ရူဝံအတွင်း တိမ်းခြင်း၊ ရှောင်ခြင်း၊ ခိုခြင်း၊ ကပ်ခြင်း မရှိစေရ။ ပေါက်ဆရာကြီး ခြောက်ဆယ့်လေးပါးတို့ရဲ့တပည့် ငါဆရာအို အမိန့်ပြန်လိုက်တယ်၊ ပညာသယ် အခုလာခဲ့၊ ဟောဒီ ကလေးမကို ပြုစားထားတဲ့ ဝညာသယ် အခုလာခဲ့"

"ဟီး၊ ဟီး၊ ဟီး၊ ဟား၊ ဟား၊ ဟား၊ ဟား၊ အေး လာပြီ ဟေ့၊ လာပြီ၊ မင်းက ဘာဆရာမို့ ငါ့ကို ခေါ်ရတာတုံး၊ ငါက ကဝေပုံကွ၊ မင်းလိုဆရာလောက်တော့ အယားတောင်မပြေဘူးမှတ်ကွ"

"မောင်တာတေ၊ လုပ်လိုက်လေ"

ဟုတ်ပါ့ဗျာ။ ကျုပ်ကလည်း ပယောဂပူးနေတဲ့ မမြခင်ကို ကြည့်နေတာဗျို့။ ခြေမန်းကွင်းစွပ်ဖို့ မေ့နေတာ။ ဆရာအိုပြောမှ သတိရသွားပြီး ချက်ချင်းထစွပ်လိုက်တာဗျ။

"အောင်မာ၊ ငါ့ကို ခြေမန်းကွင်းစွပ်တော့ ဘာဖြစ်မှာတုံး၊



www.burmeseclassic.com

www.burmeseclassic.com



စွပ်စမ်း၊ တစ်ကွင်းမဟုတ်ဘူး ဆယ်ကွင်းစွပ်၊ ငါ မမှုဘူး၊ ဟောဒီ မြခင်ဟာ ငါ့မယား ဖြစ်ရမယ့် မယားလောင်းကွ၊ ဒါကြောင့် ငါလုပ်ထားတာ ဘာဖြစ်တုံး၊ အစ်ကိုရယ် မြခင်ကို ကယ်ပါဦးလို့ ပြောလာတော့မှ ငါက ဆေးကုပေးပြီး ငါ့မယားအဖြစ် သိမ်းပိုက်မလို့ကွ။ မင်းနဲ့ ဘာဆိုင်လို့ ဝင်ရှုပ်ရတာတုံး၊ မင်း မသေချင်ရင် ပြန်လို့မီသေးတယ်၊ ကြားလား ငါပြောတာ”

“လက်စသတ်တော့ မင်းကိုး၊ လူယုတ်မာကောင် ကဝေပျံ ဟုတ်စ၊ မင်းဟာမင်း ကဝေပျံပျံ မပျံပျံ၊ ငါသိတာတော့ မင်းဟာ စုန်းထီးပဲ မြန္မယ်၊ ငါ့ကို လာပြီးလှည့်စားဖို့ မကြိုးစားနဲ့၊ ကဲ တစ်ခွန်းပဲ မေးမယ်၊ ကလေးမလေးကို လုပ်ထားတာတွေ အခု ဖယ်မစ်မလား၊ မပစ်ဘူးလား ဒါပဲပြော”

“မင်းကို ဝင်မရှုပ်နဲ့လို့ ငါပြောပြီးသားပဲ၊ အပိုတွေ လာ မပြောနဲ့ ဆရာစုတ်”

“အေးလေ၊ ဒီလိုဖြစ်မှတော့ လုပ်ရတော့မှာပေါ့ကွာ၊ မောင်တာတေ ရော့ ဒီသနပ်ခါးခဲကိုယူ၊ ကျောက်ပြင်တစ်ချပ်တောင်းပြီး အရည်ခပ်ကျဲကျဲလေး သွေးစမ်းကွာ”

ကျုပ်က ဆရာအိုဆီက သနပ်ခါးခဲကိုယူပြီး အိမ်သား တစ်ယောက်ကို ကျောက်ပြင် ယူခိုင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သွေးပြီးပြီ ဆရာကြီး"

"ကဲ မမြခင်ရဲ့မျက်နှာမှာ အဲဒီသနပ်ခါးလိမ်းစမ်း မောင်တာတေ"

"ဟား၊ ဟား၊ နံ့သာခဲလေးပါလား၊ လာ၊ လာ၊ လိမ်း၊ လိမ်း၊ ကြိုက်သလောက်လိမ်း၊ မင်းလိုဆရာအဆင့်လောက်များတော့ ရယ်တောင် ရယ်ချင်သေးတယ်။ လာလိမ်းစမ်း ကလေး၊ မင်းဆရာ ခိုင်းတာ လုပ်ပေးလိုက်ပါကွာ၊ ငါ့ကို မကြောက်နဲ့၊ ငါ မင်းကို ဘာမှမလုပ်ဘူး ဟား၊ ဟား၊ ဟား"

စုန်းထီးကြီး အော်ရယ်နေတုန်းမှာ ကျုပ်က ခပ်မြန်မြန် သနပ်ခါး လိမ်းလိုက်တယ်။ ပိုနေလို့တောင် လည်ပင်းတွေဘာတွေ လိမ်းလိုက်သေးတယ်ဗျ။

"လာ မောင်တာတေ၊ ဒီနားလာနေ"

ကျုပ်လိမ်းထားတဲ့ သနပ်ခါးက ခပ်ကျဲကျဲဆိုတော့ ခဏဆို ခြောက်သွားတာပေါ့ဗျာ။ သနပ်ခါးခြောက်ရင် တင်းတာပေါ့ဗျာ။ အဲဒီ တင်းတာကိုပဲ ဒီစုန်းက မခံနိုင်တာဗျို့။

"ဟာ၊ ဟာ၊ ခင်ဗျား တော်တော်ယုတ်မာတာပဲ၊ ကျုပ်ကို လိမ်းတဲ့ သနပ်ခါးက ဘာသနပ်ခါးတုံး"

"အဲဒါ သနပ်ခါးရိုးရိုးမဟုတ်ဘူးကွ၊ ကဝေထောင်ချောက်လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်၊ မင်းတို့လို ကာမသုမိစ္ဆာကံ အမြဲကျူးလွန်နေတဲ့ စုန်းထီးတွေကိုဖမ်းတဲ့ ထောင်ချောက်ပဲကွ မြနွယ်ရ၊ မင်း မြခင်ရဲ့ကိုယ်ထဲကနေ ပြန်ထွက်လို့ မရတော့ဘူး၊ ငါပြောတာက စုန်းပညာသယ်ဘဝနဲ့တော့ ပြန်ထွက်လို့ မရတော့ဘူး။ ဒီတော့ ဒီကလေးမအပေါ်မှာ ပြုစားထားတာတွေ ဖယ်လိုက်။ ပြီးရင် မင်းပညာတွေ အကုန်စွန့်ခဲ့၊ ပညာသယ် မဟုတ်တော့မှ မင်း ဒီကိုယ်ထဲကနေ ထွက်လို့ရတော့မှာ မြနွယ်"

"မင်း တော်တော်ရိုင်းတဲ့ကောင်ပဲ ဆရာစုတ်ရဲ့၊ ဟေ့ကောင် ငါ ငါ အသက်ရှူကျပ်လာပြီနော်၊ ဟေ့ကောင် ငါပူတယ်၊ ပူတယ်"

"မင်းလုပ်ထားတာ မင်းပြန်နုတ်လေ မြနွယ်"

"မနုတ်ဘူးကွာ၊ မနုတ်ဘူး"

"မောင်တာတော၊ ကျုပ်က တယ်ပြီးစိတ်မရှည်ဘူးကွဲ့၊ ရော့ ဟောဒီဖိုခနောက်ပေါ်မှာ ဒါကိုတင်၊ ဒီရေထည့်၊ ဒီထင်းနဲ့ မီးမွှေးစမ်းကွယ်၊ ဟောဒါက တံစူးဝါးသုံးချောင်းနဲ့ လုပ်ထားတဲ့ ဖိုခနောက်ကွဲ့၊ ဒါက ထိပ်ဖွင့်ထားတဲ့ လူခေါင်းခွံ၊ ဟောဒီထင်းချောင်းက ခေါင်းကသစ်သားလေးတွေ။ ဒီရေက ရေလုံအိုးထဲကရေ။ ဒီခေါင်းခွံထဲ ရေထည့်ပြီး ကျိုစမ်းကွယ် မြန်မြန်"

ကျုပ်က မြန်ပြီးသားပါဗျာ။ အိမ်သားတွေဆီက သံပြားတစ်ချပ်တောင်းပြီး ခံလိုက်တယ်။ တံစူးဝါးသုံးချောင်းကို ဖောက်ထား




www.burmeseclassic.com

www.burmeseclassic.com



တဲ့ အပေါက်ကလေးတွေမှာ အသင့်ပါလာတဲ့ သံချောင်းလေးတွေထိုးပြီး ဖိုခနောက်ကလေး လုပ်လိုက်တယ်။ ခေါင်းပျဉ်ထင်းချောင်းလေးတွေကို ချက်ချင်းမီးမွှေးပြီး လူခေါင်းခွံကို မီးဖိုပေါ်တင်တယ်။ ရေလုံအိုးထဲကရေကို ခေါင်းခွံထဲထည့်ပြီး ရေနွေးကျိုလိုက်တယ်။ ခဏကြာတော့ ရေဆူလာပြီ။



"ဆူပြီ ဆရာကြီး"

"အေး ဆူရင် ဒီအင်းကို ထည့်လိုက်၊ ဒါ သိမ်ဝင်အင်းကွဲ့၊ အားကြီးစွမ်းတယ်၊ ဒီကောင်က ကဝေထောင်ချောက်သနပ်ခါးကို ခံနိုင်ရည် ရှိနေတယ်ကွ"

ကျုပ်က သိမ်ဝင်အင်းကို လူခေါင်းခွံ ရေနွေးအိုးထဲ ထည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဗျ၊ ပူလှချည်ရဲ့ဗျ၊ အောင်မယ်လေး သေပါတော့မယ်ဗျ"

မမြခင် ကြမ်းပြင်မှာ လူးပြီး အော်နေတာပေါ့ဗျာ။ ဒါပေမဲ့ အသံက ယောက်ျားသံကြီးဗျ။

"အောင်မယ်လေး ဆရာရဲ့၊ ကျုပ်ပညာကို ကျုပ် ပြန်နုတ်ပါ့မယ်ဗျ"

"ဟေ့ကောင် စုန်းထီး၊ နုတ်မှာဆိုရင် အခုနုတ်၊ ငါက စိတ်သိပ်ရှည်တဲ့လူ မဟုတ်ဘူး၊ မောင်တာတေ ထင်းတစ်ချောင်း ထပ်ထိုးစမ်းကွယ်"

"အောင်မယ်လေး မလုပ်ပါနဲ့ဗျ၊ နုတ်ပါပြီဗျ၊ နုတ်ပါပြီ"

မမြခင်က လူးလိမ့်နေရာကထပြီး သူ့လက်နဲ့သူ့တစ်ကိုယ်လုံးကို သပ်ချတယ်ဗျ။

"ဘာမှမချန်ထားနဲ့၊ အကုန်သပ်ချလိုက်"

ဆရာအိုက ခပ်ပြတ်ပြတ်အသံနဲ့ အမိန့်ပေးတာဗျ။

"မရှိတော့ပါဘူး ဆရာရယ်၊ အားလုံးဖယ်ပြီးပါပြီဗျာ၊ ကျုပ်ကို သွားခွင့်ပြုပါတော့ဗျာ၊ ကျုပ် ပူလွန်းလို့ သေတော့မယ်ဗျ ဆရာရဲ့"

"ဟေ့ကောင် ငါပြောပြီးသား၊ ပညာသယ်ဘဝနဲ့ ထွက်လို့မရတော့ဘူးကွ၊ မင်းပညာ စွန့်တော့ပေါ့၊ ဇန်းတစ်ချပ်ယူခဲ့ကြ မြန်မြန်"



www.burmeseclassic.com

www.burmeseclassic.com



မမြခင်ရဲ့ အမေကြီးက လင်ဗန်းကြီးတစ်ချပ် ပြေးယူပြီး ပေးတယ်ဗျ။

"ဟော့ကောင် ကြာရင် မင်းအသက်ပါ သေသွားတော့မယ်၊ သိမ်ဝင်အင်းကို ခေါင်းခွံနဲ့ ပြုတ်ရင် ဘယ်စုန်းမှ မခံနိုင်ဘူးကွ၊ မင်းသိလား၊ မင်းပညာတွေ မြန်မြန်စွန့်၊ မစွန့်ရင် မင်းသေသွားလိမ့်မယ်"

"ရက်စက်လိုက်တာ ဆရာရယ်၊ ကျုပ်မှာ ဒီပညာတွေတတ်ဖို့ ဟိုအဝေးကြီးက ယောနယ်ဘက်ကိုသွားပြီး သင်ခဲ့ရတာဗျ၊ စုန်းမကြီးကို ခြေဆုပ်လက်နှယ်ပြုခဲ့ရတာ"

"ခြောက် ဖြစ်မှဖြစ်ရလေ မြနွယ်ရယ်၊ အပါယ်သွားဖို့ကိစ္စကို ဒီလောက်တောင် ခက်ခက်ခဲခဲ လုပ်ခဲ့ရတာကိုး၊ ဟော့ ကြာတယ်၊ မြန်မြန်စွန့်တော့"

"ဝေါ့" "ဝေါ့" "ဝေါ့"

ဟော..အန်ပြီဗျို့၊ အန်ပြီ။ စုန်းထီးကြီး အန်ပြီ။ ဟာ လင်ဗန်းထဲမှာ ဝင်းဝင်းလက်လက် စိမ်းစိမ်းအရည်တွေဗျာ။ ဟာ အဲဒီထဲမှာ ပုလင်လေးသေးသေးလေး တစ်လုံးဗျ။ အရောင်တွေ လက်နေတယ်။

"ဝုန်း"

"ဟဲ့ မြခင်၊ မြခင် သတိထား၊ သတိထား"



www.burmeseclassic.com

www.burmeseclassic.com



“မောင်တာတေ၊ ခြေမန်းကွင်း ချွတ်လိုက်၊ ပြီးရင် ဒီရေနဲ့ မျက်နှာက သနပ်ခါးတွေ ဖျက်ပေးလိုက်”

ဆရာအို ခိုင်းတဲ့အတိုင်း ကျုပ်က မမြခင်မျက်နှာကို ရေနဲ့ တောက်ပြီး အဝတ်နဲ့ ပွတ်ပေးလိုက်တယ်။ ကျုပ်လိမ်းထားတဲ့ သနပ်ခါး လည်း ပြောင်သွားရော မမြခင် သတိရလာတယ်။ အကောင်းပဲဗျ။ သူ ဘာမှ မသိဘူးဗျို့။

ဆရာအိုက မီးညှပ်တစ်ချောင်းတောင်းပြီး စုန်းကီးရဲ့ အန်ဖတ် ထဲက ဝင်းဝင်းလက်လက် ပုလင်းလေးကို ညှပ်ယူလိုက်တယ်။ အဲဒါ လေးကို စက္ကူနဲ့ သေသေချာချာထုပ်ပြီး သိမ်းလိုက်တယ်။ ကျန်တာ တွေကိုတော့ အိမ်သားတွေကို မြေကျင်းနက်နက်တူးပြီး မြှုပ်ခိုင်းလိုက် တယ်။

လူတွေကို ဒုက္ခပေးမယ့် စုန်းတစ်ယောက်တော့ လျော့သွား တာပေါ့ဗျာ။ ဆရာအိုကို ဘန့်ဘွေးကုန်းပို့ပြီး ထနောင်းကုန်းကို ကျုပ် ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ နွားရိုင်းသွင်းချိန် ရှိပြီဗျ။

တာတေ



www.burmeseclassic.com

www.burmeseclassic.com



# မှားရိုက်တဲ့ည

မင်းဘုန်းသိမ်သူ

ည လသာလျက် ရှိသည်။ လသည် လယ်ကွင်းပြင်ကျယ်ကြီးကို ငွေဖျာကြီးဖြင့် ဖုံးအုပ်ထားသကဲ့သို့ လွှမ်းခြုံထားပေသည်။ မိုးဦးကျအခါမို့ လယ်ထွန်ထားသည့် လယ်များက ထွန်သည့်လယ်က

**အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး**

www.burmeseclassic.com

www.burmeseclassic.com



ထွန်ရေးငင်ကြလေပြီ။ လရောင်လက်လက်များက လယ်ကွက်များရှိ ရေပြင်ပေါ်တွင် ပြေးလွှားဆော့ကစားကြသေးသည်။

သံချောင်းသည် ပလိုင်းကို လွယ်ထားလျက်က ဖားမီးအုပ်ကို ခပ်စိုက်စိုက်ချရင်း လယ်ကွင်းတစ်လျှောက် ဖားရိုက်ရသည်မှာ ကွင်း တစ်ကွင်း ကျော်လာပေ၏။ ပလိုင်းထဲတွင် ဖား (၅၀) သားခန့်သာ ရသေးသည်။ အနည်းဆုံး တစ်ပိဿာ နှစ်ပိဿာခန့်ရမှ သူ့အတွက် တွက်ခြေကိုက်ပေလိမ့်မည်။ ယခုတော့ လယ်ကွင်းတွေက ခြေတို အောင် လျှောက်ပေဦးတော့ သံချောင်းရေ၊ မိုးရေထဲမှာ လျှောက်ပေဦး တော့။

လယ်ကွင်းပြင် ရေဖွေးဖွေးတွင် သူလိုပဲ ဖားရိုက်ထွက်သူတွေ များလှသည်ဟု မဆိုသာပေ။ မီးအိမ်လက်လက်ဝါဝါကလေးများကို ဟိုတစ်ခု သည်တစ်ခု တွေ့ရလေသည်။ တချို့တစ်ယောက်၊ တချို့ နှစ်ယောက်၊ အုပ်စုလိုက်တွင်ပင်ပါသည်။

သံချောင်းသည် တဖြည်းဖြည်း လျှောက်လာသည်မှာ လယ် ကွင်းနှစ်ကွင်းကိုပင် ကျော်လာသည်။ သူ့ရွာသည် ဟိုးဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီ။ ကိုယ့်အရိပ်ကိုပင် မမြင်ရတော့ပြီ။ လရောင်အောက်တွင် အိပ်မောကျ ငြိမ်သက်နေလေ၏။

တဖြည်းဖြည်း ရိုက်လာခဲ့ရာ ပလိုင်းပင် ပြည့်လုပြည့်ခင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပြီး ကွင်းနှစ်ကွင်းကို ကျော်လာခဲ့ပြီဖြစ်ပေရာ ဖားရိုက်သူတွေကိုလည်း တစ်ယောက်စ နှစ်ယောက်စသာ တွေ့နေရပြီ ဖြစ်သည်။ မိုးရောင်လက်လက်လေးတွေ ဟိုသည်တွေ သွားနေကြသည်။

ယခုမှပင် ရင်ထဲမှာ ချမ်းစိမ့်စိမ့် ဖြစ်လာသည်။ တစ်ပက်လောက် ချလိုက်ရရင် ကောင်းမည်ဟု တွေးလိုက်သည်။ ခါးကြားတွင် ထိုးထားသော ပုလင်းကို စမ်းကြည့်လိုက်ရာမှ အရက်သောက်ချင်စိတ် တဖွားဖွား ပေါ်လာတော့သည်။ ရုတ်တရက် မိုးက တစ်ပြိုက် နှစ်ပြိုက် ရွာလာပြန်သည်။ တံတွေးကို မျိုချလိုက်မိသည်။ ကောင်းကင်မှ တစက်စက် ခုန်ဆင်းလာသော မိုးပေါက်တွေက အပေါ်အင်္ကျီဗလာ ဝတ်ထားသော သူ့ကျောကုန်းပေါ်သို့ မညှာမတာ ခုန်ဆင်းနေကြရာ စပ်ဖျဉ်းဖျဉ်း ဖြစ်လာလေသည်။ မိုးက ဆက်၍ရွာနေသည်။ တိတ်မည့်ဟန်မပေါ်။

"ဟီး ဟီး ချမ်းလိုက်တာ၊ မိုးကလည်း သည်းလာပြီနော်"

သူသည် ဘေးဘီဝဲယာသို့ ကြည့်လိုက်သည်။ မိုးမှုန်တွေ ဝဲပျံနေသည့် ပတ်ဝန်းကျင်တွင် မည်သည့်အရာမျှ သဲသဲကွဲကွဲ မမြင်ရတော့။ ညသည် ကြောက်မက်ဖွယ်ရုန့်ဖြင့် တိတ်ဆိတ်လာသည့် ပတ်ဝန်းကျင်တွင် ဖားရိုက်ဖော်တွေပင် မတွေ့ရတော့။ ရွာတွေကို မမှတ်မိလောက်အောင် မိုးမှုန်တွေ ကျနေခြင်းဖြစ်သည်။ လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တခိုနားပြီး အရက်ကလေး သောက်လိုက်ချင်သည်။ ပြီးမှ လှည့်ပြန်တော့မည်။

သံချောင်းသည် ဟိုဟိုသည်သည် လှည့်ကြည့်လိုက်သည်။ ဟိုဝေးဝေး မှုန်ဝါးဝါးတွင် မိုးမှုန်များကြားတွင် မီးခွက်လက်လက် ကလေးတစ်ခုကို မြင်လိုက်ရ၍ အားတက်သွားသည်။ ထိုတဲကလေးဆီသို့ ခြေလှမ်းကို ရွေ့လိုက်သည်။

တဲကလေးနှင့် တဖြည်းဖြည်း နီးလာသည်။ တဲကလေးသည် ၁၀ ပေပတ်လည်ခန့်ရှိ လယ်စောင့်တဲကလေးသာဖြစ်ပြီး မီးတွင် မြင်ရခြင်းဖြင့် လူရှိမှာ သေချာသည်။ ထို့ကြောင့် တဲနားသို့ တဖြည်းဖြည်း တိုးကပ်နိုင်သမျှ တိုးကပ်လိုက်ပြီး...

"ဗျို့...တဲရှင်တို့ တဲရှင်တို့၊ ကျုပ် ဝင်လာပါရစေ"

လှမ်းအော်လိုက်လေသည်။ ရုတ်တရက် တဲတွင်းမှ ချောင်းဟန့်သံ ထွက်လာသည်။ 'ဝင်ခဲ့' ဟု အံ့သြသွားသည်။ မိန်းမကြီးတစ်ယောက်၏ သြရှရှအသံ။ သူသည် လွယ်ထားသော ပလိုင်းကို ချကာ မီးအုပ်ကို တဲတွင်းသို့ မျက်နှာမူလိုက်သည်။ တဲတွင်းသည် မီးအလင်းဖြင့် ပို၍လင်းသွားသည်။ သူလှမ်းကြည့်လိုက်တော့ မိန်းမကြီး တစ်ယောက် တဲတွင်းတွင် ထင်းမီးဖိုထိုးနေသည်။ ဘာတွေချက်ပြုတ်နေပါလိမ့်။ မီးဖိုခွင်ပေါ်မှာတော့ မည်သည့်အိုးမျှ မတွေ့ရ။ မီးကို



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်ရန် မီးထိုးခြင်းသာ ဖြစ်သည်။ သို့သော် မီးဖိုဘေးတွင် ဓလုံတစ်လုံး ချထားသည်ကို တွေ့ရသည်။

သံချောင်းသည် ရေစိုလုံချည်ကို ရေညှစ်သည်။ ပလိုင်းကို တဲဝတွင် ချိတ်လိုက်၏။ မီးဖိုကို မြင်ရလေမှ ရင်ထဲမှာ နွေးထွေးသွားသလို ခံစားလိုက်ရသည်။ သူတဲအတွင်းသို့ ဝင်လာခြင်း၊ အသံပြုခြင်း၊ လုံချည်ရေညှစ်ခြင်း၊ ပလိုင်းကို တဲဝတွင် ချိတ်လိုက်ခြင်း စသည့် လှုပ်ရှားမှုများကို ကျောပေးထိုင်နေသော မိန်းမကြီးက တစ်ချက်ကလေးပင် ငဲ့ကြည့်ပုံမရပေ။ 'ဝင်ခဲ့' ဟူသည့် စကားတစ်လုံးပြောပြီး မီးဖိုကို မီးဆက်ဖိုနေတုန်း။ သူရှိရာနောက်ကို တစ်ချက်ကလေးမျှပင် ငဲ့မကြည့်သေးပေ။ ပြီးတော့ မိန်းမကြီးသည် ထဘီကို ရင်လျားထားသေးသည်။ မီးရောင်အောက်တွင် နက်မှောင်သော အသားအရေကြောင့် သံချောင်း ရင်ထဲ အူလည်လည် ဖြစ်သွားသေးသည်။

"ဒီမိန်းမကြီးနှယ်၊ လူစိမ်းတစ်ယောက် တဲထဲဝင်လာတာတောင် ဂရုစိုက်ဖော် မရဘူး၊ လောကွတ်ပြုဖို့တောင် စိတ်ကူးမရှိဘူး"

"ဒီမယ် . . . ဒီမယ် အဒေါ်ကြီး၊ ကျုပ် မီးလှုံချင်တယ်ဗျာ"

မိန်းမကြီးသည် သံချောင်းကို ငဲ့စောင်း၍မျှပင် မကြည့်ပေ။ တရှိန်ရှိန် တောက်နေသော မီးပုံကို မီးဆက်ထိုးနေသည်။ သံချောင်းကို ငဲ့၍မျှပင် မကြည့်ချေ။ ထိုသံချောင်း၏ မျက်လုံးများက မိန်းမကြီးဘေး



www.burmeseclassic.com

www.burmeseclassic.com



မှာ ချထားသော ဇလုံထဲသို့ ငုံ့ကြည့်လိုက်မိသည်။ မျက်လုံးပြူးသွားသည်။

"စားဖား၊ စားဖားတွေပါလား၊ အရှင်တွေပါလား"

ဇလုံထဲတွင် ရောမ စားဖားကြီးများသည် မျက်လုံးပြူးကြောင်ကြောင်နှင့် မသေမရှင်တွေ၊ အသက်ဝင်နေသော တလှုပ်လှုပ်တရွရွကောင်တွေ၊ ရောမဖားကြီးတွေ ဖြစ်သည်။ ဒီမိန်းမကြီး ဖားတွေကို ဘယ်လိုဖမ်းပါလိမ့်။ ဒါမှမဟုတ် တစ်ယောက်ယောက် ဖမ်းထားတာလား။ သံချောင်းပင်လျှင် အဲသလောက် ရောမစားဖားကြီးမျိုးတွေကို မဖမ်းနိုင်သေး။ ဖားရှာ၊ ငါးရှာ ကျွမ်းသော သံချောင်းလိုလူပင် သည်လိုကြီးမားလှသည့် စားဖားကြီးမျိုးကို မရှာဖွေနိုင်။ မိုးအေးအေးထဲမှာ ထဘီရင်လျားနှင့် မိန်းမကြီးက ဘယ်လိုမိန်းမကြီးပါလဲ။

သံချောင်းသည် ဇဝေဇဝါအတွေးဖြင့် ငေးကြောင်ကြည့်နေစဉ်မှာပင် မိန်းမကြီးသည် ဇလုံထဲမှ မသေမရှင် ဖြစ်နေသော ဖားတစ်ကောင်ကို ဆတ်ကနဲ ကောက်ကိုင်ကာ မီးပုံထဲသို့ ပစ်ထည့်လိုက်လေသည်။ တဖျစ်ဖျစ် မြည်ကာ အသားညှော်နံ့ ထွက်လာသည်။

"ဘုရား...ဘုရား၊ ဘယ်လိုပါလိမ့်"

သူ အထိတ်တလန့် ငေးကြည့်နေဆဲမှာပင် မီးလျှံကြားထဲမှာ ဖားကြီးသည် တွန့်လိမ်ကောက်ကွေး အကြောတွေဆွဲကာ...



www.burmeseclassic.com

www.burmeseclassic.com



"အား…အား"

"အောင်မယ်လေး ဖားအော်သံက လူအော်သံလိုပါပဲလား၊ ဘုရား…ဘုရား"

သံချောင်းသည် လေဖြတ်ခံရသူလို လန့်ဖျပ်ကြောင်အကာ မီးပူရှိန်ကြောင့် ဖားအော်သံက လူအော်သံကဲ့သို့ ထွက်နေသည်။ နာကျင်စွာ အော်နေသော လူတစ်ယောက်အသံ။

"ငါ ဒီတဲထဲကို ဝင်လာတာ မှားပြီ၊ မှားပြီ"

ရင်ထဲမှာ မွန်းကြပ်သလို ခံစားနေရစဉ်မှာပင် မိန်းမကြီးသည် မီးရှိန်ကြောင့် တွန့်လိမ်ကောက်ကွေးနေသော ဖားကြီးကို ဆတ်ကနဲ ကောက်ကိုင်ကာ မကျက်တကျက် အစိမ်းလိုက်ပင် ကောက်စားလေသည်။ အားရပါးရ မြိန်ရည်ယှက်ရည် ကိုက်ဝါးနေခြင်းပင်တည်း။

"ဘုရားရေ…လူမှဟုတ်ရဲ့လား၊ သရဲ…သရဲမကြီး"

မိန်းမကြီးသည် ဖားမသေမရှင်ကြီးကို ကောက်စားနေစဉ်မှာပင် နောက်ထပ်တစ်ကောင်ကို မီးဖိုထဲ ထပ်ထည့်လိုက်ပြန်သည်။ အကြောဆွဲကာ ထခုန်လိုက်လေသည်။

"အူး…အား…အား…"

လူတစ်ယောက်အသံကဲ့သို့ ဖားဆီမှ အသံထွက်လာပြန်သည်။ ထို့နောက် မိန်းမကြီးသည် ဖားအရှင်ကို ကောက်ကိုင်လိုက်ကာ တဂျွတ်



www.burmeseclassic.com

www.burmeseclassic.com



ဂျွတ်မြည်အောင် ကောက်စားလိုက်ပြန်သည်။ နောက်ထပ်တစ်ကောင် ထပ်ထည့်လိုက်ပြန်သည်။ ပြီးတော့ တစ်ကောင်ပြီး တစ်ကောင် သံချောင်းကား အခြေအနေကို ရိပ်မိသွားပေပြီ။ နောက်သို့ ခြေနှစ်လှမ်း ဆုတ်ကာ မီးအုပ်ဆောင်း ပလိုင်းတို့ကိုပင် မယူနိုင်ဘဲ ဒရောသောပါး ပြေးထွက်သွားလေတော့သည်။

နောက်တစ်နေ့ မိုးလင်းသောအခါ ရွာမှလူငယ်အချို့နှင့် ယမန်နေ့ညကနေရာကို သွားရောက်ရှာဖွေရာ လယ်တဲကို မတွေ့ရ သည့်သာမက သင်္ချိုင်းဟောင်း၏အစပ်တွင် မီးဖိုပြာပုံအချို့ကိုသာ တွေ့လိုက်ရလေသည်တကား။ ထို့အတူ ပြိုလဲနေသော မီးအုပ်ဆောင်း နှင့် ပလိုင်းထဲတွင် ဖားများ မတွေ့ရတော့ဘဲ ဖားရိုးအကြွင်းအကျန် များကိုသာ ထူးဆန်းစွာ တွေ့လိုက်ရပေသည်။ သင်္ချိုင်းဟောင်းသည် ရွာနှစ်ရွာကြားတွင် အခြောက်အလှန့်ကြီးသည်ဟု သတင်းထွက်နေ၏။

"သူက ငါ့ကို အစိမ်းသရဲ ခြောက်လှန့်လိုက်တာပဲပေါ့၊ တော်ပြီ၊ နောက်ဆိုရင် ညဘက် ဖားရိုက်မထွက်တော့ဘူး"

မင်းဘုန်းသိခ်သူ



www.burmeseclassic.com

www.burmeseclassic.com



# ရက်လည်ဆွမ်းသွတ်ကာပြန်လာတဲ့ တစ္ဆေစုံတွဲ

မင်းအိမ်ခန့်

အမှန်ပြောရရင် သူက တက္ကစီယာဉ်မောင်းသမား။ တက္ကစီသမားဆိုတော့ သိတဲ့အတိုင်း လူအမျိုးမျိုးစိတ်အထွေထွေ စရိုက်အဖုံဖုံနဲ့ ကြုံတွေ့လာခဲ့ရတာပြောရရင် သူ့တက္ကစီမောင်းသမားဘဝ

အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး



www.burmeseclassic.com

www.burmeseclassic.com



သက်တမ်းတစ်လျှောက်ပဲ။ တက္ကစီယာဉ်မောင်းဆိုတာက တစ်နေ့တာအတွက် ခွေကို ကိုင်ပြီဆိုတာနဲ့ ဆီဖိုး၊ ဂက်စ်ဖိုး၊ အုံနာခ၊ ကွမ်းစားဆေးသောက်အပြင် ညနေအိမ်ပြန်ရင် ကိုယ့်အတွက် ဘာဖိုးညာဖိုးအပြင် မယားအတွက် သားအတွက် အနိမ့်ဆုံး တစ်ပုလင်း၊ တစ်ပုလင်းခွဲလောက်ပါမှ ဖြစ်တာလေ။ ဒီတော့ ကားပေါ်တက်ထိုင်၊ အိမ်ကထွက်ပြီဆိုတာနဲ့ ခွေကိုကိုင်ဦးတိုက်၊ ရသမျှ လာဘ်ဝင်ဂါထာတွေ၊ ဘုရားရှိခိုးတွေ၊ ငွေဝင်ဂါထာ၊ ညှို့လာဂါထာတွေနဲ့ ကားကိုစက်နှိုးသလို ကိုယ့်စိတ်ကိုလည်း စက်နှိုးပြီးထွက်ရတာ။ အဲဒါတောင် မိုးလင်းကမိုးချုပ် ညနေ နေဝင်ရင် ပြောခဲ့သလို အုံနာခကြေးနဲ့ အတွေတွေဖယ်ပြီး ကိုယ့်အတွက် ထမင်းဖိုး၊ ဟင်းဖိုးကျန်အောင် မျက်လုံးကကျီးကန်းတောင်းမှောက်သလို ရှာဖွေရတာ။ ဒါတောင် အုံနာခမရတဲ့နေ့တွေ ရှိသေးတယ်။ ဆိုရရင် အမြဲတမ်း ရန်ကုန်မြို့ထဲက လမ်းတွေပေါ်ကျီးကန်းတစ်ကောင်လို ပြူးပြဲပြီး ဘီးကိုတစ်လှိမ့်ချင်းလှိမ့်နေရတာ။

ဘယ်ဗျာ၊ ကားစတင်းန်းတွေ ဂိတ်တွေမှာ ကားနားပြီးအိပ်နေလို့ ဘယ်ကခရီးသည်လာမှာလဲဗျ။ သိတဲ့အတိုင်း ခေတ်ကြီးကဈေးကွက်စီးပွားရေးစနစ်နဲ့ခေတ်။ လူတွေရော၊ တိရစ္ဆာန်တွေရောစားသုတ်သုတ်၊ သွားသုတ်သုတ်၊ လာသုတ်သုတ်၊ လုပ်သုတ်သုတ်၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်သုတ်သုတ်၊ အရာရာ သုတ်သုတ် သုတ်သုတ်နဲ့ ရေးစာထဲက လိုပေါ့ဗျာ။ 'သုတ်သုတ် စားလျှင် ခရီးနှင်သည်၊ တို့လျှင် ညည့်သည် တွေပါတကား' လိုပေါ့။ မသုတ်လို့လည်း မဖြစ်ဘူး။ ဈေးကွက်စီးပွား ရေးခေတ်ကြီးထဲမှာ ဝယ်သူက အမှန်၊ ဝယ်သူ ကိုယ့်ဆီ မလာရင် ကိုယ်က ဝယ်သူထံကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးရတဲ့စနစ်။ ခင်ဗျားတို့လည်း တစ်ကြိမ်တစ်ခါမက ကျုပ်တို့တက္ကစီတွေကို ငှားစီး ဖူးကြမှာပဲ။ ငှားလာတုန်းက ရပ်ကွက်တိပ်လောက် ပြောငှားပြီး နောက် ဆုံးကျ ချိုင့်ကျင်း ကမူတွေနဲ့ လမ်းကျဉ်းလမ်းဆိုးနဲ့ နောက်ပိတ်ဆုံး တဲသာသာအိမ်ရှေ့ထိ မညည်းမညူ လိုက်ပို့ပေးရတာပဲလေ။ ဥပမာ- ကိုယ်ချင်းစာနာတဲ့စိတ်နဲ့ ကိုယ့်အိမ်နဲ့ နီးနေပြီပဲဗျာ။ ကားသမားဘက် ငဲ့ညှာပြီး ငါးမိနစ်၊ ဆယ်မိနစ် လမ်းဆင်းလျှောက် လိုက်ရင်ရနေပြီ။ မဟုတ်ဘူးဗျာ၊ အိမ်ရှေ့ တည့်တည့် ကားရပ်မှ ဆင်းတော်မူတယ်။ အဲလို တစ်ဖက်စောင်းနင်း အတ္တကြီးမားတဲ့ စာနာစိတ်ကင်းတဲ့ ဝယ်လိုသူတွေနဲ့ ကြုံခဲ့ရတာလည်း မရေမတွက်နိုင်ဘူး။ ကိုယ်က သူပိုက်ဆံပေးမှ ရတော့မှာကိုး။ နောက်ရောင်းလိုသူကိုး။ ကျုပ်တို့ မြန်မာလူမျိုးတွေနဲ့ ပတ်သက်ပြီး တက္ကစီသမားဘဝမှာ သံဝေဂရ ဖွယ်ရာတွေ အများကြီး။

ကျုပ် ပြောပြီးပြီ။ လူအမျိုး၊ စိတ်အထွေထွေ။ စရိုက်အဖုံဖုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ရတာ မရေမတွက်နိုင်တော့ပါဘူးဆို။ ဒါက လူ့လောကက မြင်တွေ့ရှောင်ရှားလို့ရတဲ့ လူတွေပဲ ရှိသေးတာရယ်။ အခု ကျုပ်ပြောပြမယ့် ဝိညာဉ်လောက၊ ပရလောက၊ နာမ်လောကကြီးထဲက ဥစ္စာစောင့်တွေ၊ အစိမ်းသရဲ၊ ဘီလူးသဘက်၊ မှင်စာ ဆိုတဲ့ ပရလောကသားအများစုကတော့ မကြုံချင်လည်း ကြုံချင်ကြုံရတတ်သလို၊ မဆုံချင်ဘဲလည်း ဆုံချင်ဆုံရတတ်တယ်။ ရှောင်ရှားလို့ ရချင်မှရတာရယ်။ ဘာပြုလို့လဲဆိုတော့ သူတို့တွေက ကုသိုလ်ကံ အကုသိုလ်ကံ အကြီးအသေး၊ အနုအရင့်တွေနဲ့ ပြီးတော့ အစွဲအလန်း၊ ဉပါဒါန်တွေနဲ့ လူ့ဘုံလူ့ဘဝကနေ ခန္ဓာရုပ်နာမ်ကြီး ပျက်စီးလို့ စွန့်ခွာပြီး နာမ်လောကရောက်သွားပေမယ့် အများစုက အစွဲအလန်း၊ ဉပါဒါန်တွေနဲ့ အထက်ဘုံတွေဆီ မရောက်ဘဲ ဝေမာနိကတွေအဖြစ် လမ်းတွေ၊ အိမ်တွေ၊ မီးတွယ်ရာတွေမှာ ဥဒဟို အခြေမဲ့အနေမဲ့တွေပမာ သွားလာကျင်လည်နေကြရတာကိုး။ အမျှအတန်း ဝေငှသူမရှိ၊ ကယ်သူ ဆယ်သူ မရှိဘဲ ဆိုးရွားလှတဲ့ ပြိတ္တာဘုံသားတွေအဖြစ် အချို့ နှစ်ရာထောင်ချီအောင် ကျင်လည်နေကြရတယ်လို့ ကျုပ်နဲ့ ခင်မင်ရင်းနှီးနေတဲ့ စာရေးဆရာတစ်ဦးက ပြောပြတယ်။ စာတွေပေတွေထဲမှာလည်း ပြိတ္တာဘုံသားတွေက အမျိုးမျိုးရှိတယ်လို့ ပြောတယ်။ အားလုံးတော့ ကျုပ်လည်း မသိပါဘူး။ အဲဒီထဲမှာမှ လူတွေသိထားကြတဲ့ အစိမ်းသေလို့ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ ရေနစ်၊ ကားတိုက်၊ မြွေကိုက်၊ ဓားခုတ်၊ လှံထိုး၊ အဆိပ်သောက်၊ ကြိုးဆွဲချ အစရှိကြတဲ့ သေခြင်းကောင်း မဟုတ်တဲ့ သေခြင်းဆိုး အမျိုးမျိုးနဲ့ ဥပစ္ဆေဒကကံနဲ့ ဘဝတစ်ပါးတိမ်းပါးခဲ့ကြသူတွေက ပိုပြီးအစွဲအလန်း၊ အခြောက်အလှန့်ထူပြောတယ်။ ကျွတ်လွတ်ဖို့ သက်တမ်းပိုရှည်ကြတယ်တဲ့။ အဲဒီစာရေးဆရာက ပြောပြတာ။ ခုန ပြောခဲ့သလိုပဲ ကျုပ်က တက္ကစီသမားဆိုတော့ သက်ရှိထင်ရှား လူမျိုးစုံနဲ့ တွေ့ကြုံရသလို သက်မရှိပေမဲ့ ဥဒဟိုသွားလာကျင်လည်နေကြတဲ့ ပြိတ္တာဘုံသား၊ တစ္ဆေသရဲတွေနဲ့လည်း မကြာခဏတွေ့ရတတ်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ်က ခုနပြောခဲ့သလို အုံနာခနဲ့ဆီဖိုးမရရင် များသောအားဖြင့် ညကြီးပိုင်းပါ ကားဆွဲရတာကိုး။

ခု ကျုပ်ပြောပြမှာက အဲလိုညကြီးပိုင်းဆွဲတုန်း အမှတ်မထင် သရဲထီးနဲ့ သရဲမစုံတွဲကို လူတွေထင်ပြီး ကားငှားလို့ လိုက်ပို့ခဲ့ရတဲ့ အဖြစ်ကို ပြောပြမှာ။ ကျုပ်တင် ဘယ်ကမလဲဗျာ၊ ညကြီးပိုင်းဆွဲတဲ့ ကျုပ်တို့လို တက္ကစီသမားတွေ၊ အဝေးပြေးကား အဝေးပြေးဝင်း၊ ကားရပ်နားစခန်းတွေကစပြီး အဝေးပြေးသမားတွေရော၊ မြို့တွင်း မြို့ပြင် အငှားယာဉ်မောင်းသမားတွေအတွက်က ညနဲ့တစ္ဆေ၊ သရဲ ပုံပြင်တွေဆိုတာ အနည်းဆုံး ဘယ်သူမဆို အနည်းနဲ့ အများကြုံဖူးကြတယ် ဆရာရေ။ ပြောရင် ယုံစရာတောင် မရှိဘူး။ သူတို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်ကလူတွေ၊ ကားသမားတွေကလည်း လမ်းပေါ်ကလူတွေ ဆိုတော့ အမှတ်မထင် ကြုံချင်ကြုံရတာပဲရယ်။ ဆရာ တတ်နိုင်ရင် ရန်ကုန်တစ်မြို့လုံးက ညကြီးပိုင်းမောင်းတဲ့ တက္ကစီသမားတိုင်း လိုက်မေးကြည့်။ ရေပက်မဝင်သူတို့ ကြုံတွေ့ရတာတွေ ပြောလိမ့်မယ်။ ယုံတာ မယုံတာတော့ နားထောင်တဲ့သူရဲ့အလုပ်ပဲလေ။ ဒီအစိမ်းသရဲ၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေအကြောင်း မရှိဘဲနဲ့ ဘုရားရှင်က မိန့်ဖော်ခဲ့မှာလား ဆရာရဲ့။

ခု ပြောပြမှာက ကျုပ်အဖြစ်အပျက်ပါ။

ဟာ…ဆရာကလည်း တစ္ဆေမောင်နှံပါဆိုမှတော့ သရဲထီးနဲ့ သရဲမပေါ့ ဆရာရဲ့။ ဗုဒ္ဓရဲ့ကျမ်းတွေ ဓမ္မစာပေတွေမှာရော၊ ဟိုရဟန္တာ အပါးငါးရာ တရားကျင့်မရတဲ့ နှောင့်ယှက်ကြတဲ့တောမှာ ကြည့်လေ။ မေတ္တာမပို့ဘဲ မပွားဘဲ တရားရှုကြလို့ ကလေးတွေ တိုးလို့တွဲလောင်းနဲ့ ဖနီးမယားတွေနဲ့ နေရထိုင်ရခက်လို့ တရားမကျင့်နိုင်အောင် နှောင့်ယှက်ကြလို့ ရဟန်းငါးရာလုံး ဘုရားရှင်ထံ ပြန်လျှောက်ပြီး ဘုရားရှင် ကမေတ္တာသုတ် ပရိတ်သင်ကြားပေးလိုက်မှ အနံ့အသက်တွေ၊ ဆိုးရွားတဲ့ ရုပ်ဆင်းတွေ၊အသံဗလံတွေနဲ့ မနှောင့်ယှက်တော့တဲ့အကြောင်း မေတ္တာ သုတ်ပရိတ်တော်မှာ ပါတယ်လေ ဆရာရဲ့။ အဲဒါကိုကြည့်ရင် တစ္ဆေ သရဲ၊ ပေတ၊ ပြိတ္တာလောကမှာလည်း လူ့ဘုံလူ့လောကတွေလိုပဲ ဇနီး



www.burmeseclassic.com

မယားတွေ၊ သမီးသားတွေ၊ ကြင်ဖော်တွေ စုံတွဲတွေ ရှိတာ သေချာတာ ပေါ့။ နောက် နတ်ဘုံမှာလည်း နတ်သား နတ်သမီးတွေ ရှိတယ်လေ ဆရာ။ ၃၁ ဘုံမှာ အားလုံးက လူ့ဘုံ [illegible] ဘုံနဲ့သူ သမုတိဘုံတွေ လည်း ရှိတာကိုး။

အဲဒီတစ္ဆေထီးနဲ့ တစ္ဆေမစုံတွဲ အခြောက်ခံရတဲ့နေရာက တောင်ဒဂုံအထွက် ကျောက်လမ်းမအလွန်လေးမှာ ဆရာ။ အဲဒီနေ့က တစ်နေ့လုံး ကားဆွဲမကောင်းလို့ စီးပွားရေးတက္ကသိုလ်ဘက် ငှားလို့ အရဲစွန့်ပြီး လိုက်ပို့တာရယ်။ အမှန်တော့ ကျုပ်က အသက်ကလည်း ကြီးပြီ၊ မြို့ပြင်လည်းဖြစ်တော့ ကားငှားတဲ့သူအခြေအနေကိုကြည့်ပြီး လိုက်ပို့ရတာ။ ငှားတာက အဘွားကြီးနဲ့ ကျုပ်မြေးအရွယ်ဆိုတော့ လိုက်ပို့ပေးတာ။ ဒဂုံမြို့ထိပ်ကဆိုတော့ သိပ်မဝေးလှပါဘူး။ အပြန်မှာ ညကိုးနာရီလောက်တော့ရှိရောပေါ့။ ကားအသွားအလာကမပြတ် သေးပါဘူး။ အဲဒီမှာ ရွာသာကြီးကားလိုင်စင်ရုံးနားရောက်တော့ ကျုပ် ကားကို အသက်(၂၀)ကျော်လောက်ရှိတဲ့ လူငယ်လေးစုံတွဲက တားတယ်။ အချိန်က ကိုးနာရီခွဲလောက်တော့ ရှိပြီပေါ့။ ကျုပ်လည်း ဆယ့်တစ်နာရီလောက်အထိတစ်ကြောင်း၊ နှစ်ကြောင်းလောက်ဆွဲပြီးရင် ကားနားပြီး ပြန်တော့မှာဆိုတော့ အရှံသင့်ပဲဆိုပြီး စိတ်ထဲမသိမသာ ပျော်သွားရတာပေါ့။

www.burmeseclassic.com



ဒါနဲ့ပဲ ကျုပ် သူတို့အနား ကားရပ်ပေးလိုက်တယ်။ သူတို့နှစ်ယောက်က မှောင်ရိပ်မကျတကျမှာ ရပ်နေခဲ့တာ။ ဘာပြုလို့လဲဆိုတော့ အမှတ်(၂)လမ်းမကြီးရဲ့ လမ်းမီးတိုင်တွေကလည်း မလင်းတစ်ဝက် လင်းတစ်ဝက်ဆိုတော့ မသိမသာလေး အမှောင်ရိပ်ကျနေတာပေါ့လေ။ ရွာသာကြီး သားသတ်ရုံနဲ့ မလှမ်းမကမ်းလေးရယ်။ ကျုပ်က

"ဦးကြီး ကားအားသလားခင်ဗျာ"

"ဘယ်သွားမလို့လဲ၊ ငါ့တူ"

"ကျွန်တော်တို့ မြောက်ဒဂုံကဒဂုံတက္ကသိုလ်နား သွားမလို့ပါ"

"ဩော်...အားပါတယ်ကွယ့်၊ တက်လေ၊ အဲ ဒါပေမဲ့ ခုနှစ်ထောင်လောက်တော့ ပေးမှရမှာနော် ငါ့တူ၊ မိုးက ချုပ်နေပြီ"

"ရ...ရပါတယ်၊ ဦးကြီး၊ လိုက်ပို့ပေးတာပဲ ကျေး..ကျေးဇူးပါခင်ဗျာ၊ ဒေစီ တက်လေ၊ ကားရပြီ"

ကောင်လေးက ရည်ရည်မွန်မွန်လေးပါ။ တစ်ခုရှိတာက ဘာကြောင့်မှန်းမသိဘဲ စကားပြောပုံဆိုပုံက အက်အက်ကွဲကွဲနဲ့တုန်ခတ်ခတ်ရယ်။ နောက်ပြီး ထူးခြားနေတာက ကောင်လေးရဲ့ကျောမှာကျောပိုးအိတ်ကလေး လွယ်ထားပေမယ့် အသားအရေက ရှိသင့်တာထက်ပိုပြီး ဖြူဖတ်ဖြူရော်နိုင်နေသလားလို့ ကျုပ်က ထင်လိုက်မိသား။ နေထိုင်မကောင်းတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ အဲဒီကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ စကားအဆုံးမှာ နောက်မှာရပ်နေတဲ့ ကောင်မလေးက ဖျတ်ကနဲ ရှေ့တိုးလာပြီး ခေါင်းလေးငုံ့ပြီး ကောင်လေးဖွင့်ပေးတဲ့ တံခါးကနေ ကားထဲလှမ်းဝင်လိုက်တယ်။ ကျုပ် သတိပြုမိလိုက်တာက ကောင်မလေးရဲ့ ပခုံးမှာ လွယ်အိတ်လေးပါနေသလို ရှည်လျားနက်မှောင်နေတဲ့ ဆံပင်ကြီးက ကောင်မလေးရဲ့ ငုံ့ထားတဲ့ မျက်နှာကို ဖုံးအုပ်ထားတာပဲ။ ကျုပ်စိတ်ထင်ကြည့်ရတာ အိမ်ပြန်ချိန်နောက်ကျတဲ့စုံတွဲလား၊ ဒါမှမဟုတ် မိဘမောင်ဘွားတွေမသိအောင် ခိုးရာလိုက်ပြေးတဲ့ စုံတွဲလားပေါ့လေ။ ဟိုတွေး ဒီတွေးပေါ့။ မိနစ်ပိုင်းလေးပါပဲ။

သူတို့နှစ်ယောက် ကားထဲရောက်တာနဲ့ ကျုပ်လည်း ကားကို ဘီးလှိမ့်ထွက်လိုက်တယ်။

အဲဒီမှာ ရုတ်တရက် ထူးခြားတာက ကျုပ်ကားအထွက်မှာ ရုတ်တရက် ပျို့ချင်အန်ချင်စရာကောင်းတဲ့ မသတီစရာ အပုပ်နံ့ဆိုးဆိုးကြီးတစ်ခုက ကျုပ်နှာခေါင်းဝဆီ ရောက်လာခဲ့တာပဲ။ ကျုပ် အော်ဂလီဆန်မတတ်ဖြစ်သွားရင်း ကားကို အမြန်မောင်းထွက်လိုက်တယ်။ ဘာပြုလို့လဲဆိုတော့ မလှမ်းမကမ်းမှာ ရွာသာကြီး သားသတ်ရုံကရှိနေတာကိုး။ အဲဒီက အပုပ်နံ့ သားသတ်နံ့ကို ရလိုက်တယ်ထင်တာကိုး။ သိပ်မကြာခင်...

"ဦး...ဦးလေးကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…"

"ဟို…ဦးလေးကြီးရဲ့ ကားမီးကို ပိတ် ပိတ်ထားပေးပါလား ခင်ဗျ၊ ကျ…ကျွန်တော်တို့ မနေတတ်လို့ပါ"

"ဩော်…အေး အေး၊ ရပါတယ်ကွယ်"

နောက်ခန်းထဲက ကောင်လေးရဲ့ လေသံအက်ကွဲကွဲလေးက ထွက်ပေါ်လာလို့ ကျုပ်က ကားထဲက မီးပွင့်လေးကို ဖျတ်ကနဲ ငြိမ်း ပေးလိုက်ပါတယ်။ မီးမငြိမ်းခင် ကျုပ်နောက်ကြည့်မှန်လေးထဲကနေ မသိမသာ လှမ်းကြည့်လိုက်တော့ ကောင်မလေးက ကောင်လေးရင်ခွင် ထဲ ခေါင်းလေးငိုက်လို့ ဆရာ။ ငယ်နုတဲ့ ကလေးအရွယ်တွေကိုး။ သူတို့နှစ်ယောက်ဆီက ဘာသံမှ ထွက်မလာတော့ဘူး။

ခက်တာက ကျုပ်ကားမောင်းနေရင်းက တစ်ခါတစ်ရံ ဘယ်က ဘယ်လိုနံ့မှန်း မသိရတဲ့ ပုပ်အဲ့အဲ့အနံ့ကြီးကို ရရနေတာပဲရယ်။ ကျုပ် လည်း နှစ်ခါ သုံးခါမကတော့ နောက်ခန်းအမှောင်ထဲက သူတို့စုံတွဲ ကို…

"ငါ့တူတို့ မနံဘူးလားကွယ်"

"ခ…ခင်ဗျာ၊ ဘာလဲ ဦးကြီး"

"အပုပ်နံ့လေကွယ်၊ ဘယ်က ပုပ်စော်လည်း မသိဘူး"

"ဗျာ…မ…မနံ…မနံပါဘူး ဦးကြီးရဲ့၊ ကားပေါ် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ပုပ်စော်နံမလဲ ခ…ခင်ဗျ"

"ဩော်…အင်း အင်း၊ ဦးလေးစိတ်ထင်လို့ နေမှာပေါ့၊ မေးကြည့်တာပါ"

နောက်ခန်းက ဘာသံမှ မကြားရတော့ဘူး။ ဒါနဲ့ ကျုပ်လည်း အပုပ်နံ့ဆိုးကြီးကို စိတ်ကထင်လို့နေမှာပါပဲလို့တွေးပြီး ကားကို ခပ်မြန်မြန်လေး မောင်းလာခဲ့တယ်။ အချိန်က ညဥ့်နက်စပြုလာပြီဆိုတော့ လူသူလေးပါးလည်း လမ်းပေါ်မှာ ကင်းရှင်းစပြုနေပြီ။ ရပ်ကွက်တွေ၊ အိမ်…တွေလည်း အချို့က အိပ်စပြုနေပြီ။ တချို့ ယမကာဆိုင်၊ လက်ဖက်ရည်ဆိုင်တွေတော့ မပိတ်ကြသေးပါဘူး။ ခုနပြောသလို သူတို့စုံတွဲကို ဘက္ကသိုလ်နားအထိ လိုရာအမြန်ရောက်အောင် ပို့ပေးပြီးမှ ကျုပ်အိမ်အမြန်ပြန်ရောက်မှာကိုး ဆရာရဲ့။ ဟင့်အင်း ဆရာ။ ခုန ကျုပ်ပြောခဲ့ပြီးသားပဲ။ ကျုပ်ကားသမားဘဝ၊ တက္ကစီယာဉ်မောင်းဘဝမှာ နာနာဘာဝဆိုတာတွေ၊ ပရလောကဆိုတာတွေနဲ့ တစ်ခါတစ်ရံ ကြုံတွေ့ရဖူးပါတယ်လို့။ ပြီးတော့ ပြောရရင် ကျုပ်က ငယ်စဉ်တည်းက တစ္ဆေသရဲတို့ နာနာဘာဝတို့ ဆိုတာကို ရှိမှန်းသိပေမယ့် သိပ်ပြီးထိတ်လန့်ကြောက်တတ်တဲ့သူ မဟုတ်ဘူး ဆရာရဲ့။

ပြောရရင် ကျောက်လမ်းပေါ်ကနေ ကျုပ်မောင်းလာလိုက်တာ တက္ကသိုလ်နား ရောက်လာတယ်။ အဲဒီမှာ ရုတ်တရက်…

အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

www.burmeseclassic.com

www.burmeseclassic.com



"ရ…ရပြီ၊ ဦး…ဦးကြီး"

"ကျွိ…အိ…"

"ကျေး…ကျေးဇူးပါ၊ ဦးကြီးရယ်၊ ခုလို ကျွန်တော်တို့ ချစ်သူနှစ်ယောက်ကို သွားချင်တဲ့နေရာရောက်အောင် ပို့ပေးလို့ အရမ်းကျေး…ကျေးဇူးတင်ပါတယ် ခ…ခင်ဗျ"

"ဩော်…အေး၊ ရပါတယ်ကွယ်"

ကောင်လေးက အက်အက်ကွဲကွဲလေးနဲ့ ကျုပ်ကို ကျေးဇူးစကားပြောရင်း ကားခ လှမ်းပေးတယ်။ ကျုပ်လည်း ကားရှေ့ဒိုင်ခွက်အလင်းနဲ့ လှမ်းပေးတဲ့ ပိုက်ဆံကို ယူလိုက်တယ်။

"ဟာင်…"

ကျုပ်လက်နဲ့ ကောင်လေးရဲ့လက်က ထိသွားတယ်။ ကျုပ်အံ့ဩသွားရတာပေါ့။ ဘာပြုလို့လဲဆိုတော့ ပိုက်ဆံလှမ်းပေးတဲ့ ကောင်လေးရဲ့လက်တွေက အရိုးမပါသလို ပျော့အိအိနဲ့ နောက်ပြီး ကျုပ်စိတ်ထဲ ရေခဲရိုက်ထားတဲ့ အသားတစ်ခုခုနဲ့ ထိလိုက်သလိုပဲ။ စိမ့်ကနဲအေးသွားပြီး ဘာမှန်းမသိဘဲ ခေါင်းပေါ်က ဆံပင်တွေ တဖြိုးဖြိုးတဖျင်းဖျင်း ထောင်ထသွားပြီး ကြက်သီးက တမြမြပေါ့။ ကြက်သီးတဖျင်းဖျင်းထစရာ ဘာလိုလို့လဲ ဆရာရဲ့။ ဒါနဲ့ ကောင်လေး လှမ်းပေးတဲ့ ပိုက်ဆံ ပြည့်မပြည့်ရေဖို့ ကျုပ် ကားမီးဖွင့်မယ်အလုပ်…



www.burmeseclassic.com

www.burmeseclassic.com



“မ…မဖွင့်ပါနဲ့၊ ဦး ၊.ဦးကြီး”

“ဟော…ဘာ…ဘာဖြစ်လို့”

“သူက…သူက ဒေစီက ကားမီးရောင်ကို ခုထိ ကြောက် ကြောက်နေတုန်း ဦးကြီးရဲ့၊ ကျွန်တော်ကတော့ ဦးကြီးက သားသမီးလို ကျွန်တော်တို့ လိုရာကို လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒေစီဆို ကျွန်တော် မနည်းတောင်းပန်ပြီးပြောလို့ ဦးကြီးကားနဲ့ လိုက်စီး တာ၊ သူဆို ခုချိန်ထိ ကားတွေမြင်ရင် ရဲရဲမကြည့်ရဲတော့ဘူး၊ ကဲ..လာ ဒေစီ ရောက်ပြီ၊ ဆင်းကြရအောင်”

“နေ…နေပါဦး ငါ့တူရဲ့၊ မင်းတို့ကြည့်ရတာ အရွယ်က ကျောင်းသားလေးတွေအရွယ်၊ ပြီးတော့ ညကြီးမင်းကြီး အချိန်မတော်၊ ဒါထက် မင်းတို့က ကျောင်းသားတွေမို့လား၊ မိဘတွေ သဘောမတူလို့ ခိုးရာလိုက်ပြေးလာကြတာလား”

“ဦး…ဦးကြီးပြောတာ မှန်ပါတယ်၊ ကျွန်တော်နဲ့ ဒေစီက ချစ်သူတွေ၊ ခုန ကျွန်တော်တို့ မိဘတွေရှိတဲ့ ရပ်ကွက်ကို ခနသွားကြ တာ၊ ဒီည ကျွန်တော်တို့နှစ်ယောက် မိဘတွေကို နောက်ဆုံး သွားတွေ့ ရတာလေ၊ ခု ကျောင်းကို ပြန်လာဖို့ အချိန်မရှိလို့ ဦးကြီးကားကို ငှားလာရတာ”

“ဒါ…ဒါထက် နေပါဦး၊ ခုန ကလေးမလေးက ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



ကားကို မစီးချင် မမြင်ချင်ရတာလဲ"

"မမြင်ချင်ဆို ဒေစီရော ကျွန်တော်ပါ လွန်ခဲ့တဲ့တစ်ပတ်က ဒီတက္ကသိုလ်လေးနားမှာ လမ်းဖြတ်ကူးရင်း တက္ကစီကားတစ်စီးက ကျွန်...ကျွန်တော်တို့နှစ်ယောက်ကို..."

"ဟင်"

"ဟုတ်တယ် ဦးကြီး၊ ဟိုရှေ့နားလေးမှာပဲ၊ ဒေစီရော ကျွန်တော်ရော နှစ်ယောက်စလုံး အရက်မူးပြီး မောင်းလာတဲ့ တက္ကစီကားတစ်စီးရဲ့ ဘီးအောက်မှာ သွေးသံရဲရဲနဲ့ ဦးနှောက်တွေ ပြန့်ကျဲပြီး.."

"ဟာ..."

"ဒီနေ့က ကျွန်တော်တို့နှစ်ယောက် သပိတ်ဆွတ်၊ ဆွမ်းကပ်တဲ့ အမျှဝေတဲ့ ရက်လည်နေ့လေ၊ ဒီ...ဒီမှာ ကြည့်ဦးလေ ဦးကြီးရဲ့၊ ဒေစီ ပြလိုက်လေ"

"အား...အောင်မယ်လေးဗျာ"

× × ×

တကယ်ပါ ဆရာ၊ ကျုပ် ခုန တစ်ချိန်လုံး ပြောခဲ့သလို ငယ်စဉ်တည်းက သရဲတစ္ဆေ ဆိုတာကို ရှိမှန်းသိပေမယ့် ယုံကြည်ပေမယ့် တကယ့်လက်တွေ့ နဖူးတွေ့ ဒူးတွေ့ကြီး။ ပြီးတော့ ညဉ့်နက်သန်းခေါင်ကြီး ကိုယ်တိုင် အခြောက်အလှန့်ခံရတော့ ကျုပ်လိုလူတင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဘယ်လောက် သတ္တိကောင်းပါတယ်ဆိုတဲ့သူလည်း ကျုပ်လိုပဲ ဆံပင်တွေ ထောင်ထသွားအောင် ကြက်သီးမွေးညင်းတွေထပြီး နေရာမှာတင် သွေးလန့်ပြီး အသက်ရှူ ရပ်တန့်သွားနိုင်တာကိုး။ ဟာ.. ဆရာရယ်၊ ဘာပြောကောင်းမလဲ။ ကျုပ်ကိုယ်ကျုပ် အထိတ်တလန့်နဲ့ ခြေချောင်းတွေပုံ့ပြီး ကားကို လီဗာကုန်နင်းပြီး ဘယ်လောက်အရှိန်နှုန်းနဲ့ ဘယ်လိုအိမ်ပြန်ရောက်လာသလဲတောင် မပြောတတ်တော့ဘူး။

တစ္ဆေသရဲတို့၊ နာနာဘာဝတို့ ပရလောကသားတွေကို ကျုပ်ကြုံတွေ့ခဲ့ရဖူးတယ်ဆိုတာ အဝေးကနေ ရိုးတိုးရိပ်တိတ်နဲ့ ကြက်သီးမွေးညင်းလေး ဖျိုးကနဲ ဖျင်းကနဲ ထောင်ရုံလောက်ပဲ ဆရာရဲ့။ ခုဥစ္စာက ဘယ်လောက်မှ မကွာဘဲ နဖူးတွေ့ ဒူးတွေ့ ကြုံလိုက်ရတာ။ ကျုပ်ပဲ ကံနိမ့်နေလို့ပဲလား၊ သူတို့ကပဲ တကယ်သိစေ မြင်စေချင်လို့ပြတာလားတော့ မသိဘူးပေါ့လေ။ ဟာ...ဆရာ့ကို ခုနစကားစစချင်း ဝန်ခံထားပြီးသားပဲရယ်။ အဲဒီ တာတေရဲ့ မဖဲဝါ စာအုပ်တွေ တစ္ဆေသရဲဝတ္ထုတွေ ထုတ်ဝေနေတဲ့ အရှေ့ဘက်ကောင်းကင်စာပေမှာ ဟိုတုန်းက တစ္ဆေ သရဲဝတ္ထုလေး တစ်ပုဒ်စ နှစ်ပုဒ်စ ရေးဖူးပါတယ်ဆို။ ကျုပ်ကလည်း စာတိုပေစ ဝါသနာပါတာလည်း ပါတာပေါ့လေ။ ခု ဒီအဖြစ်အပျက်က ဆရာ့ကို တမင်ပြောပြတာ။ ဆရာက ကျုပ်ထက်ပိုပြီးသမ္မာရော ဝါပါကြီးသလို တကယ့်တကယ္တစီသမားတွေ ကားသ



www.burmeseclassic.com

www.burmeseclassic.com



မားတွေနဲ့ လက်တွေ့ပရလောက အတွေ့အကြုံတွေကို ဘာဠေမျက်လုံး မဂ္ဂဇင်းမှာ ဖော်ပြ ရေးသားနေတာကိုး။ ဆရာ့စာတွေကိုလည်း ကျုပ် ဖတ်ဖူးပါတယ် ဆရာရယ်။ ကျုပ်အကြောင်း ဝတ္ထုပါလာတဲ့နေ့ကို ကျုပ် စောင့်ဖတ်နေပါမယ်။

ဩော်…ကျုပ်နာမည်လား၊ ထင်ပေါ်ဦးတဲ့။

အမြဲဆွဲနေကျ ဂိတ်က ဒီတောင်မြောက်လမ်းဆုံနဲ့ မောင်းမကန် လမ်းထိပ်တစ်ဝိုက်ပေါ့။ ဘာ…ဆရာ၊ နောက်ဆုံး အရေးကြီးတဲ့ သော့ချက်ကျန်နေတယ် ဟုတ်လား။ အမှန်ကော့ ပြန်ပြောရတာတောင် ခုထိ ဆံပင်မွေးတွေထောင်၊ ကြက်သီးမွေးညင်းကထနေတုန်းရယ်။ ဆရာပဲစဉ်းစား ကြည့်လေ။

ကောင်လေးက ကောင်မလေးကို ကားပေါ်ကအဆင်း ဒေစီ ပြလိုက်လေဆိုတော့ တစ်ချိန်လုံး ဆံပင်တွေအုပ်ဆိုင်းပြီး စကားလည်း တစ်ခွန်းမှမပြော။ ခေါင်းကို တွင်တွင်ကြီး ငုံ့ထားတဲ့ ဒေစီဆိုတဲ့ ကလေးမလေးကဖျတ်ကနဲ ကျုပ်ကိုလှည့်ပြတာ။ အမယ်လေး ဆရာရယ်၊ ပြောရင်း ခေါင်းတောင် ပွလာပြီး ကြီးလာတယ်။ တကယ်။

ဘယ့်နှယ်ဗျာ။

ကောင်မလေးရဲ့ မျက်နှာတစ်ပြင်လုံး သွေးသံရဲရဲနဲ့၊ မျက်စိ ကြီးတစ်လုံးကလည်း ကျွတ်လုကျွတ်ခင် တွဲလောင်းကြီးရယ်။ ဆပင်



www.burmeseclassic.com

www.burmeseclassic.com



တွေကြားက နောက်စေ့ဦးခွံကြီးကလည်း ကွဲအက်ပြီး အတွင်းထဲက ဦးနှောက်တွေ အဖွေးသားက ဖိုသီဖတ်သီနဲ့ တွယ်ကပ်လို့။ ကျုပ်မှ အသည်းငယ်အောင် လန့်မအော်ရင် ဘယ်သူက အော်မှာလဲ။ တပ်အပ်ကြီး မြင်ရတာကိုး။

နောက် တစ်ရက် နှစ်ရက်ကြာတော့ ကျုပ် အဲဒီနားတစ်ဝိုက် သွားပြီးစုံစမ်းမေးမြန်းကြည့်တော့မှ ဟုတ်တယ်တဲ့ ဆရာ။ ကျုပ်ကို အဲဒီသနားစရာ သရဲထီးနဲ့ သရဲမစုံတွဲ ကားငှားစီးလာတဲ့ည မတိုင်ခင် တစ်ပတ်က လမ်းဖြတ်ကူးရင်း တက္ကစီဝင်တိုက်လို့ ကျောင်းလာတက်တဲ့ စုံတွဲလေး လမ်းလယ်ခေါင်မှာ ပွဲချင်းပြီးတဲ့။ အားလုံး ရင်ထုမနာ စုတ်တသပ်သပ်နဲ့တဲ့။ ကောင်လေးက ကျော်ခိုင်တဲ့။ ကောင်မလေးက ဒေဝီတဲ့။ ကျုပ်ကားကို ငှားစီးလာတာ သူတို့ပေါ့ ဆရာ။

မင်းအိမ်ခန့်



www.burmeseclassic.com

www.burmeseclassic.com

# နတ်ဆိုးကြီး



အောင်မြတ်ဦး
(မြန်မာပြန်ဆိုသည်)

(၁)

၁၉၆၀ ပြည့်လွန်နှစ်များကို မေ့နေလို့ မရချေ။ ထိုခေတ်ကာလက ကမ္ဘာပေါ်ရှိ လူများအနက်မှ ကပ္ပတိန်ဝီလျံကစ်သည် ထင်ရှားသူတစ်ဦး ဖြစ်သည်။

အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

www.burmeseclassic.com

www.burmeseclassic.com



သူက ပင်လယ်ဓားပြတစ်ဦး။ သူက ပင်လယ်ပြင်၌ ရွက်လွှင့်သွားလာပြီး တွေ့သမျှ သင်္ဘောများအား ဖမ်းဆီးတိုက်ခိုက်ခဲ့၏။ မည်သူ့ကိုမျှ အလွတ်ပေးသည် မရှိ။

သူနှင့် သူ့လူများသည် သင်္ဘောများမှ ငွေကြေးနှင့် ပစ္စည်းဥစ္စာမှန်သမျှအား လုယက်ယူငင်၏။ ထိုပစ္စည်းများအား ကပ္ပတိန်ကစ်က နေရာအနှံ့အပြားတွင် သိုဝှက်ထား၏။

ကပ္ပတိန်ကစ်သည် မက်ဆက်ချူဆက်ပြည်နယ်၊ ဘော့စ်တန်မြို့တွင် အင်္ဂလိပ်များက ဖမ်းဆီးခဲ့သည်။ ထို့နောက် ၁၉၀၇ ခုနှစ်၌ သေဒဏ်ပေးခံရသည်။

ထို့နောက် ကမ္ဘာဒေသအနှံ့အပြားရှိ လူတို့သည် ကပ္ပတိန်ကစ် လုယက်သိုဝှက်ခဲ့သည့် ငွေကြေးပစ္စည်းများအား နေရာအနှံ့အပြားတွင် လိုက်လံရှာဖွေခဲ့ကြသည်။

၁၉၇၀ ပြည့်နှစ်များ၌ မက်ဆက်ချူဆက်ပြည်နယ်တွင် နေထိုင်ကြသူများက ကပ္ပတိန်ကစ်သည် သူ၏ ရတနာအချို့အား ဘော့စ်တန်မြို့အနီးအနားတွင် မြှုပ်နှံထားသည်ဟု ယုံကြည်ကြသည်။

ဘော့စန်တန်မြို့နှင့် အနီးအနားတွင် အတ္တလန္တိတ်သမုဒ္ဒရာတွင်းသို့ စီးဝင်သည့် မြစ်တစ်စင်း ရှိ၏။ ကပ္ပတိန်ကစ်သည် ထိုမြစ်ကို ဆင်းသက်ခဲ့သည်ဟု ယုံကြည်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့က ကပ္ပတိန်ကစ်ဟာ သူ့ရဲ့ ရွှေငွေနဲ့ ကျောက်သံပတ္တမြားတွေကို သစ်ပင်ကြီးတစ်ပင်အောက်မှာ မြှုပ်နှံထားခဲ့တယ်ဟု ဆိုကြ၏။

ဤကဲ့သို့ပင် ကပ္ပတိန်ကစ်ဟာ ရတနာပစ္စည်းများအား ကပ္ပတိန်ကစ်၏ မိတ်ဆွေရင်းချာတစ်ဦးဖြစ်သူ နတ်ဆိုးကြီးကိုယ်တိုင် စောင့်ရှောက်ကာကွယ်ထားသည်ဟု ဆိုကြပြန်၏။

(၂)

၁၇၂၇ ခုနှစ်၌ တွမ်ဝေါလ်ကာမည်သည့် လူတစ်ယောက်သည် ဤဒေသအနီးတွင် နေထိုင်ခဲ့လေသည်။ သူသည် ငွေကိုသာ အစဉ်လိုလားသူ၊ ငွေရဖို့ပဲ စဉ်းစားသူ ဖြစ်သည်။ ထို့အတူပင် ငွေကို သာခင်၊ ငွေကိုသာလိုသူ တွမ်ထက် ဆိုးသူတစ်ဦးလည်း ရှိသေး၏။ သူက အခြားသူမဟုတ်။ တွမ်၏ ဇနီးမယားဖြစ်သည်။

သူက ငွေမှတစ်ပါး ဘာမျှမက်မောသူ မဟုတ်။ သူတို့ ဦးနှောက်ထဲတွင် ငွေရလိုမှုမှတစ်ပါး ဘာမျှမရှိ။ ငွေနှင့်ပတ်သက်၍ လင်မယားဟုပင် မသိ။ တစ်ဦးပစ္စည်း တစ်ဦးလစ်လျှင် လစ်သလို ခိုးယူကြသည်အထိပင်။

တစ်ညသ၌ တွမ်သည် မှောင်နေသော သစ်တောကိုဖြတ်၍



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခဲ့၏။ ထိုနေရာက ရွှံ့နွံအိုင်များ ရှိသဖြင့် ချော်ကျမသွားစေရန် လွန်စွာသတိထားရ၏။ ရွှံ့နွံအိုင်ထဲကျလျှင် ဒုက္ခမဟုတ်လား။

ခုတော့ သူလွတ်မြောက်သွားပြီ။ ခြောက်သွေ့သော မြေပြင် တစ်နေရာသို့ ရောက်ခဲ့ပြီ။

တွမ်သည် သတိနှင့် ခရီးနှင်ခဲ့ရသဖြင့် မောလာသလို ခံစားရ ၏။ တွမ်သည် သစ်ပင်တစ်ပင်ပေါ်၌ ထိုင်ချလိုက်၏။ ပြီးနောက် တုတ်တစ်ချောင်းနှင့် မြေကြီးကို တူးဆွလိုက်သည်။

ယင်းသို့ တူးဆွရင်း ဤနေရာတွင် အင်ဒီယန်းလူရိုင်းများ သည် ၄င်းတို့ ဖမ်းမိသည့် လူရိုင်းများအား စတေပြီး နတ်ဆိုးကို ပူဇော်သည်ဟု ကြားဖူး၏။ ဤကိစ္စကို သူ မမှုပါ။

တွမ်အဖို့ ခိုးကြောက်သူ တစ်ဦးသာရှိသည်။ သူ့အတွက်မူ နတ်ဆိုးသာ ဖြစ်၏။ သူကား တွမ်ချစ်ဖနီးပင်။

× × ×

သူ ဆတ်ကနဲ ဖြစ်သွား၏။ သူ၏ တုတ်ချောင်းသည် မာ ကြောသော အရာဝတ္ထုတစ်ခုကို ထောက်လိုက်မိသောကြောင့် ဖြစ် သည်။ သူအမြန်ဆုံး မြေကြီးကို ကူးဆွလိုက်၏။

လူဦးခေါင်းခွံတစ်ခု။ ဦးခေါင်းခွံတွင် အင်ဒီယန်းတို့ ကိုင် ဆောင်သော ပုဆိန်တစ်လက် စိုက်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဒေါသနှင့် ပြောသည့် အသံတစ်ခု တွမ် ကြားလိုက်ရ၏။

"ဒီဦးခေါင်းခွံကို မထိနဲ့"

တွမ် အသံလာရာသို့ ဆတ်ကနဲ ကြည့်လိုက်သည်။ ပြိုလဲနေသော သစ်ပင်တစ်ပင်ပေါ်တွင် ထိုင်နေသည့် လူတွားကြီးအား တွေ့လိုက်ရသည်။ ဧရာမလူထွားကြီးပင်။

ဒီလိုလူမျိုးကို တွမ် တစ်ခါမျှ မတွေ့ဘူး။ သူသည် အင်ဒီယန်းလူမျိုးတို့ကဲ့သို့ ဝတ်ဆင်ထား၏။ သူ့အသားရောင်မှာ မဲညစ်ညစ်အရောင်ဖြစ်၏။ ပြာတွေ လိမ်းကျံထား၏။

သူ့မျက်လုံးမှာ ပြူးကျယ်နီရဲနေ၏။ နက်မှောင်သော ဆံပင်များက ခေါင်းပေါ်တွင် ထောင်နေသည်။

သူသည် ကြီးမားသော ပုဆိန်ကြီးကို ထမ်းထား၏။ လူထွားကြီးက...

"မင်း ငါ့နယ်မြေမှာ ဘာလာလုပ်တာလဲ"

ဟု မေး၏။ တွမ်က ကြောက်ရွံ့မှုမရှိသည့် ပုံစံဖြင့် 'ခင်ဗျား ဘာကို ဆိုလိုတာလဲ၊ ဒီနယ်မြေကို ပိုင်တာက မစ္စတာပီအော်ဒီလေ' ဟု ဖြေ၏။

"ဟား၊ ဟား၊ ဟား"



www.burmeseclassic.com

www.burmeseclassic.com



လူထူးလူဆန်းကြီးက ရယ်မောလိုက်ပြီး 'ကြည့်စမ်း၊ ကြည့်စမ်း' ဟု ပြောကာ သစ်ပင်များကို လက်ညှိုးထိုးပြသည်။ တွမ် ကြည့်လိုက်၏။ သစ်ပင်တစ်ပင်တွင် ပုဆိန်နှင့် ထစ်ထားသည်ကို တွေ့ရ၏။

အနီးကပ် ကြည့်လိုက်သည့်အခါ သစ်ပင်တွင် 'ပီအော်ဒီ' ဟု ထွင်းထားသည်ကို တွေ့ရသည်။ စင်စစ် ပီအော်ဒီသည် အင်ဒီယန်းတို့ထံမှ လုယက်ယူငင်ခြင်းဖြင့် ချမ်းသာလာသူ ဖြစ်သည်။

ထိုစဉ် တွမ်က ချက်ချင်း အခြားသစ်ပင်များကို ကြည့်လိုက်၏။ သစ်ပင်တိုင်း၌ မက်ဆက်ချူးဆက်ပြည်နယ်က ချမ်းသာပြီး အရေးပါသည့် လူတစ်ယောက်အမည်ကို ထွင်းထားသည်။

တွမ် သူထိုင်နေသော သစ်ပင်ကို ကြည့်လိုက်၏။ ၎င်းသစ်ပင်တွင်လည်း အမည်တစ်ခု ထွင်းထား၏။ 'အက်(ဗ်)ဆာကွမ်းကရောင်းနင်းရှီးလ်ဒ်' ၏ အမည်ဖြစ်သည်။

မစ္စတာ ကရောင်းနင်းရှီးလ်ဒ်သည် အလွန်ချမ်းသာသည့် လူတစ်ဦး ဖြစ်ကြောင်း၊ တွမ် အမှတ်ရလိုက်သည်။ လူတွေပြောစကားအရ သူသည်လည်း ကပ္ပတိန်ကစ်ကဲ့သို့ သင်္ဘောများကို လုယက်တိုက်ခိုက်ခြင်းဖြင့် ငွေတွေ ရလာသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

"ကဲ ငါ ဒီကရောင်းနှင်းရှီးလ်ဒ်ကို မီးရှို့ပစ်ဖို့ အဆင်သင့်ဖြစ်နေပြီ၊ ဒီဆောင်းတွင်းမှာ ငါ၊ သစ်ပင်တွေ အများကြီး မီးရှို့ပစ်တော့မှာ"

"ဟာ၊ ခင်ဗျား ဘာတွေပြောနေတာလဲ မစ္စတာပီအော်ဒီရဲ့ သစ်ပင်တွေကို ခုတ်ပိုင်းခွင့် မရှိဘူးဗျ"

ဟု တွမ်က ပြောလိုက်သည်။

လူထွားကြီးက တွမ်အား မထေမဲ့မြင်နှင့် ပြုံးလိုက်ပြီး 'မင်းသိထားဖို့က ဒီသစ်ပင်တွေကို ငါခုတ်ပိုင်ခွင့်အပြည့်ရှိတယ်၊ မက်ဆက်ချူးဆက်ပြည်နယ်ကို အင်္ဂလိပ်တွေ မရောက်ခင်ကတည်းက ဒီဒေသကို ငါပိုင်ခဲ့တာ၊ အင်ဒီယန်းတွေဟာ ဒီမှာ နေထိုင်ခဲ့ကြတယ်၊ အဲဒီနောက် မင်းတို့အင်္ဂလိပ်တွေ ရောက်လာပြီး အင်ဒီယန်းတွေကို သတ်ပစ်ခဲ့ကြတယ်၊ အခု ကျွန်တွေကို ဘယ်လိုရောင်းဝယ်ရတယ်ဆိုတာကို ငါ အင်္ဂလိပ်တွေကို ပြနေတယ်၊ နောက်ပြီး သူတို့ဇနီးမယားကိုလည်း စုန်းတွေဖြစ်အောင် ဘယ်လိုလုပ်ရတယ်ဆိုတာကိုလည်း သင်ပေးနေတယ်' ဟု ရှင်းပြသည်။

သည်တော့ တွမ်သည် ဤရောမ လူထွားကြီးသည် နတ်ဆိုးကြီးကိုယ်တိုင် ဖြစ်သည်ဟု သိလိုက်သည်။

သို့သော် သူ့တွင် စိုးရွံ့မှု ကြောက်ရွံ့မှု စိုးစဉ်းမျှ မရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လူထွားကြီး(နတ်ဆိုးကြီး)က…

"မင်း သိထားဖို့က ကပ္ပတိန်ကစ်ဟာ သူ့ရဲ့ ရတနာပစ္စည်းတွေကို သစ်ပင်တွေအောက်မှာ မြှုပ်နှံထားခဲ့ပေမယ့် ခုအချိန်မှာ ငါ ခွင့်မပြုရင် ဘယ်သူမှ ယူလို့မရနိုင်ဘူး"

ဟု ပြောသည်။

တွမ်က 'ဒါဆိုရင် ကျွန်တော်တို့ လက်လျှော့ရတော့မယ်ပေါ့' ဟု ပြောသည်။

"ဒါပေမဲ့ ငါပြောနိုင်တာက မင်းကို ငါ ရတနာတွေ ပေးချင်စိတ် ရှိတယ်၊ ဒါပေမဲ့ အလကားတော့ မဟုတ်ဘူး၊ အလဲအလှယ်တစ်ခုတော့ရှိတယ်၊ မင်းရဲ့ဝိညာဉ်ကို ပေးမလား၊ ဒါဆိုရင်တော့"

"ဗျာ"

တွမ် ကြောင်သွားသည်လား၊ စိုးထိတ်သွားသလား မသိ။ အတော်ကလေးတော့ ပြူးပြူးပြာပြာ ဖြစ်သွားသည်။ ဒွိဟစိတ်တွေ ရှိနေသည်။ သူ့ငွေကို လိုချင်သည်။ ဤကဲ့သို့ပင် သူ့အသက်ကို သူ မြတ်နိုးသည်။

"ကျွန်တော် စဉ်းစားပါရစေ"

ဧရာမ လူထွားကြီးဖြစ်သည့် နတ်ဆိုးကြီးက ပြုံးပြီး 'ကောင်းပြီလေ၊ ဒါဟာ မင်းအခွင့်အရေးပဲ' ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



တွမ် အိမ်သို့ ပြန်ခဲ့သည်။ အိမ်ရောက်လျှင် ဇနီးကို အကျိုးအကြောင်း ပြောပြသည်။ ဇနီးကမူ ဒီစကားကြားသည်နှင့် လောဘတွေ အတောမသတ် ဖြစ်သွားသည်။

"ယောက်ျားရယ်၊ လောကမှာ ငွေထက် တန်ဖိုးရှိတာ ဘာရှိလဲ၊ ခေါင်းညိတ်သဘောတူသင့်တယ်"

ဟု ပြောသည်။

"ဘာလဲ၊ ငါက ငွေအတွက် အသက်ပေးရမလား၊ ငါ ငွေလိုချင်တယ်၊ ဒါပေမဲ့ အသက်တော့ မပေးနိုင်ဘူး"

× × ×

(၄)

ဇနီးသည် ဝေါလ်တာက သံနှိုင်ခွာန်တစ်ခု ချလိုက်သည်။ ခင်ပွန်းသည် ငြင်းဆန်သည့်ကိစ္စအား သူလက်ခံရန် ဆုံးဖြတ်လိုက်သည်။

ဝေါလ်တာသည် 'အခွင့်အရေး' ဟု နားလည်လိုက်သလို နတ်ဆိုးကြီးအား သွားတွေ့ကာ နတ်ဆိုးကြီး လိုသည့်အရာအား သူပေးမည့်အကြောင်း ပြောရန် သူပိုင် ဒင်္ဂါးစများအား အဝတ်စဖြင့်ထုပ်ကာ နတ်ဆိုးကြီးနှင့် အလဲအလှယ်လုပ်ရန် ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဝေါလ်တာသည် ထိုနေ့မှစ၍ သူ့ခင်ပွန်းသည် တွမ်ထံသို့ ပြန်မလာခဲ့နိုင်တော့။

တွမ်သည် နတ်ဆိုးကြီးနှင့်တွေ့ရန် သွားခဲ့သည်ဟု နောင်အခါ လူတွေက ပြောကြ၏။ ထို့အတူ သူ ထိုနေရာသို့ရောက်လျှင် ဒင်္ဂါးထုပ် ထားသည့် အဝတ်အနီစကို တွေ့ရ၏။ သစ်ပင်မှာ ချိတ်လျက်။

သူ ပျော်သွား၏။ အဝတ်အနီစကို ဖြုတ်ယူပြီး ဖြည်ကြည့် လိုက်သည်။

"ဟာ…အမယ်လေး"

အလန့်တကြားလည်း ဖြစ်သွား၏။ အဘယ်ကြောင့်ဆိုသော် အဝတ်အနီစထုပ်တွင် ဘာဒင်္ဂါးမျှ မရှိ။ ရှိနေသည်က လူ့အသည်း နှလုံးတစ်စုံ။

"ဒါ…ဒါ…"

သူသည် ဒင်္ဂါးထုပ် အဝတ်စကို တွေ့သဖြင့် ဇနီးသည်၏ ဒင်္ဂါးတွေအား သူပိုင်ပြီဟု သိလိုက်သဖြင့် ဝမ်းသာခဲ့သော်လည်း မြေပါလည်းဆုံး သားလည်းဆုံးပြီဟု သိလိုက်သဖြင့် ဝမ်းနည်းသွား၏။ သို့သော် သူဝမ်းနည်းသည်က သူ့ဇနီး ဆုံးသွားသဖြင့် မဟုတ်သည်ကို သူပဲ သိ၏။

သည်အတွက် သူ နတ်ဆိုးကြီးအား ကျေးဇူးတင်စကားပင်



www.burmeseclassic.com

www.burmeseclassic.com



ပြောလို၏။ ထို့ကြောင့် နေ့တိုင်း သူနတ်ဆိုးကြီးအား လိုက်ရှာ၏။

ပြီးတော့ ကပ္ပတိန်ကစ်၏ ရတနာများအတွက် သူ နတ်ဆိုးကြီး ဆန္ဒအတိုင်း အလဲအလှယ်လုပ်ဖို့ ဆုံးဖြတ်ပြီးပြီဟုလည်း ပြောလို၏။ တွေ့ချင်ပါသည်ဆိုမှ ဘာကြောင့် မတွေ့သနည်း။

× × ×

တစ်ညတွင် နတ်ဆိုးကြီးနှင့် တွေ့ခဲ့သည်။

"ကျွန်တော် ရတနာတွေ တကယ်ရမယ်ဆိုရင် အလဲအလှယ် ကျွန်တော် လုပ်ဖို့ ဆုံးဖြတ်ပြီးပြီ၊ ကျွန်တော့်ဝိညာဉ်ပေးဖို့လည်း ကတိပြုတယ်"

ဟု ပြောလိုက်သည်။ သည်အခါ နတ်ဆိုးကြီးက ယခုထက် ပိုလိုချင်ဟန် ရှိ၏။

"မင်း နားလည်ထားရမှာက ဒီအလုပ်အတွက် လုပ်မယ်ဆိုရင် ရတနာတွေကို အသုံးချရမယ်၊ သင်္ဘောဝယ်ပြီး ကျွန်တွေကို အမေရိကကို အရောက်သယ်ပို့စေချင်တယ်"

"ဒါတော့ မဖြစ်ဘူး၊ လူသားအချင်းချင်း ကျွန်ပြုရတဲ့အလုပ်ကို ကျွန်တော် မလုပ်ချင်ဘူး"

"ကောင်းပြီလေ၊ ဒီအလုပ်ကို မင်း မလုပ်ချင်ဘူးဆိုရင် အတိုးချေးစားတဲ့အလုပ်ဆိုရင်ကော၊ အရင်းနည်းနည်းကို အတိုးများများ



www.burmeseclassic.com

www.burmeseclassic.com



ယူရတဲ့အလုပ်လေ''

''လုပ်မယ်၊ ငွေများများရမယ့်အလုပ်ပဲ လုပ်မယ်''

''ကောင်းပြီ၊ ဒါဆို အိုကေ၊ မင်း ကတိတည်ရမယ်၊ ငါက လည်း ကတိတည်တယ်''

ထို့နောက် နတ်ဆိုးသည် ကပ္ပတိန်ကစ်၏ ငွေရတနာတို့အား တွမ်ကို ပေးလိုက်သည်။ သို့နှင့် ရက်အနည်းငယ်အကြာတွင် 'တွမ်' သည် ဘော့စ်တန်မြို့တွင် ငွေတိုးချေးစားသည့် လူတစ်ဦးဖြစ်လာလေ သည်။

(၅)

ငွေတိုးချေးသူများသည် တွမ်ကို ငွေပြန်မဆပ်နိုင်လျှင် သူတို့ ၏ အိမ်များ၊ လယ်များ၊ မြင်းများကို သိမ်းယူ၏။

သို့တစေ တွမ်သည် အသက်ကြီးလာခဲ့သလို ပို၍ချမ်းသာ လာခဲ့သည်။ သည်အခါ သူသည် ချမ်းသာခြင်းနှင့်အတူ စိုးရိမ်ပူပန်မှု များ ဖြစ်ပေါ်လာခဲ့သည်။

သူကွယ်လွန်လျှင် မည်သို့ဖြစ်မည်နည်း။

တွမ်သည် နတ်ဆိုးကြီးအား ဝိညာဉ်ပေးအပ်ဖို့ ကတိပြုထား ပြီးပြီဖြစ်သည်။ ဤကတိကဝတ်ကို သူဖောက်ဖျက်၍ ရယူနိုင်မည့်



www.burmeseclassic.com

www.burmeseclassic.com



အရာ။

သို့နှင့် သူသည် အလွန်တရာ ဘာသာရေးကိုင်းရှိုင်းသူ ဖြစ်လာခဲ့၏။ မပျက်မကွက် ဘုရားကျောင်းတက်ခြင်း၊ ဝတ်ပြုဆုတောင်းခြင်းပြုလာ၏။ သူ့စိတ်ထဲ၌ ဝတ်ပြုဆုတောင်းလျှင် နတ်ဆိုးကြီးနှင့် ပြုခဲ့သည့် ကတိကဝတ် ပျက်နိုင်သည် ထင်ခဲ့၏။

တစ်နေ့တွင် သူသည် ငွေပြန်မဆပ်နိုင်သည့် လူတစ်ယောက်၏ မြေကွက်ကို သိမ်းလိုက်သည်။ သည့်အခါ ထိုသူက ပြန်ဆပ်နိုင်ရန်အတွက် အချိန်ပေးပါရန် တောင်းပန်၏။

"ကျေးဇူးပြုပြီး ကျွန်တော့်ကို ဘဝပျက်အောင် မလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်ပိုက်ဆံအားလုံးကိုလည်း ခင်ဗျား ယူပြီးပြီပဲ"

ဟု သူက ပြော၏။

သည်သောအခါ တွမ်သည် အနာပေါ် တုတ်ကျသလို နာသွား၏။ ဒေါသတကြီးဖြင့် 'ကျုပ် ခင်ဗျားဆီက ပိုက်ဆံယူတယ်ဆိုရင် နတ်ဆိုးကြီး ခေါ်တာ ခံရပါစေ' ဟု ပြောလိုက်၏။

စင်စစ် ဤသို့ပြောလိုက်ခြင်းသည် သူ့အတွက် ဓာတ်သိမ်းခန်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာ၌ပင် ကျယ်လောင်သော အသံတစ်ခုကို ကြားလိုက်ရသည်။

အသံသည် အပြင်က ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ တံခါးကို ဖွင့်လိုက်သည်။

“အို…”

သည်အခါ သူ လန့်သွား၏။

အနက်ရောင် မြင်းဇက်ကြိုးကိုင်ထားသည့် ဧရာမလူထွားကြီး ရောက်နေသည်။

“နတ်…နတ်ဆိုးကြီး”

တွမ် အထိတ်တလန့် ရေရွတ်လိုက်သည်။ နတ်ဆိုးကြီးက တည်ငြိမ်စွာကြည့်ရင်း ‘တွမ် မင်းကို ခေါ်ဖို့ ငါလာတာ’ ဟု ပြောရင်း ချီမပြီး မြင်းပေါ် တင်လိုက်သည်။

“ဟေ”

ထို့နောက် နတ်ဆိုးက မြင်းကို ပုတ်လိုက်ရာ တွမ်ကို သယ်ဆောင်၍ ပြေးလေပြီ။

နောင်တွင် တွမ်ကို မည်သူမျှ ထပ်မံမတွေ့ရတော့။

မြင်းနက်ကြီးတစ်ကောင်သည် လူတစ်ယောက်ကို တင်လျက် တောနက်ထဲ ကစ်ဟုန်ထိုး ပြေးသွားသည်ကို မြင်လိုက်ရကြောင်း လယ်သမားတစ်ဦးက ပြော၏။

တွမ်ဝေါလ်ကာ ပျောက်ကွယ်သွားပြီးနောက် အစိုးရသည် တွမ်၏ ပစ္စည်းများကို သိမ်းယူရန် ဆုံးဖြတ်သည်။ သို့သော် သိမ်းမိုက်

www.burmeseclassic.com

www.burmeseclassic.com



ရန် ဘာပစ္စည်းမျှ မကျန်တော့ချေ။

မြေနှင့်အိမ်ကို တွမ်ပိုင်ဆိုင်ကြောင်း အထောက်အထား စာရွက်စာတမ်းများအားလုံးမှာ မီးလောင်ပြာကျသွားခဲ့ပြီ။

ရွှေတွေ၊ ငွေတွေ ထည့်ထားသည့် တွမ်၏ သေတ္တာများ အတွင်း၌လည်း သစ်သားစကလေးများမှအပ ဘာမျှမရှိတော့ချေ။

ထိုသစ်သားစများမှာ တွမ်ခုတ်လှဲထားသည့် သစ်ပင်များမှ အစများ ဖြစ်နေသည်။ တွမ်၏ မြင်းများမှာလည်း သေသွားခဲ့ပြီ။ သူနေသည့်အိမ်မှာလည်း ရုတ်တရက် မီးလောင်ပြာကျသွားခဲ့လေပြီ။

အောင်မြတ်ဦး

ဝန်ခံချက်

The Deyil and the Walker

by

Whishing Lrvung

ကို ပြန်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



# တာတေ
# မဖဲဝါရဲ့မဖဲဝါ(၂)

ကျုပ်ဆိုတဲ့ကောင်က ငယ်ငယ်လေးကတည်းက လွတ်စပ်စုတဲ့ ကောင်ဗျ။ တစ်ခုခုကို သိချင်မိပြီဆိုရင် ကြောက်ရမှန်း လန့်ရမှန်းကို မသိတဲ့ကောင်လေဗျာ။ ကျုပ် စပ်စုလွန်းလို့ ထောင်နှုတ်ခမ်းကို

အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါ သုံးခါ နင်းခဲ့ဖူးတာ ခင်ဗျား သိပါတယ်။ ကျုပ် ပြောပြဖူးတယ် လေဗျာ။ ကျုပ် ပထမဆုံးရေးတဲ့ '**ကိုယ်တွေ့မဖဲဝါ**' စာအုပ်ထဲမှာလေ။

ပထမဆုံး ထောင်နှုတ်ခမ်း နင်းခဲ့တာက ကျုပ်မိတ်ဆွေကြီး ဆရာကိုပေသီးနဲ့ ပီယဆေးဖော်ဖို့ သချိုင်းကုန်းထဲ လိုက်သွားတုန်းက အလောင်းကို မဖဲဝါ ဝင်စီးပြီး ကိုပေသီးကို ကျောက်ပြင်နဲ့ ရိုက်သတ် တာလေဗျာ။ ကျုပ်တောင် အပြေးကောင်းလို့ လွတ်လာခဲ့တာပေါ့ဗျာ။ ဒီတုန်းက ကျုပ်နဲ့ မဖဲဝါက သိတောင်သိသေးတာ မဟုတ်ဘူးဗျ။ အမှန်အတိုင်းပြောရရင် မဖဲဝါဆိုတာကို ကျုပ် ကြားတောင် ကြားဖူး သေးတာမဟုတ်ဘူး။

အလောင်းကြီး ထထိုင်ပြီး သနပ်ခါးသွေးနေရင်းကနေ ကိုပေ သီးကို ဆံပင်ဆွဲပြီး ကျောက်ပြင်နဲ့ထုတော့ ကျုပ်က ဘာလုပ်လို့ လုပ်ရမှန်းကို မသိတာဗျို့။

"မဖဲဝါဟေ့၊ မဖဲဝါဟဲ့၊ ငါ တနင်္ဂနွေသမီး မဟုတ်ဘူး"

လို့ ရူးရူးဝါးဝါး အသံကြီးနဲ့ အော်လိုက်တော့မှ ကျုပ်က မဖဲဝါဆိုတဲ့ နာမည်ကို ပထမဆုံးစပြီး ကြားဖူးတာဗျ။

"တာတေ ပြေးတော့၊ ပြေး၊ ပြေး"

လို့ ကိုပေသီး အော်တော့မှ ကျုပ်က သတိဝင်သွားပြီး ရွာ ရောက်အောင်ကို တန်းပြေးခဲ့ရတာလေဗျာ။ ဒီတုန်းက ကိုပေသီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသေသွားတယ်ဆိုတာ ဘယ်သူမှ သိခဲ့တာမဟုတ်ဘူးဗျ။ ကျုပ်တစ်ယောက်ပဲ သိခဲ့တာ။ ရဲတွေရောက်လာပြီး စစ်ချက်ယူတော့လည်း ဘာကိုမှ ရေရေရာရာ ကောက်ချက်ဆွဲလို့ မရဘူးလေဗျာ။

အဲဒီတုန်းက တစ်ခါ ကျုပ် ထောင်နှုတ်ခမ်း နင်းခဲ့ဖူးတာပေါ့ဗျာ။ ခင်ဗျား စဉ်းစားကြည့်လေဗျာ။ ဒီတုန်းက ကိုပေသီးနဲ့အတူတူ ကျုပ်ပါသွားတာသာ ရဲတွေသိရင် ကိုပေသီးကို ကျုပ်သတ်တာလို့ တောင် ယူဆစရာရှိတာပေါ့ဗျ။ အဲဒီလို မယူဆဘဲ ကျုပ်ပြောပြတဲ့ အဖြစ်မှန်ကို ယုံတယ်ပဲထား၊ ကျုပ်ကို အလောင်းပြန်ဖော်မှုနဲ့ ကျိန်းသေ ဖမ်းမှာပဲလေဗျာ။ ဒါကြောင့် ကျုပ်က ထောင်နှုတ်ခမ်းနင်းခဲ့တယ်လို့ ပြောတာဗျ။

နောက်တစ်ခါကတော့ ကျုပ်ရေးခဲ့တဲ့ '**ဂူဖောက်သူ**' ဝတ္ထုထဲမှာ ကျုပ်မိတ်ဆွေ ဘိန်းစားကြီးနဲ့လိုက်ပြီး ဂူဖောက်တာလေဗျာ။ ကျောက်စိမ်းလက်စွပ်ကြီးဗျာ ရပြီးမှ မဖဲဝါကို ကြောက်ပြီး ပြန်ပေးခဲ့ရတာလေ။ ဒီတုန်းကလည်း ဘိန်းစား ဘသိန်းကြီးက ဇက်ကျိုးပြီး သေခဲ့တာလေဗျာ။ ဒီတုန်းကလည်း ရဲတွေက ကျုပ်ပါမှန်း မသိကြဘူးဗျ။ သိသာသိရင် ကိုဘသိန်းကို ကျုပ်သတ်တာလို့ စွပ်စွဲရင် စွပ်စွဲ၊ မစွပ်စွဲရင်လည်း ဂူဖောက်တဲ့အမှုနဲ့ ကျုပ်ထောင်ကျမှာ သေချာတာပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ ထောင်နှုတ်ခမ်းနင်းတာကတော့ ဖဲသမား ကိုအောင်ချစ်ကြီးကို မဖဲဝါ ရိုက်သတ်ကာလေဗျာ။ ကိုအောင်ချစ်က မဖဲဝါကို အရက်တွေမူးပြီး ဆဲတာဗျ။ ခင်ဗျား မှတ်မိမှာပါ။ ဒီတုန်းက တော့ ရဲတွေက ကျုပ်ကို ခေါ်စစ်တယ်။ ကျုပ်က အမှန်အတိုင်း အစစ်ခံတယ်။ ကိုအောင်ချစ်ရဲ့ ကျောကုန်းမှာ မဖဲဝါရဲ့ လက်ဝါးရာကြီး က ရှိနေတော့ ကျုပ်သတ်တာ မဟုတ်ဘူးဆိုတာ ထင်ရှားလို့ ကျုပ် ဘာမှမဖြစ်ခဲ့တာပေါ့ဗျာ။

ကျုပ် မဖဲဝါနဲ့ ရင်းနှီးခင်မင်လာတဲ့အခါကျတော့ ကျုပ်သိချင် တာတွေကို မဖဲကို ကြုံတိုင်းမေးကြည့်တယ်ဗျ။ ကျုပ်သိချင်တာတွေကို မဖဲဝါကလည်း ပြောပြတာပါပဲဗျာ။

ကျုပ်မြို့ရောက်တဲ့အခါတိုင်း ကျုပ်ဘကြီးအိမ်မှာပဲ တည်း တာပေါ့ဗျာ။ ဘကြီးဆိုတာက ကျုပ်အမေရဲ့ အစ်ကိုအရင်းလေဗျာ။ ကျုပ်ကျောင်းနေတုန်းက နေခဲ့တဲ့အိမ်ပေါ့ဗျ။ ဒါပေမဲ့ မြို့ရောက်တိုင်း ဘကြီးအိမ်မှာ ညအိပ်ရုံလေးပဲ ရှိတာပါဗျာ။ ကျုပ်ရောက်တာကို သိ သွားတာနဲ့ ကားယားတင်မြင့်က လာခေါ်လိုခေါ်။ (ကားယားတင်မြင့် ဆိုတာ **'ဈေးသရဲ'** ဝတ္ထုမှာပါတဲ့ ဈေးကောက်တင်မြင့်လေဗျာ)။ တစ်ခါတလေ ပွဲရုံပိုင်ရှင် သူဌေး ကိုစံဖေက လာခေါ်လိုခေါ်၊ တစ်ခါ တလေကျတော့ ကျုပ်ကူညီခဲ့ဖူးတဲ့ လူကြီးတွေက လာခေါ်လိုခေါ်၊

www.burmeseclassic.com

www.burmeseclassic.com



အတင်းထမင်းကျွေးကြနဲ့ ပြန်သာလာရော ဘကြီးအိမ်မှာ ကျုပ် ထမင်း တစ်နပ်မှ မစားခဲ့ရဘူးဗျ။ ရွာတစ်ခါပြန်ရင် ဝိုင်းပြီးပေးကြတဲ့ လက် ဆောင်ပစ္စည်းဆိုတာလည်း နည်းပါဘူးဗျာ။

"တာတေ၊ ဒီတစ်ခေါက်တော့ အရင်တစ်ခါလို မလုပ်နဲ့နော်၊ ငါ့အိမ်မှာ ထမင်းမစားဘဲ ပြန်လို့ကတော့ ငါနဲ့တွေ့ပြီသာမှတ်"

မနက်မိုးလင်းရုံ ရှိသေးဗျ။ အိမ်ဝမှာ ခါးကြီးထောင်ပြီး ကျုပ်ကို ကြိမ်းမောင်းနေတာက ပွဲရုံပိုင်ရှင်သူဌေး ကိုစံဖေလေဗျာ။

"ဘိုး၊ ဘိုးတူကို ပြောပါဦးဗျ၊ မြို့ရောက်ရင် ကျုပ်အိမ်မှာ ထမင်းမစားဘဲ မပြန်ရဘူးလို့ ဆိုထားရက်နဲ့ ပြီးခဲ့တဲ့ တစ်ခေါက်က အသာပြန်ပြေးရောဗျာ ဘိုးရယ်။ ဒီတစ်ခါတော့ စားဖြစ်အောင်စားပါ တာတေရယ်။ မင်းအရီးမယ် အစောကြီးကတည်းက ဈေးသွားဖို့တပြင် ပြင် ဖြစ်နေတာကွ။ တာတေကို ထမင်းကျွေးဖို့ဆိုပြီး ပြင်ဆင်နေတာဗျ။ တာတေကြိုက်တဲ့ ဝက်သားကို နှစ်မျိုး သုံးမျိုး ချက်မှာဆိုပဲ။ ဝက်အူ ချောင်းလည်း ကြော်မှာတဲ့ဗျာ"

"လေးလေးကဗျာ၊ အရီးလေးကို အားနာပါတယ်ဗျာ၊ ကျုပ် လာပြီးစားပါ့မယ်၊ ဟင်းတစ်မယ်ကောင်းဆို တော်ရောပေါ့ဗျာ"

ကျုပ်က လေးလေးစံဖေကို ပြောတာဗျ။ ဒီနေရာမှာ ကျုပ် ခင်ဗျားကို ပြောရဦးမယ်ဗျ။ လေးလေးစံဖေဆိုတာ ကျုပ်တို့ ထနောင်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်းသား မဟုတ်ဘူးဗျ။ ဘန်္ဒွေးကုန်းသားဗျ။ အစက ဘာမှရှိတာ မဟုတ်ဘူး။ ဆရာအို ရောက်လာပြီးတော့မှ ဆရာအို ဖော်ပေးတဲ့ 'ပီယဆေး' အောင်ပြီးနောက်မှာ နေ့ချင်းညချင်းကို ကြီးပွားလာပြီး အခုလို မြို့တက်ပွဲရုံဖွင့်နိုင်တာဗျ။ မနှစ်ကတင် နှစ်ထပ်တိုက်ကြီး ဆောက်လို့ပြီးသွားတာ။ ပဲတွေ၊ နှမ်းတွေ ဝယ်ပြီး လှောင်ထားလိုက်တာမှ ဂိုဒေါင်ကြီးတွေထဲမှာ ပြည့်လို့ဗျို့။ ကျုပ် ထမင်းသွားစားတော့ ဝက်လက်နဲ့ မှျစ်ချဉ်က တစ်ခွက်ဗျ။ ဝက်ကလီစာဟင်းက တစ်ခွက်ဗျ။ ဝက်သုံးထပ်သားကို မရမ်းသီးနဲ့ ချက်တာက တစ်ခွက်ဗျ။ ဝက်အူချောင်းသေးသေးလေးတွေကိုလည်း အချောင်းလိုက် ကြော်လို့ဗျ။ ပုန်းရည်ကြီးကို ကြက်သွန်နိုင်နိုင်နဲ့ သုတ်ထားတာလည်း ပါရဲ့။ ကျုပ်ဖြင့် စားသာ စားရတာ။ အားတောင်နာတယ်ဗျာ။

လေးလေးစံဖေနဲ့ အရီးလေးက ကျုပ်ကို သိပ်ကျေးဇူးတင်ကြတာဗျ။ ဘာဖြစ်လို့တုံးဆိုတော့ သူတို့ကို ပီယဆေး လုပ်ပေးသွားတဲ့ ဆရာအိုက ကျုပ်နဲ့ အကြောင်းပြုပြီးမှ သူတို့နဲ့ သိကြတာလေဗျာ။ ပြီးတော့ ပီယဆေးဖော်တဲ့ညက ဆရာအိုနဲ့ အတူတူ ကျုပ်ပါ ပါတာလေဗျာ။ ဒီလိုပဲ၊ ထောင်နှုတ်ခမ်းနင်းပြီး လုပ်ခဲ့ရပြန်တာပါပဲဗျာ။ ဒါပေမဲ့ ဒီတစ်ခါလုပ်တာက လုံးဝအောင်မြင်တယ်ဗျ။ ပိပိရိရိလည်း ရှိတယ်။ ဘာပြဿနာမှ မရှိဘဲ ပြီးသွားတာ၊ သိတဲ့လူတောင် မရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဗျာ။ လေးလေးစံဖေတို့အိမ်မှာ ထမင်းစားပြီး ဘကြီးအိမ်ပြန်ရောက်တော့ ကျုပ်မှာ တွေးစရာ ပါလာရောဗျို့။

ကိုပေသီးနဲ့ ကျုပ်နဲ့ ပီယဆေးဖော်တုန်းက မအောင်မြင်ဘဲ ကိုပေသီး သေကျွန်ရစ်ခဲ့တယ်လေဗျာ။ ဆရာအိုနဲ့ ပီယဆေးဖော်တော့ လုံးဝကို အောင်မြင်တယ်။ မဖဲဝါက ကိုပေသီးကို ရိုက်သတ်ပြီး ဆရာအိုကိုကျတော့ ဘာမှမလုပ်ဘူးဗျ။ ပြီးတော့ ဆရာအိုရဲ့ ပီယဆေးကလည်း စွမ်းလိုက်တာမှ ကျုပ်မျက်စိအောက်မှာတင် လေးလေးစံဖေတို့ လူချမ်းသာတွေ ဖြစ်ကုန်ကြတာဗျ။ ဆရာအိုက စပြီးစီရင်ကတည်းက အင်္ဂါသားကိုစံဖေအတွက် ဆိုပြီးတော့ကို စီရင်တာဗျ။ ကျုပ်အကြောင်းလည်း ခင်ဗျား သိသားပဲဗျာ။ တာတေဆိုတဲ့ကောင်က တစ်ခုခုကို သိချင်မိရင် အိပ်လို့ပျော်တဲ့ကောင် မဟုတ်ဘူးဗျ။ အဲဒီညပဲ ဘကြီးအိမ်မှာ မဖဲဝါရဲ့ ကိုယ်ပွားရုပ်ပွားကလေးနဲ့ မဖဲဝါကိုပင့်ပြီး ကျုပ်မေးတယ်။ မဖဲဝါက အိပ်မက်ထဲမှာ ကျုပ်ကို ပြောပြတယ်ဗျ။

ခါတိုင်းလိုပဲ ဆယ့်နှစ်ရာသီပင် အဝါကြီးအောက်မှာ မဖဲဝါက ရပ်နေတာ။ သူနားအပေါ်လေးမှာ ပန်းအဝါပွင့်လေးတစ်ပွင့်လည်း ပန်လို့ဗျ။

“တာတေ နင် ဘာကို သိချင်လို့တုံး”

“ကျုပ် တစ်ခုမရှင်းလို့ပါ မဖဲဝါ၊ အဲဒါ မဖဲဝါနဲ့ဆိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမို့ပါ”

“ဘာများတုံး တာတေ”

“ကျုပ်နဲ့ ကိုပေသီးနဲ့ သင်္ချိုင်းကုန်းထဲမှာ ပီယဆေးဖော်တုန်းက မဖဲဝါ တနင်္ဂနွေသမီး၊ရဲ့ အလောင်းကိုစီးပြီး ကိုပေသီးကို သတ်ပစ်တယ်။ ဆရာအိုနဲ့ ကျုပ်နဲ့ ဘန့်ဘွေးကုန်းသင်္ချိုင်းမှာ ပီယဆေးဖော်တော့ မဖဲဝါက ဆရာအိုကို အကူအညီပေးလို့ အဲဒီပီယဆေး အောင်သွားတယ်။ အဲဒီကိစ္စနှစ်ခုမှာ ဘယ်လိုကွာခြားမှုတွေ ရှိနေလို့တုံး မဖဲဝါ၊ ဆရာတစ်ယောက်ကို ရိုက်သတ်ပြီး ဆရာတစ်ယောက်ကိုကျတော့ အကူအညီပေးတာ ဘာကြောင့်တုံးဆိုတာ ကျုပ်သိချင်လို့ပါဗျာ”

“တာတေ နင်က ဒါကို သိချင်တာလား၊ ငါပြောပြမယ်၊ သင်္ချိုင်းမှာ စည်းကမ်းတွေရှိတယ်၊ ဒါကို လိုက်နာရတယ်၊ ဆရာဆိုပြီး သင်္ချိုင်းမှာ ဆေးစီရင်တယ်။ သင်္ချိုင်းစည်းကမ်းလည်း နားမလည်၊ စီရင်ပုံကလည်း မမှန်ကန်၊ သင်္ချိုင်းစောင့်ကိုလည်း ပမာမခန့်လုပ်တယ်ဆိုရင် ငါ့အနေနဲ့ အဲဒီဆရာကို စီရင်ခွင့်ရှိတယ် တာတေ။ ပေသီးက သူ့ကိုယ်သူ ဆရာဆိုပြီး ဘာမှသိတဲ့အကောင် မဟုတ်ဘူးဟဲ့၊ သင်္ချိုင်းစောင့်ကို အကြောင်းကြားရမှန်းမသိ၊ ခွင့်တောင်းရမှန်းမသိ၊ သူလုပ်ချင်တာကို ဝင်လုပ်တာ။ ပြီးတော့ သင်္ချိုင်းမှာ သင်္ဂြိုဟ်ထားတဲ့ အလောင်းတွေဟာ သင်္ချိုင်းစောင့်နဲ့ လုံးဝပတ်သက်တယ်။ သင်္ချိုင်းစောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မတောင်းဘဲ ကိုယ့်သဘောနဲ့ကိုယ် လာလုပ်လို့မရဘူး။ အဲဒီသေသူရဲ့ အလောင်းကို မာန်လား ထန်လား မလုပ်ရဘူး၊ ကြိမ်းလား မောင်းလား မလုပ်ရဘူး။ ပေသီးက အလောင်းကို ကြိမ်းမောင်းရုံတင်မဟုတ်ဘူး၊ ဆဲဟာယ်ဆိုဟာယ်တွေလုပ်တော့ ငါ ရိုက်သတ်ပစ်လိုက်တာပေါ့ တာတောရေ"

"ဆရာအိုကျတော့ရော မဖဲဝါ"

"နင်ပါလာတာပဲ၊ နင်သိတာပေါ့၊ ငါ့ကို ငှက်ပျောနှစ်ဖီး၊ အုန်းတစ်လုံးနဲ့ ကန်တော့ပွဲ ပေးတယ်၊ စားပွဲသောက်ပွဲ ပေးတယ်၊ ပြီးတော့ သစ္စာဆိုတယ်။ သူဖော်မယ့် ပိယဆေးဟာ အင်္ဂါသား ကိုစံဖေ အတွက် စီးပွားလာဘ်လာဘအလို့ငှာ ဖော်စပ်ခြင်းဖြစ်တယ်၊ သူတစ်ပါးသားမယား၊ မိန်းမကိစ္စအတွက် ရည်ရွယ်ဖော်စပ်တာ မဟုတ်ပါဘူး၊ တကယ်လို့ သစ္စာပျက်ယွင်းပြီး မိန်းမကိစ္စမှာ သုံးခဲ့မယ်ဆိုရင် ကိုစံဖေ ရထားတဲ့ စီးပွားဥစ္စာ အကုန်လုံး ပျက်စီးရုံမကဘဲ လူကိုပါ စိစိညက်ညက်ကြေပါစေ၊ ကျိန်ပါတယ်။ ဒီအစီအရင်လုပ်ဖို့ သင်္ချိုင်းရှင်မ မဖဲဝါက ခွင့်ပြုပါ။ ပြီးတော့ ဒီအစီအရင် မပြီးမချင်း စောင့်ရှောက်ပေးပါ။ ဘယ်လိုအနှောင့်အယှက်၊ အဟာန့်အတားမျိုး ပေါ်လာပါစေ၊ မဖဲဝါ ကာကွယ်ပေးပါလို့ ပြောဆိုပြီးမှ အလောင်းကို နင်တူးရတာမို့လား။ ခေါင်းက စတူးခိုင်းသလား၊ ခြေထောက်က စတူးခိုင်းသလား



www.burmeseclassic.com

www.burmeseclassic.com



တာတော”

“နေဦးဗျ၊ အဲ…ဆရာအိုက ကျုပ်ကို ခြေထောက်က စပြီး တူးခိုင်းတာဗျ”

“အေး…အဲဒါ ဆရာအိုရဲ့ တတ်ကျွမ်းမှုပဲ၊ အလောင်းဆိုတာ သင်္ချိုင်းကို ခြေနဲ့ဝင်ရတယ်၊ ပြန်တူးရင်လည်း ခြေထောက်ကစပြီး တူးရတယ်၊ ပေသီး ဒါတွေကို သိခဲ့လား”

“ဟာ…မသိဘူးဗျ၊ ကိုပေသီးက တူးချင်သလို တူးထည့်လိုက်တာ”

“ဆရာအိုက အစီအရင်မှာ သုံးမယ့် ကျောက်ပြင်၊ သနပ်ခါး၊ သနပ်ခါးခြစ်မယ့် တံစူးဝါးအခြမ်းလေးကအစ ငါ့ပွဲမှာတင်ပြီး ငါ့ကို အပ်တာ၊ နင်တွေ့တယ်မို့လား”

“ဟာ…ဟုတ်တယ်ဗျ၊ ဟုတ်တယ်”

“အေး…အဲဒါပဲ တာတော၊ အစီအရင်တစ်ခုကို လုပ်တယ်ဆိုတာ ဝ. ဘယ်တတ်ကျွမ်းတဲ့ဆရာမှ ဖြစ်တာ၊ ကြားဖူးရုံလောက်နဲ့ မှန်းသမ်း သာလုပ်ရင် လုပ်တဲ့ရည်ရွယ်ချက်ကိုက မကောင်းတဲ့ ရည်ရွယ်ချက်နဲ့လုပ်ရင် ငါတို့က သင်္ချိုင်းထဲကနေ နှင်ထုတ်ရတယ်။ အဲဒီမှာ သိပ်လွန်တဲ့ကောင်မျိုးဆိုရင်တော့ သတ်ကိုပစ်လိုက်တယ်”

မဖဲဝါစကားကို ကြားတော့ ကျုပ်မျက်စိထဲမှာ ကိုပေသီးကို



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ဆွဲပြီး ကျောက်ပြင်နဲ့ ထုတာကြီးကို တန်းမြင်တော့တာဗျို့။ ကြက်သီးတွေတောင် ဖျန်းကနဲ ထသွားတယ်။

အဲဒီညက အိပ်မက်ထဲမှာ မဖဲဝါပြောတဲ့စကားက တော်တော် မှတ်သားဖို့ကောင်းတယ်ဗျ။ သင်္ချိုင်းမှာ အစီအရင်လုပ်မယ့် ဆရာသမား တစ်ယောက်ဟာ ကိုယ်လုပ်မယ့် အစီအရင်ကို တကယ်ကျွမ်းကျင် နားလည်ဖို့လိုသလို သင်္ချိုင်းစည်းကမ်းတွေကိုလည်း နားလည်မှဖြစ်မှာ ဗျို့။ လွယ်လွယ်လေးထင်ပြီးတော့ သွားတော့မလုပ်လေနဲ့ဗျာ၊ ကိုပေသီး လို ဖြစ်သွားတတ်တယ်ဗျ။ ခင်ဗျား သိချင်ရင် ဆရာအို စီရင်ပုံကလေး ကျုပ် ပြောပြပါ့မယ်။

"ကိုစံဖေ ခင်ဗျား ချမ်းသာချင်သလား"

"ဟာ ဘယ့်နှယ်ပြောပါလိမ့် ဆရာရယ်၊ အရမ်းကို ချမ်းသာ ချင်တာပေါ့ဗျာ"

"ဒါဆိုရင် စောင့်ထိန်းနိုင်ပါ့မလား"

"ဘာကိုတုံး ဆရာ၊ ဘာကိုစောင့်ထိန်းရမှာတုံး၊ ဒီမယ် ဆရာ၊ ချမ်းသာမယ်ဆိုလို့ကတော့ ကျုပ် ဘာမဆို စောင့်ထိန်းနိုင်ပါ တယ် ဆရာရယ်"

"တခြားမဟုတ်ပါဘူး မိန်းမကိစ္စပါ၊ ခင်ဗျားမိန်းမကလွဲရင် တခြားဘယ်မိန်းမနဲ့မှ မဖောက်ပြားဖို့ပါပဲ။ အဲဒါကို ခင်ဗျား ထိန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



မလား။ တကယ်လို့ သစ္စာပေါက်သွားရင် ခင်ဗျား ချမ်းသာသမျှတွေ အားလုံး ကုန်သွားတဲ့အပြင် ခင်ဗျားပါ ကုမရတဲ့ ရောဂါတွေဖြစ်ပြီး သေမှာဗျ။ ခင်ဗျား စဉ်းစားဦး”

“ဟာ…ဒီကိစ္စအတွက်တော့ စဉ်းစားစရာ မလိုပါဘူးဗျ၊ ကျုပ် အမြဲတမ်း စောင့်ထိန်းနိုင်တဲ့ကိစ္စပါ ဆရာ”

“ဒါဆိုရင် ကျုပ် ကိုစံဖေကို ပီယဆေးဖော်ပေးမယ်၊ ပီယဆေးဆိုတာ အပွင့်ဆေးကို ပြောတာဗျ၊ မိန်းမကိစ္စပွင့်တာ တစ်ခုတည်း မဟုတ်ဘူး၊ စီးပွားဥစ္စာပါပွင့်တာ။ ဒီတော့ ခင်ဗျား စီးပွားရေးသက်သက်ကိုပဲ လုပ်မှာဆိုရင်တော့ သေချာပေါက် သူဌေးဖြစ်မှာပဲ ကိုစံဖေ”

“စိတ်ချပါ ဆရာ၊ ကျုပ် စီးပွားရေးသက်သက် လုပ်ပါ့မယ်”

“ကောင်းပြီ၊ ကျုပ်ပြောမယ်၊ မီးလောင်ကုန်းမှာ ဒီမနက် အစောကြီးက အင်္ဂါသမီး မစိန်ဆိုတာ မီးမဖွားနိုင်ဘဲ ဆုံးသွားတယ်၊ ဒီနေ့ လဆန်း (၁)ရက်မို့လား၊ အင်္ဂါနေ့ မဟုတ်လား၊ သေတာက အင်္ဂါသမီး ဒါဆိုရင် အင်္ဂါသားအတွက် ပီယဆေး စီရင်လို့ရတယ်ဗျ။ အစိမ်းသေ ်တော့ သူတို့တွေ ဒီနေ့ သင်္ဂြိုဟ်ကြမှာ”

“ဟာ…ဟုတ်လား ဆရာ၊ ဒါဆိုရင် စီရင်ပေးပါ ဆရာရယ်၊ ဘယ်လောက်ကုန်ကုန် ကျုပ် အကုန်ခံပါ့မယ်”

“ဟာ မကုန်ပါဘူးဗျာ”



www.burmeseclassic.com

www.burmeseclassic.com



ဆရာအိုက လိုတဲ့ပစ္စည်းတွေ ချက်ချင်းရှာခိုင်းတယ်။ ကျုပ်က မီးလောင်ကုန်းက အသုဘကို သွားပို့ရတယ်။ မြှုပ်တဲ့နေရာကို သေသေချာချာ မှတ်ရတယ်။

ညရောက်တော့ ကျုပ်က ထမင်းတောင်း ထမ်းရတယ်။ ဆရာအိုက ဆေးလွယ်အိတ်လွယ်လို့၊ ကိုစံဖေက ပေါက်တူးတွေ၊ ဂေါ်ပြားတွေထမ်းပြီး လူမသိအောင် မီးလောင်ကုန်းသင်္ချိုင်းကို လာကြတယ်ဗျ။

သင်္ချိုင်းရောက်တာနဲ့ ဆရာအိုက ဂူပေါ်မှာ ချက်ယူလာတဲ့ အမဲသားဟင်းနဲ့ ထမင်းပွဲပြင်ပြီး မဖဲဝါကို ပင့်တယ်။ တခြားဂူတစ်လုံးပေါ်မှာ ကန်တော့ပွဲတစ်လုံး ထိုးထားတယ်။ သနပ်ခါးကျောက်ပြင်တစ်ချပ်၊ သနပ်ခါးနှစ်တုံး၊ တံစူးဝါးကို ခွဲထားတဲ့ ဝါးခြမ်းပြားလေးနှစ်ခုဗျ။

"ဂူး၊ ဂူး၊ ဂူး၊ ဂူး၊ အီး၊ အီး၊ အီး"

ခွေးအူသံကြီး ကြားမြီး ခဏကြာတော့ ဆရာအိုက မဖဲဝါကို သူ ပီယဆေးဖော်မယ့်အကြောင်း၊ မိန်းမကိစ္စ သုံးခဲ့ရင် အပြစ်ဒဏ်ခံမယ့်အကြောင်း၊ ဖောက်လွဲဖောက်ပြန် မလုပ်ဘဲ စီးပွားသက်သက်ရှာမယ့်အကြောင်း၊ စီရင်နေတုန်းမှာ မဖဲဝါ စောင့်ရှောက်ပေးဖို့အကြောင်းတွေကို သေသေချာချာ ပြောတာဗျ။ ပြီးတော့မှ မြေပုံနဲ့ တစ်လံအကွာ



www.burmeseclassic.com

www.burmeseclassic.com



ကနေ ခါချသေးတာ။ မြေဖုတ်ဘီလူးကိုလည်း မေတ္တာရပ်ခံပြီး ခွင့်တောင်းတယ်။ အဲဒါတွေအားလုံး လုပ်ပြီးမှ သေဆုံးတဲ့ အလောင်းကိုလည်း ခွင့်ပြုဖို့ ပြောသေးတာဗျို့။ ပြီးတော့မှ လေးလေးစံဖေနဲ့ ကျုပ်က မြေပုံကို တူးကြရတာ။ တူးတော့လည်း ခြေထောက်ဘက်ကစပြီး တဖြည်းဖြည်းတူးပြီး ခေါင်းပေါ်အောင် တူးရတာ။ ခေါင်းကြီးပေါ်လာတော့မှ ခေါင်းကို မြေကြီးပေါ် ဆွဲတင်ပြီး ခေါင်းဖုံးဖွင့်ရတယ်။ ကျုပ်က ဓာတ်မီးကို အဝတ်နဲ့အုပ်ပြီး ခပ်နိမ့်နိမ့် ထိုးပြထားရတာဗျို့။

အသင့်ယူလာတဲ့ရေနဲ့ ကျောက်ပြင်ပေါ်မှာ သနပ်ခါးခဲကို ခပ်ပျစ်ပျစ် သွေးရတယ်။ ကျောက်ပြင်အပြည့် သနပ်ခါး ပျစ်စေးစေးတွေရတော့မှ အစိမ်းသေမိန်းမရဲ့ မျက်နှာတစ်ပြင်လုံးမှာ လိမ်းရတာဗျို့။ ခဏနေလို့ သနပ်ခါး မခြောက်တခြောက် ရှိတော့မှ တံစူးဝါး ဝါးခြမ်းပြားလေးနဲ့ သနပ်ခါးကို ခြစ်ယူရတယ်။ ခြစ်ယူထားတဲ့ သနပ်ခါးကို ရေလုံအိုးခြမ်းပဲ့လေးထဲမှာ ထည့်ရတယ်။ နောက်ထပ်ပြီး သနပ်ခါး သွေးရတယ်။ အလောင်းရဲ့မျက်နှာမှာ လိမ်းလိုက်၊ တံစူးဝါး ဝါးခြမ်းပြားနဲ့ ခြစ်ချပြီး ခွာလိုက် လုပ်ရတယ်။ ပါလာတဲ့ သနပ်ခါးခဲနှစ်ခဲကုန်တော့ အရုဏ်တက်ခါနီးနေပြီဗျ။ အလောင်းကို သေသေချာချာ ပြန်မြှုပ်ပြီး ခြေရာလက်ရာ မပျက်အောင် လုပ်ရတယ်။ မြေပုံကိုလည်း သေသေချာချာ ပြန်လုပ်ပေးရတယ်။ ပြီးတော့မှ ဆရာအိုက အစီအရင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားပြီဖြစ်ကြောင်း၊ မဖဲဝါ စောင့်ရှောက်ပေးတာကို ကျေးဇူးတင်ကြောင်း ပြောတယ်ဗျ။ ပြီးတာနဲ့ ကန်တော့ပွဲကို ဖျက်ပြီး ဂူတြားမှာ လွှင့်ပစ်ထားခဲ့တယ်။

ရလာတဲ့ သနပ်ခါးတွေကို ရွှံ့စေးလိုနှဲပြီး ဂဝံသားပိုက်ရုပ်ကလေး လုပ်တာဗျ။ ကလေး နို့စို့နေတဲ့ပုံလေးဗျို့။ အရုပ်ခြောက်တာနဲ့ ရွှေပိန်းချလိုက်တယ်။ ဘန့်ဘွေးကုန်းရွာထိပ်က ညောင်ပင်ကြီးအောက်ကိုသွားပြီး အရုပ်ကို ဂါထာတစ်ထောင်စုတ်ပြီး စီရင်တယ်။ ဆရာအို ဂါထာစုတ်ထားတဲ့နေရာအထိ ကျုပ် ပါသွားတာဗျ။ ဆရာအိုစုတ်တဲ့ ဂါထာက တိုတိုလေးပါ။ အကြိမ်တစ်ထောင်စုတ်တာဆိုတော့ ကျုပ်လည်း အလွတ်ရသွားတော့တာပေါ့ဗျာ။

"ဥုံ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ၊ နာမောဂုရု၊ ကာတုံရသွာ၊ ဟယျကပ်"

အဲဒီဂါထာနဲ့ ဂဝံသားပိုက်ရုပ်ကလေးကို အကြိမ်တစ်ထောင် ဂါထာစုတ်ရတာဗျ။

ဂါထာစုတ်တယ်ဆိုတာ ဂါထာရွတ်တာကို ပြောတာလေဗျာ။ ပြီးတော့ ဂဝံသားပိုက်ရုပ်ဆိုတာ ဆံပင်ဖားလျားချထားတဲ့ မိန်းမပုံဗျ။ ဒူးတုပ်ပြီး ထိုင်နေတာ၊ အဝတ်အစား မပါဘူး။ ကလေးကို ရင်ခွင်မှာ ပွေ့ထားပြီး နို့တိုက်နေတဲ့ပုံဗျ။ ဒီလောက်ဆိုရင် ခင်ဗျား မျက်စိထဲမှာ မြင်မှာပါ။ အဲဒါ ဂဝံသားပိုက်ရုပ်ပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာအို့ဆီကအဲဒီအရုပ်ကလေးကို ရတဲ့နေ့ကစပြီး စီးပွားတက်တော့တာပါပဲဗျာ။ လေးလေးစံဖေရော အရီးလေးရောက လွတ်ရိုးသားတဲ့သူတွေဆိုတော့ မိန်းမကိစ္စရှုပ်တာ ယှက်တာတွေလည်း လေးလေးစံဖေမှာ မရှိပါဘူးဗျာ။ ဒီတော့လည်း စီးပွားက တက်တော့တာပေါ့ဗျာ။

ကျုပ် ရွာပြန်တော့ ကျုပ်ဖို့ လုံချည်၊ အင်္ကျီ။ အဘဖို့ လုံချည်၊ အမေ့ဖို့လည်း ပါတိတ်ထဘီ၊ စားစရာသောက်စရာတွေ ပေးလိုက်တာ စုံလို့ပါပဲဗျာ။

တာတေ





www.burmeseclassic.com

www.burmeseclassic.com




# တစ်ပွဲတားကံမောင်

**ကျော်မင်းနိုင်**

ဘာ ရှိ၏။

ကောင်းတာလုပ်ရင် သေသွားတဲ့အခါ နတ်ပြည်ရောက်မည်။
မကောင်းတာလုပ်ရင် သေသွားတဲ့အခါ ငရဲပြည် ရောက်မည်။

**အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး**

www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖျင်းအားဖြင့် ဘာသာရေးအယူအဆက ဒီလောက်ပါပဲ။

ဒီအထဲမှာ ဗုဒ္ဓဘာသာအနေဖြင့် နတ်ပြည်ကို တာဝတိံသာ၊ ယာမာ၊ တုတိသာ စသည်ဖြင့် ဘုံအဆင့်ဆင့် ခွဲပြသည်။

ငရဲပြည်ကိုကော ဒီလိုပဲ သိဉ္ဇိုး၊ တာပ၊ အဝီစိအထိ ခွဲသည်။

အဲ…ငရဲခံရသူတွေကို အဆင့်ဆင့် ခွဲပြသလို ငရဲမှာလည်း..

ငရဲ၊ ပြိတ္တာ၊ အသူရကာယ် ဘုံစံအဆင့်ဆင့် ခွဲပြပြန်သည်။

ထိုအထဲမှ ယခုဖြစ်ရပ်မှန်ဇာတ်လမ်းမှာ အသူရကာယ်ဘုံစံ အင်းသရဲကြီး ဦးတာတီးကြီး ဖြစ်ရပ်ဆိုးပင်တည်း။

× × ×

ဤအဖြစ်အပျက်သည် ပဲခူးမြစ်ဖျား ထန်းတောကြီး၊ ဇောင်းတူရွာတွင် တစ်ချိန်က အမှန်တကယ်ဖြစ်ခဲ့သော လူအများပြောစမှတ်တွင်ခဲ့သည့် အဖြစ်အပျက်ပင်။

ပဲခူးမြစ်သည် ပဲခူးရိုးမတောင်တန်းကြီးတွင် ရေဝေရေလဲချောင်းဖျား မြောင်းဖျား၌ မြစ်ဖျားခံသော်လည်း ရာဇဝင်နောက်ခံသမိုင်းက ကြီးမားလှသည်။

အလယ်ရိုးမတောင်တန်းကြီးအဖြစ် ပဲခူးရိုးမကို ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးရိုးမ ခေါ် အလယ်ရိုးမတောင်တန်းကြီးသည် အင်း၊ စမ၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ အဘဘိုးမင်းခေါင်တို့လို ထွက်ရပ်ပေါက် သိဒ္ဓိမပတ်ဒ္ဓိရှင်ကြီးတွေ ခိုလှုံပေါက်ဖွားရာ ပုပ္ပားတောင်မြတ်တောင်ကလာပ်ကြီးတွင် အလယ်ရိုးမတောင်တန်းကြီး၌ အထွတ်အမြတ် ပါဝင်နေသည်။

ဧရာဝတီမြစ် အရှေ့ဘက်ခြမ်း ပြည်နဝင်းတောင်တန်းကြီးမှ တောင်ငူ၊ ပျဉ်းမနား၊ တောင်ညို အပါအဝင် စစ်တောင်းမြစ် အနောက်ဘက်ခြမ်းအထိ အရှေ့နှင့် အနောက် ကျယ်ပြန့်သလို တောင်နှင့်မြောက်ဆိုလျှင် မန္တလေး ကျောက်ဆည်မှ တောင်ဘက် ရွှေတိဂုံ သိင်္ဂုတ္တရကုန်း၊ သန်လျင် ဥတ္တရဂံကုန်းအထိ ဆင်းသက်လာပြန်၏။

ပဲခူးမြစ်သည်ပင် ဟံသာဝတီခရိုင် မြောက်ဘက်မှနေပြီး ပဲခူးမြစ်နာမည်နှင့် စီးဆင်းလာရာက သန်လျင်အနောက်ဘက်သို့ အရောက် ရန်ကုန်မြစ် နာမည်တွင်ပြီး တောင်ပိုင်းပင်လယ် မုတ္တမကွေ့ထဲသို့ စီးဝင်သွားပြန်၏။

ရာဇဝင်အစဉ်အလာ သိုက်ဝင်သမိုင်းဝင် ဖြစ်ရပ်တွေ များပြောင်လှသည့်ကြားမှ ပဲခူးမြစ်ဖျား မောင်းတုရွာမှ အင်းသရဲကြီးဦးတာတီး၏ ဖြစ်ရပ်သည် အမှန်ပင် စာတင်လောက်ပါပေ၏။

× × ×

အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတူ ပေတောကုန်းရွာမှ အင်းသရဲကြီး တာတီးသည် မကျွတ်မလွတ်နိုင်သည့် ကြောက်စရာ အင်းသရဲကြီးအဖြစ် နာမည်ကြီး၏။

"ငါးရှာ၊ ဖားရှာ ဆိုရင် ပထမဆုံးရတဲ့ ငါးဖားထဲက တစ်ကောင်ကို အင်းသရဲကြီး ဦးတာတီးအတွက် ပူဇော်ပသရတယ်"

"မပူဇော် မပသဘူးဆိုရင်ကော..."

"ငါးဖားရှာတဲ့လူလည်း အန္တရာယ်ရှိတယ်၊ ဘယ်လောက်ရှာ ရှာ မရတတ်ဘူး ကံမောင်ရ၊ ဘေးအန္တရာယ်ကြုံပြီး အသေဆိုးနဲ့ သေရတတ်တယ်"

ဘကြီး ဦးအောင်ထွန်းက လှေကလေးကို အင်းရေပြင်မှာ ဖြတ်သန်းလှော်ခတ်ရင်း ထိုစဉ်က အသက် ၁၃ နှစ်သားသာ ရှိသေးသည့် တူကလေးကံမောင်ကို ရှင်းပြနေခြင်းဖြစ်၍...

"အင်းသရဲကြီး ဦးတာတီးက ဒီလောက်ပဲလား ဘကြီး အောင်ရာ၊ သူ့ကို ပထမဆုံးရတဲ့ ငါးဖား ပူဇော်ရတယ်ဆိုတော့ ခုလို အင်းအိုင်ချောင်းမြောင်းထဲမှာ ပန်းကန်တွေဘာတွေ မပါဘဲ ဘယ်လို ပူဇော်ပသရမှာလဲဗျာ"

"အင်းသရဲကြီး ဦးတာတီးအတွက် ပန်းကန်တွေ ဘာတွေ အထွေအထူး မလိုပါဘူးကွာ၊ ပထမဆုံးရတဲ့ ငါးကို အင်းအိုင်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



မြောင်းအစပ်တွေမှာ ပေါက်လေ့ရှိတဲ့ ပိန်းရွက်တစ်ရွက်ခူးပြီး အဘ အင်းသရဲကြီး ဦးတာတီးအတွက် ပူဇော်ပါတယ်၊ ပသပါတယ်၊ သားတော်ကြီး ငါးဖားရှာရာမှာ အန္တရာယ်ကင်းအောင် စောင့်ရှောက်တော်မူပါ…”

အဲဒီစကားတွေမှာ ကံမောင်ငယ်စဉ်က ဘကြီးဖြစ်သူ ဦးအောင်ထွန်းဆီကဲ ကြားခဲ့ရတဲ့ စကားတွေ။ ထိုစကားမျိုးကို အင်းသရဲကြီး တာတီးနှင့် ပတ်သက်၍ ကံမောင်အကြားချင်ဆုံးစကားတွေ ဖြစ်၏။ ထိုဒေသကလူတွေ အဲဒီလိုပဲ ယုံကြည်အသည်းစွဲနေစေချင်သည်။

ဒါကလည်း အင်းသရဲကြီးနှင့် ပတ်သက်၍ ကံမောင်သည် တစ်နည်းတစ်ဖုံ ပတ်သက်နေသောကြောင့်ပင်။

ခုတော့ ဘကြီးဦးအောင်ထွန်းလည်း ကွယ်လွန်ခဲ့ရှာပြီ။

ကံမောင်လည်း အရွယ်ရောက်လာလေပြီ။

နဂိုက ငါးရှာ ဖားရှာ တံငါအလုပ်၌ ဝါသနာကြီးသော ကံမောင်၊ ဘကြီးအောင်၏ အမွေဆက်ခံကာ တံငါအလုပ် ဆက်လုပ်၍ အသက်မွေးဝမ်းကျောင်းမှု ပြုရလေပြီ။

ကံမောင်နှင့် ပတ်သက်၍ ပေတောကုန်းရွာသားတွေအတွက် မကျေလည်သော အကြောင်းတွေရှိသည်။ ထိုအထဲမှာ ဘကြီးဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းကို ကံမောင် ငါးရှာလှေပေါ်မှ တွန်းချ၍ သတ်ပစ်သည်ဟု ပေတောကုန်းရွာသား ကိုသံမဏိက ပြောဆိုစွပ်စွဲခြင်းဖြစ်၏။

ထိုစဉ်က ကံမောင်နှင့် ဦးအောင်ထွန်းတို့ ငါးရှာလှေနှင့် အနီးဆုံးနေရာမှာ ကိုသံမဏိ၏ ငါးရှာလှေရှိ၏။ သို့သော် ကိုသံမဏိ လှေမှာ နောက်တစ်ပတ်အကြာ...

အင်းထဲကွင် ညကြီးသန်းခေါင်မှာ မှောက်ပြီး ကိုသံမဏိ သေဆုံးသွားခဲ့ပြန်ရာ ထိုကိစ္စ အကျယ် အကျယ် ဆက်မဖြစ်တော့။

ပါဏာတိပါတကံ သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း ဖြင့် အသက်မွေးဝမ်းကျောင်းပြုရခြင်း၌ ကံမောင် အထုံပါလျက် ရှိချေပြီ။

ကံမောင်သည် ငါးရှာ ဖားရှာ တံငါအလုပ်နှင့် အသက်မွေး သော ဘကြီးအောင်နှင့် လက်ပွန်းတတီးနေခဲ့သလို သူ့ကိုယ်၌ကလည်း ငါးရှာ ဖားရှာ တံငါအလုပ်ကို စိတ်ဝင်စားသည်။ ကံမောင်ပါလာလျှင် ခါတိုင်းထက် ငါးပိုရတတ်သည်ဟု ဘကြီးအောင်က ပြောလေ့ရှိသည်။

ကံမောင်က ဘကြီးအောင်ထက် ပိုသာသည်မှာ ဆောင်းတွင်း လို နွေအခါလို ခြေခင်းလက်ခင်းသာချိန်မှာ တောတက်အမဲလိုက်တတ် သော မုဆိုးများနှင့်ပေါင်း၍ တောတက်အမဲလိုက်တတ်ခြင်းဖြစ်၏။ ကံမောင်ကို ခေါ်သွားလျှင် အမဲကောင်ကြီးတွေ ပိုရတတ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောလေ့ရှိကြပြန်၏။

ပေတောကုန်းရွာသည် ပဲခူးရိုးမကြီး၏ အတွင်းပိုင်းရွာမို့ တောကောင် ချေ၊ စိုင်၊ ဆတ် ပေါများလှသည်။ မျောက်တွေ ဆိုတာ ကလည်း သူ့အသင်းအဖွဲ့နှင့်သူ ကျက်စားသည်။ ဥဒေါင်းငှက်လို ချေးကောင်းရသော ငှက်မျိုးနွယ်ဝင်တွေကလည်း ပေါမှပေါ။ တစ်ခါ တစ်ရံ ကျားလို ဆင်လို ကျားသစ်လို သားကောင်ကြီးတွေနှင့်လည်း တိုးတတ်သည်။

ဆင်ရိုင်းအုပ်ကတော့ ပေါမှပေါ။ ဆင်ရိုင်းတစ်အုပ် ကျပြီ ဆိုလျှင် တောင်ကျော်တောကျော်ကပင် ကြားနိုင်သိနိုင်သည်။ ဆင်ရိုင်း တို့၏ ဝါးမျှစ်ချိုးသံ၊ သစ်ကိုင်းရိုက်သံ မြူးတူးအော်ဟစ်သံတွေ ကြား နေရလျှင် ရှောင်လွှဲသွားနိုင်၏။

ကောက်ကျစ်စဉ်းလဲစွာ အစာရှာတတ်သော ကျားလို ကျားသစ်လို သားစားသတ္တဝါတွေကမူ တောကြီးတောင်ကြီးထဲတွင် ပုန်းအောင်းနေလျက် ဘွားကနဲ ပေါ်လာပြီး လူကို ရန်ရှာတတ်သည်။

သည်လိုအခါမျိုးတွင် သားကြမ်းကြီးများနှင့် တောတက် မုဆိုးတို့ အသက်လုကြရသည်။ ကံမောင် လိုပွဲမျိုးတွေလည်း နွှဲခဲ့ဖူးပြီ။ ဝက်ဝံလို၊ မျောက်ဝံလို၊ မြင်းဝံလို အသားလည်းစား အသီးအရွက် လည်း စားသော သားကောင်ကြီးတွေပင် ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသားကောင်ကြီးတွေပင် ဘာကြောင့်မှန်းမသိ။ ကံမောင်တောတက်မုဆိုးတွေနှင့် ပါလာ၍ ကံမောင်နှင့် ပက်ပင်းတိုးပြီဆိုပါက ကြောက်လန့်တကြား ထွက်ပြေးတတ်သည်။

သူတစ်ပါးအသက်ကို သတ်ဖြတ်ရခြင်း၌ အထုံအလေ့ ပါနေသော ကံမောင် ထိုသို့သော ပါဏာတိပါတ အလုပ်တွေထဲမှာ ပျော်သည်။

သူအပျော်ဆုံးက ပေတောကုန်းအင်းကြီးထဲ၌ ငါးဖားရှာရသော တံငါအလုပ်။

အဲသည် တံငါအလုပ်က လှေကလေးတစ်စင်း၊ ပိုက်ကွန်တစ်ဖက်၊ အုပ်ဆောင်းတစ်ဖက်နှင့် အေးအေးလူလူ ငါးဖားရှာနိုင်သည်။ ကျားတွေ၊ ကျားသစ်တွေ၊ ဝံတွေ မကြောက်ရ။ မသကာတွေ့လျှင် ငါးဖားကို အဆာအဖြစ် ကြိုက်တတ်သော မြွေဟောက် မြွေပွေးမြွေဆိုးတွေပဲ ရှိသည်။

ဒီကောင်တွေကိုလည်း မှုစရာမလို။ အတွေ့အကြုံနှင့် သတိရှိဖို့ အရေးကြီး၏။ မှိန်း၊ ခက်ရင်းခွ၊ ဆောင်ဓားတစ်လက်လောက်ဆိုလျှင် လုံလောက်ပြီ။

မြွေရလျှင် တောင်ယာခင်းက ဖထီးစောသာဂေးတို့ဆီဝင်ပြီး အင်းပြန်လက်ဆောင်ပေးကာ တပျော်တပါး မူးနိုင်သည်။ ဖထီးစော



www.burmeseclassic.com

www.burmeseclassic.com



သာဂေးသမီး ညီမတွေနှင့် အတူကရင်း ဒုံးယိမ်းပင်ကလိုက်နိုင်သေးသည်။

ဒါတွေက ကံမောင်၏ အရင်းခံ၀ါသနာ၊ ကံမောင်စိတ်ထဲမှာ မိန်းကလေးတွေနှင့် ပတ်သက်ပြီး ပရောပရည် အင်မတန်လုပ်ချင်သည်။

သို့သော် သူ့ရုပ်ကြီးက ဆိုးလှသဖြင့် ရွာထဲမှ မိန်းကလေးတွေ အကပ်မခံ။

"ရုပ်ကြီးက သရဲရုပ်၊ ကြောက်စရာကောင်းလိုက်တာ၊ မသေခင်ကတည်းက သရဲဖြစ်နေတာလား မသိဘူး"

အဲဒီလို သူ့ကွယ်ရာမှာ ကံမောင်ကို ပြောဆိုကြတဲ့ စကားတွေကို ကံမောင် မကြားမဟုတ်။ ကြားသည်။ ဒါပေမည့် ကိုယ့်အကြောင်းနှင့်ကိုယ်၊ ကိုယ့်ဘ၀ပေးအခြေအနေနှင့်ကိုယ်မို့ ကံမောင် မသိချင်ယောင်ဆောင်နေသည်။

တောင်ပေါ်ယာခင်းက ဖထီးစောသာဂေး၏သမီး နော်မေဖောနှင့် နော်စေးဖောတို့သာလျှင် ရွာနှင့် ခပ်ဝေးဝေးမှာနေ၍ သားယောကျ်ားရှားပါးခြင်းကြောင့်လား မသိ၊ ဒီအရုပ်ဆိုး အကျည်းတန်ကြီးကို လက်ခံပေါင်းသင်းဆက်ဆံကြသည်။

ဒါကိုပင် ကံမောင်ကြီးက အဟုတ်ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖထီးစောသာဂေးတို့ ကြိုက်တတ်သော မြွေလိုကောင်မျိုး လိပ်လိုကောင်မျိုး ရပြီဆိုလျှင် စောသာဂေး၏ တောင်ယာခင်းကို အရင်ဆုံး သွားတော့သည်။

ရွာထဲမှာ သူ့တစ်အူထုံဆင်း ညီရင်းအစ်ကို မောင်နှမဖြစ်သော အစ်မကြီး မနှင်းယုန်နှင့် အစ်ကိုတော် ဉာဏ်မောင်ဆီသို့ပင် မရောက်ဖြစ်တတ်။

အစ်ကိုတော် ဉာဏ်မောင်က ရွာဦးကျောင်းတွင် သင်္ကန်း စည်းနေသည်မို့ ထားပါတော့။ တစ်ခြံတည်း တစ်ဝိုင်းတည်း အတူနေသော အိမ်ထောင်သည် အစ်မကြီး မနှင်းယုန်ဆီသို့ပင် ပြန်ရောက်ချင်မှ ရောက်တတ်သည်။

ဖထီးစောသာဂေး၏ တောင်ယာထဲမှာ ချက်ပြုတ်စားသောက် ပျော်ပျော်ပါးပါး ကခုန်သည်။ မူးမူးရူးရူးနှင့် မောသွားလျှင် တောင်ယာထဲမှ လင့်စင်တဲကလေးတွင် ထိုးအိပ်တတ်သည်။

ဒါပေမည့် တစ်နေ့ ကံမောင် မြွေပွေးကြီးတစ်ကောင် အင်းစပ်မှ ရလာ၍ ဖထီးစောသာဂေးနှင့် နော်မေဖောတို့ရှိရာ တောင်ယာခင်းသို့အသွား အခြားတောင်ပေါ်ရွာမှ ကရင်လူမျိုးညှော်သည်မိသားစုတစ်စုနှင့် ကြုံလိုက်ရသည်။

စောသာဂေးကြီးက တောင်ပေါ်ကရင်ပီပီ ပွင့်ပွင့်လင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ပင် ကံမောင်ကြီးကို ထိုနေ့ညနေ စားသောက်ပွဲတွင် ဖွင့်၍ပြောသည်။

"ကံမောင်ကြီးရေ...အခုရောက်လာတာ 'ထန်းတောကြီး' ရွာက စောတာပတို့ သားအမိသားအဖ မိသားစု သုံးယောက်ပဲ၊ စောတာပနဲ့ ငါနဲ့က သူငယ်ချင်းတွေ၊ ဆင်သူဌေးကွ၊ ခိုင်းဆင်ကြီး သုံးကောင် ပိုင်တယ်။ ခု သူသား 'စောတာပလာပေါ်' နဲ့ ငါ့သမီး နော်မေဖောကို ပေးစားဖို့ လာပြောကြတာ။ ငါတို့မှာ လူကြီးတွေကတိ ရှိတဲ့အတိုင်းပေးစားရမှာပေါ့။ ဒီမှာ မင်္ဂလာဆောင်ဖို့ မနက်ဖြန် ထန်းတောကြီးရွာက လူကြီးတွေ ရောက်လာလိမ့်မယ်"

စောသာဂေးက ရိုးရိုးသားသား ပြောနေသော်လည်း ကံမောင် မျက်နှာပျက်နေလေပြီ။ သူ၏ အတွင်းစိတ်က သူ့မျက်နှာမှာ ပေါ်သွားခဲ့၏။

ထိုအချိန်၌ ကံမောင့်မျက်နှာကြီးမှာ ကြောက်စရာကြီး ဖြစ်နေကြောင်း မိန်းကလေးများပီပီ အရက်သောက်မထားသော နော်မေဖော နှင့် နော်စေးဖောတို့ သတိပြုလိုက်မိသွားသည်။

ကံမောင် စောသာဂေးကြီးကို အလိုမကျ ဖြစ်ရပြီ။

အလိုမကျ ဖြစ်ရမှာပေါ့။ ကံမောင်ကြီးက ရုပ်ကြမ်း စိတ်ကြမ်းကြီးပေမယ့် စောသာဂေးကြီး၏ သမီးအချောအလှ ငယ်နုချော လေးကို ကြိုက်နေတဲ့သူ မဟုတ်လား။ ဒသဃဂီရိဘီလူးက မယ်သီတာ



www.burmeseclassic.com

www.burmeseclassic.com



လို ချောငယ်နုအလှကလေးကို အစွဲကြီး စွဲနေသည့်အဖြစ်မျိုး။

ဒါပေမည့်...

နောက်တစ်နေ့တွင် စောသာဂေးကြီးတောင်ယာထဲတွင် မင်္ဂလာအခမ်းအနားအစား အသုဘအခမ်းအနား ဖြစ်သွားရလေပြီ။

"သတို့သားလောင်း စောတာပလာပေါက ထန်းတောကြီးက နောက်တစ်နေ့ ရောက်လာမယ့် သူ့ရွာက ရွာလူကြီး ဧည့်သည်တွေကို သူကိုယ်တိုင် ရှာဖွေတဲ့ ငါးတွေနဲ့ ချက်ပြုတ်ကျွေးမွေးချင်တယ်ဆိုပြီး ပေတောကုန်းအင်းထဲ ငါသွားဖမ်းမယ့် ကံမောင်ကြီးနဲ့ လိုက်သွားရာက အင်းထဲမှာ ရေနစ်သေတာပဲ၊ အလောင်းတောင် ပြန်မရတော့ဘူး"

သတင်းကြား၍ သွားရောက်သတင်းမေးသူတွေမှာ စောသာဂေးကြီး ပြောစကားကြောင့် ကံမောင်ကြီးကို မယုံသင်္ကာ မျက်လုံးတွေနှင့် အလိုလိုကြည့်မိကြသည်။ သို့သော် ဘာမှဖွင့်၍မပြောရဲကြ။ သူတို့စိတ်ထဲမှာတော့ 'ကံမောင်ကြီးဟာ အင်းသရဲကြီး ဦးတာတီး ဝင်စားတဲ့ကောင်ကြီးများလား' ဟု သံသယတွေ အခိုင်အမာ ဖြစ်သွားကြလေပြီ။

ကံမောင် သူများတွေက မကောင်းကြံခြင်းကြောင့် သူ့ဘဝသည်လည်း တာတီးဖြစ်ဖို့ ဖန်လာခဲ့ပြန်သည်။

အင်းကြီးထဲမှာ တစ်ည ငါးဖမ်းနေစဉ် လူထက်ကြီးသော



www.burmeseclassic.com

www.burmeseclassic.com



ငါးကြီးတစ်ကောင် ရေထဲမှ ဝုန်းကနဲခုန်၍ ကံမောင်(တာတီး)ကို ခေါင်းဘက်က 'ဟပ်'ပြီး ကိုက်ချသွား၏။

ဦးခေါင်းမှ နာကျင်မှုဒဏ်ကြောင့် ပထမတော့ တာတီး ရေထဲမှာ တဗွမ်းဗွမ်း ရုန်းကန်သည်။ ခေါင်းကို ကိုက်ဆွဲထားသော ငါးကြီးကလည်း မလွှတ်။

တာတီးကို ရေပြင်အနက်ကြီးသို့ ဆွဲချသွား၏။

သို့သော် နာကျင်မှုဝေဒနာတွေက တစ်စစ ပျောက်ပြယ်သွားခဲ့သည်။ ထိုနာကျင်မှုသည် သာယာမှုအဖြစ်သို့ ရောက်ရှိသွားပြန်သည်။

အပုပ်နံ့တွေ ငါးညှီစော်အနံ့တွေ အမွှေးနံ့သာ ရနံ့တွေအဖြစ် ပြောင်းလဲသွား၏။

ထို့အတူ တာတီးဘဝသည်လည်း ပြောင်းလဲသွားရလေပြီ။

လူတွေ သေဆုံးသွားစဉ် မသာချသည့်နေ့၊ ရက်လည်ဆွမ်းသွတ်သည့်နေ့များ၌ ဘုန်းတော်ကြီးတွေ 'ဘဝတစ်ပါးမှ ဘဝတစ်ပါးသို့ ကူးပြောင်းရောက်ရှိသွားသော' ဆိုသည့် စကားအတိုင်း တာတီး ဖြစ်သွားရလေပြီလား။ ဘဝတစ်ပါးမှ ဘဝတစ်ပါးသို့ တကယ်ပဲ ကူးပြောင်းသွားခဲ့လေပြီလား။

ဘယ်လိုပဲဖြစ်ဖြစ် တာတီးအဖို့တော့ အင်မတန် သာယာသောဘဝသို့ ရောက်ရှိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



တာတီး ဦးခေါင်းကို ကိုက်ဆွဲချလာသော ငါးကြီး ပျောက်သွားပြီး တာတီးခေါင်းမှာ ရွှေစင်အတိပြီးသော ငါးခေါင်းသရဖူကြီး ရောက်နေ၏။

ပြီးတော့ တာတီး ရွှေရောင်နှင့် ကျောက်သံပတ္တမြားတွေ စီခြယ်ထားသည့် ရေအောက်နန်းတော်ကြီး၏ ပလ္လင်ကြီးပေါ် ရောက်ရှိသွားခြင်းပင်။

အကုသိုလ်ကောင်ကြီး တာတီးအတွက် အရာအားလုံးသည် နှစ်သက်ကျေနပ်ဖွယ် သာယာညွတ်နူးဖွယ်ချည်း ဖြစ်နေ၏။

သူ့ကို ခစားပြီး ပြားပြားဝပ်နေသူတွေထဲမှာ ဘဝပြောင်းလာသော တံငါသည်တွေ သူတို့ပေတောကုန်းရွာမှရော၊ အင်းကြီးပတ်ဝန်းကျင်ရှိ ရွာတွေမှရော ပါသည်။ မျက်နှာသိ မျက်နှာစိမ်းတွေ စုံသည်။

အဲဒီအထဲမှာ သူအကျေနပ်ဆုံး အနှစ်သက်ဆုံးကား ငြိမ့်ပြောင်းသော တူရိယာသံစဉ် တီးမှုတ်သီဆို ကခုန်သံများနှင့်အတူ ဖျော်ဖြေနေသော ငါးနတ်မိမယ်၊ ပုစွန်နတ်မိမယ်၊ ရေသူမသတ္တဝါ ရုပ္ပဆိုယအလှမယ်ကလေးများကိုပင်။

ဖျော်ဖြေပွဲတွေပြီးတော့ စားသောက်ပွဲကြီး။

တောတောင်တိရစ္ဆာန် ရေနေသတ္တဝါအမျိုးမျိုးကို မြစိမ်းစားပွဲကြီးပေါ် ရွှေပန်းကန်ပြားကြီးတွေနှင့် ပြင်ဆင်ထားသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်ကြော်လှော်ထားသည့်မဟုတ်။ ပကာတိ အစိမ်းသက်သက် အကောင်လိုက်အတိုင်း။

ဒါပေမည့် စားသောက်ရသည်မှာ နတ်သုဒ္ဓါတမျှ အရသာရှိလှသည်။

အိပ်စက်ရာတွင်ပင် ပတ္တမြားသလွန်ညောင်စောင်းပေါ်မှာ ငါးနတ်မိမယ်ကလေးများနှင့် အိစက်ညက်ညောသော ဖဲမွေ့ရာထက်၌ အကြည်အနူး အထူးထူးသော ဖောသောဖသတွေ ဆိုက်နေသည်မှာ ဘယ်ဘဝနှင့်မျှ မလဲနိုင်ပါလေတော့။

ဒါ...ဒါပေမဲ့...

ကြည်နူးဆွတ်ပျံ့ သာယာနာပျော်ဖွယ် ဣဋ္ဌာရုံတွေပြီးတော့ ကြောက်လန့်ချောက်ချားဖွယ်ရာ အနိဋ္ဌာရုံဘဝကြီးသို့ ချက်ချင်းကန်ချခြင်း ခံလိုက်ရသလို ပြောင်းလဲသွားပြန်၏။

တာတီးကြီး၏ ကိုယ်ပေါ်၌ နန်းဝတ်နန်းစားတွေ မရှိတော့။ ရေဘုရင်အဖြစ် ရွှေသားအတိပြီးသော ကျောက်သံပတ္တမြား စီခြယ်ထားသော သရဖူလည်း ပျောက်သွား၏။

တာတီး လူ့ဘဝက လာခဲ့သလို စုတ်စုတ်ပြတ်ပြတ် ပေပေရေရေ။

သူ့ကို သူသတ်ဖြတ်ခဲ့သော ငါးတွေ တောရိုင်းတိရစ္ဆာန်တွေ



www.burmeseclassic.com

www.burmeseclassic.com



က လက်နက်မျိုးစုံနှင့် ဝိုင်းဝန်းထိုးခုတ်ကြသည်။

ဒဏ်ရာဒဏ်ချက်တွေကြောင့် သွေးဒလူးလူး။

မခံမရပ်နိုင်ဖြစ်ပြီး တာတီး ထွက်ပြေးသည်။ မလွတ်။ တိရစ္ဆာန်တစ်ကောင်ကောင်၏ အထိုးအခုတ် အပိုင်းအဖြတ်တွေကြားကနေ တိရစ္ဆာန်တစ်ကောင်ကောင်၏ အကိုက်အခဲ အကုတ်အပြဲကို ခံရပြန်သည်။ တစ်ကောင်တည်း မဟုတ်၊ အကောင်ပေါင်းများစွာ၊ အမျိုးအမည် တစ်မျိုးတစ်စားတည်း မဟုတ်၊ အမျိုးအစားပေါင်းများစွာများစွာ။

ဝေဒနာ ခံစားရသည်မှာ ကြောက်ပါးလိလိ။

အဲဒီလို အနိဋ္ဌာရုံ အသည်းခိုက် အူလှိုက်အောင် ခံစားနေရာက လွတ်မြောက်လို လွတ်မြောက်ငြား အသံကုန် အသံပြာကြီးနှင့် ကုန်းရုန်းအော်ဟစ်မိသည်။

"ကြောက်ပါပြီဗျ၊ ကယ်တော်မူကြပါ"

သူ့အော်သံကြောင့် ကယ်မယ့်သူအစား ရေနစ်ရာမှာ ဆံပင်ကူ နှစ်မည့် ကြောက်လန့်တုန်လှုပ်ဖွယ် အသံကြီးတွေသာ ကြားရသည်။

"ဟဲ့ လူမိုက် တာတီး၊ နင် ရောက်နေတာ နေ့စံလို့ ညခံ၊ ညခံလို့ နေ့စံရတဲ့ အသူရကာယ်ဘုံ၊ နင့်ရဲ့ ပြုခဲ့သမျှ ဝဋ်ကြွေးကို နင်ပြန်ပြီးဆပ်ရမှာပေါ့၊ ဘာ ခုမှ ကြောက်ပါပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအသံကြီး ကြားရပြီးနောက် တာတီးအဖို့ လွတ်လမ်းမမြင်တော့။ သေချင်ပေမယ့် ချက်ချင်း မသေနိုင်ပြန်။

တာတီး ပြန်လည်ပြောပြခြင်းမှာ မစွမ်းသာနိုင်သော ဒုက္ခဝေဒနာတွေ ခံစားရင်းက တစ်ကိုယ်လုံး လေဟာနယ်ထဲ မြောက်တက်သွားပြန်၏။

အညှဉ်းဆဲ အနှိပ်စက်ခံ ငရဲမှ လွတ်မြောက်သွားပြီးနောက်..

တာတီးဘဝ ပြောင်းသွားပြန်၏။

ရွှေစင်အတိ ကျောက်သံပတ္တမြားတွေ စီခြယ်ထားသော ရွှေငါးခေါင်း ဆောင်းထားသည့် စည်းစိမ်ခံဘုရင်ကြီး ဖြစ်လာပြန်သည်။

ထူးခြားသည်မှာ စည်းစိမ်ခံ စံစားနေရစဉ် ငရဲခံခဲ့ရသော အဖြစ်ဆိုးကြီးတွေကို လုံးဝ သတိမရ။ ပျော်ပျော်ပါးပါး စံစားသည်။ ကာမဘုံအာရုံ၌ လုံးဝနစ်မြုပ်ကာ ပျော်ပိုက်လျက်။

ငရဲခံရသောအချိန်ကျ၍ ငရဲခံရသောအခါတွေမှာလည်း စည်းစိမ်စံစားရသော ရွှေငါးခေါင်းဆောင်း ဘုရင်ကြီးအဖြစ်ကို အနည်းမျှပင် သတိမရ။

တာတီးဘဝတွင် စံတစ်လှည့် ခံတစ်လှည့်နှင့် တာတီး ကျင်လည်နေခဲ့ရသည်။ လူ့ဘဝ ကုသိုလ်ကံပြုမိခဲ့ခြင်းက စံရပြီး၊ အကုသိုလ်ကံပြုမိ မကောင်းခြင်းကား ခံရခြင်းများလား။




www.burmeseclassic.com

www.burmeseclassic.com



တစ်ပွဲစား ကံမောင်သည် အင်းသရဲကြီး တာတီးဖြစ်လိုက်၊
ရွှေငါးသရဖူဆောင်း ဘုရင်ကြီး ဖြစ်လိုက်၊
အသူရကာယ်ဘုံစံဘဝ ရောက်နေရှာသည်ကို သူ မသိ။
လုံးဝမသိပြီ။

ကျော်မင်းနိုင်




BURMESE CLASSIC .com

အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

www.burmeseclassic.com

www.burmeseclassic.com



# ပယောဂပြွန်
# အရူးပျောက်အင်း

ကဝေနီ

ထုံးစံအတိုင်း ကျွန်တော်သည် ဆရာကြီးမင်းဒေဝနှင့် အတူ
နေသူဖြစ်၍ မနက်ခင်း အိပ်ရာက နှစ်ဦးသား နိုးလာပြီးသော် ကျွန်တော်
က ထမင်းအိုးအား ဟော့ပလိပ်ဖြင့်တည်၊ ကျက်လျှင် ထမင်းကြော်ပြီး

အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

www.burmeseclassic.com

www.burmeseclassic.com



လျှင် ဆရာမင်းဒေဝနှင့် ကျွန်တော့်အတွက် ပြင်ဆင်ပြီး စားသောက်ရန် လုပ်ကြသည်။ ယင်းအချိန် ဆရာကြီး မင်းဒေဝသည်လည်း မနက်တိုင်း ဘုရားဝတ်ပြုရာ ဘုရားခန်းမှ ထွက်လာပြီး ဖြစ်သည်။ ဆရာကြီးသည် မနက် ည ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့မှန်သည်။

စားသောက်ပြီးသောအခါ ဆရာကြီး မင်းဒေဝနှင့် ကျွန်တော်တို့ နှစ်ဦးသား ရုံဖန် အောက်ထပ်သို့ဆင်းပြီး အဖန်ရည်ကျကျနှင့် လက်ဖက်ရည် သောက်ကြလေသည်။

"ဗျို့...ဆရာကျောင်းရေ၊ ကျုပ်မှာဖြင့် ဆရာကျောင်း မနက်တိုင်းကြော်ကျွေးတဲ့ ထမင်းကြော်နဲ့ ကြက်ဥ ဟက်ဘွိုင်ကြော်ကိုတော့ စားပြီးရင်း စားချင်ပဲဗျို့၊ အဲ...ဒါပေမဲ့ ခက်တာကလည်း ထမင်းကြော်ဆိုတာ မနက်ခင်းစားသောက်တဲ့ ဘရိတ်ဖတ်စာဆိုတော့ ကြက်သွန်ကြော်ရနံ့လေးနဲ့ မဆလာနံ့လေးပါရုံ ကြက်ဥဟက်ဘွိုင် မကျက်တကျက်နဲ့ ထမင်းကြော်စားဖို့နောက်တစ်နေ့မနက် မိုးမြန်မြန်လင်းပါစေလို့တောင် ဆုတောင်းရမလို ဖြစ်နေပြီဗျ"

"အာ..ဆရာကြီးကလည်း ကျွန်တော်လည်း တတ်သလောက် မှတ်သလောက်လေးနဲ့ ကြော်တာပါ၊ ဆရာကြီး ကြိုက်နှစ်သက်ရင်တော့ပြောလေ၊ အချိန်မရွေး ကြော်ကျွေးဖို့ အသင့်ပါပဲ ဆရာကြီး"

"ကောင်းလို့ ကောင်းတယ် ပြောတာပါဗျာ၊ ဆရာကျောင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ရာကို ကျုပ်က သိပြီးသားဥစ္စာ"

"ဒေါက်၊ ဒေါက်၊ ဒေါက်၊ ဒေါက်၊ ဒေါက်"

"ဟော...ညွှန့်သည်ထင်တယ် ဆရာကြီး"

"ဟုတ်လိမ့်မယ်ဗျ ဆရာကျော့်ခင်း၊ တံခါးသွားဖွင့်ပေးလိုက်ပါဗျာ၊ လူနာဆိုလည်း ကုသပေးရတာပေါ့၊ ဘယ်သူလဲတော့ မသိဘူး"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကျွန်တော်က ဆရာကြီးမင်းဒေဝ အမိန့်ကြောင့် နောက်ဖေး ထမင်းစားခန်းကနေ ဧည့်ပိတ်ထားသော အခန်းတံခါးရှိရာသို့ လျှောက်လာခဲ့သည်။

"ဒေါက်၊ ဒေါက်"

တံခါးအနီးသို့အရောက် တံခါးခေါက်သံ ထပ်မံထွက်ပေါ်လာ၍ ကျွန်တော် တံခါးဖွင့်ပေးလိုက်သည်။ တံခါးအပြင်ဘက် သံပန်းတံခါးတစ်ဖက်၌ အသက်(၅၀)ကျော် အမျိုးသားကြီးတစ်ဦးနှင့်အတူ အမျိုးသမီးတစ်ဦး၊ လူငယ်တစ်ယောက်တို့အား မြင်လိုက်ရသည်။ သူတို့က အလောတကြီး မျက်နှာအမူအရာများနှင့်...

"ဒါ ဆရာကြီးမင်းဒေဝရဲ့ အခန်းလားရှင့်၊ ဆ...ဆရာကြီး ရှိပါသလားရှင့်"

"ဟုတ်ပါတယ်ခင်ဗျ၊ ဆရာမင်းဒေဝ ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အပြင်ဘက် သံတံခါးကိုပါ သော့ဖွင့်ပေးလိုက်သည်။ ထိုအချိန်၌ ဆရာကြီး မင်းဒေဝကလည်း အခန်းရှေ့ဧည့်ခန်းဘက်လျှောက်လာနေပြီဖြစ်သည်။ ဆရာမင်းဒေဝ ဆိုဖာခုံ၌ ထိုင်မိချိန်တွင် ပူပင်သောကရိပ်များ လွှမ်းခြုံကာ စိုးရိမ်မျက်ဝန်းများနှင့်အမျိုးသားကြီး၊ အမျိုးသမီးကြီးနှင့် လူငယ်က ဆရာကြီးမင်းဒေဝ၏ အရှေ့တွင် ဝင်ထိုင်လိုက်ကြလေသည်။

"ဒါ ဆရာကြီး မင်းဒေဝပါပဲ"

"ဩော်…ဟုတ်ကဲ့ရှင့်၊ အ…အမယ်လေး၊ ဝမ်းသာလိုက်တာ ဆရာကြီးရယ်၊ ကျွန်မတို့ ဆရာကြီးရဲ့ သတင်းကို ကြားသိနေရတာကြာပါပြီ၊ ခုလည်း လိပ်စာအရသာ လာသာလာခဲ့ရတယ်၊ ဟုတ်မှဟုတ်ပါ့မလား၊ တွေ့မှတွေ့ပါ့မလားလို့ ဆရာ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်တို့ သမီးလေးကို ကယ်…ကယ်ပါဦး ဆရာ"

အမျိုးသားနှင့် အမျိုးသမီးကြီးက အလောသုံးဆယ်တစ်ယောက် တစ်ခွန်း ဘာမှန်းညာမှန်းမသိ ပြောနေချိန်တွင် ဆရာကြီးမင်းဒေဝ မျက်ရိပ်ပြ၍ ကျွန်တော်သည် ရေနွေးဇုန်းနှင့် သောက်ရေသန့်ဘူးအား စားပွဲပေါ်တွင် အရံသင့် ထားပေးလိုက်သည်။ ဆရာကြီးမင်းဒေဝသည် ဧည့်သည်များအား ကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..တိုက်ပေါ် တက်လာရတာ မောနေမှာပေါ့၊ ရေသောက်လိုက်ကြပါဦး၊ ပြီးမှ လာရင်းကိစ္စ ကျွန်တော့်ကို ပြောပြပါ၊ ကျွန်တော်ကူညီနိုင်တဲ့ကိစ္စ၊ တတ်နိုင်တဲ့ကိစ္စဆိုရင် မငြင်းတတ်ပါဘူး"

"ကျေး...ကျေးဇူးပါ ဆရာကြီးရယ်၊ ဆရာကြီးက မေတ္တာနဲ့ ဘာငွေကြေးမှ မတောင်းခံ မယူဘဲ ကူညီပေးနေတာ ကျွန်မတို့ ကြားသိနေပါတယ်။ ဒါ...ဒါပေမဲ့ ကျွန်မရဲ့သမီးလေး ဒီလိုအရှက်တကွဲအကျိုးနဲဘဝနဲ့ လူလုံးမလှ ဖြစ်နေရတာ ကျွန်မ မကြည့်ရက်လို့ ကျွန်...ကျွန်မတို့ သမီးလေးရဲ့ အရှက်နဲ့ ဘဝကို ကယ်...ကယ်တင်ပေးပါဆရာ၊ ကျွန်မတို့ရှိသမျှ ဥစ္စာပစ္စည်းခြံဝိုင်းတွေ ကုန်..ကုန်.."

"နေ..နေပါဦးလေ၊ ခု ခင်ဗျားတို့ လာခဲ့ကြတာ ဘာကြောင့် ဘာဖြစ်လို့မှန်းလည်း ဆရာက မသိရသေးဘူး၊ ပြောနေတဲ့ စကားတွေကလည်း အရင်းမရှိ အဖျားမရှိဆိုတော့ ကျုပ်လည်း လိပ်ပတ်မလည်ဘူး၊ သေချာ စိတ်အေးအေးပြောပါ၊ ဒါမှ ကျုပ် နားလည်မှာပေါ့ဗျာ"

"ဟုတ်သားပဲ မနှင်းစိန်ရယ်၊ ဆရာကြီးကို ကျုပ်တို့ သမီးလေး ဘယ်ကနေ ဘယ်လို ဘယ်အချိန်ကစပြီး ခုလို အရှက်ကင်းမဲ့တဲ့ ထိန်းမနိုင် သိမ်းမရ အခြေအနေ ဖြစ်ရသလဲဆိုတာ ဆရာကြီး နားလည်အောင် ပြောပြမှပေါ့"

"ဒီ...ဒီလိုပါ ဆရာကြီးရှင့်၊ သမီးနာမည်က မခင်မွန်တွေး



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကျွန်…ကျွန်မတို့က သန်လျင် ခရမ်းဘက်က ရွာတစ်ရွာမှာ နေပါတယ် ဆရာ၊ ကျွန်မတို့ မိသားစုက လယ်နဲ့ကိုင်းသီးနှံစိုက်ပျိုး သလို ကျွန်မနဲ့ သမီးလေး ခင်မွန်ထွေးကတော့ သန်လျင် မြို့မဈေးကြီး မှာ ရွှေတိုရွှေစလေးတွေနဲ့ရောင်းတဲ့ ရွှေဆိုင်လေး ဖွင့်ထားပါတယ်၊ ဖြစ်ပါပုံက ဒီလိုပါရှင်…"

မနှင်းစိန် ဟူသော အမျိုးသမီးကြီးက ပြောပြသည်မှာ သူတို့ က ရွာတွင် ပစ္စည်းဥစ္စာ ကြွယ်ဝသော ရွာမျက်နှာဖုံးများ မဟုတ်ကြပါ သော်လည်း မိဘဘိုးဘွား အစဉ်အဆက် လယ်မြေ ကိုင်းများ ပိုင်ဆိုင် ၍ လုပ်ကိုင်လာခဲ့ကြပြီး လွန်ခဲ့ပါသော နှစ်နှစ်ခန့်ကမှ သန်လျင်ဈေး ထဲတွင် ဆွေမျိုးတော်စပ်သူတစ်ဦးနှင့်အတူ သမီးဖြစ်သူ၏ နောင်ရေး အတွက် ရွှေဆိုင်ပေါက်စလေးတည်ကာ အရောင်းအဝယ်လုပ်ငန်း စတင်လုပ်ကိုင်ခဲ့ကြသည်။ ယခင်က ရွာတွင် ချောင်လည်သော မိသားစု စာရင်းဝင် ဖြစ်သော်လည်း ကုသိုလ်ကံလိုက်သည်လား အကျိုးပေး သည်လားတော့ မသိချေ။ ရွှေဆိုင်လေး စတင်ဖွင့်လှစ်ပြီး သိပ်မကြာ ခင် သီးနှံများလည်း တစ်နှစ်ပြီး တစ်နှစ် အောင်ကာ စီးပွားရေး အောင်မြင်လာ၍ ရွာတွင်လည်း အလှူအတန်းကိစ္စများ၌ စိတ်တိုင်းကျ လှူနိုင်တန်းနိုင်သော စာရင်းဝင်လာလေတော့သည်။ သမီးဖြစ်သူ ခင်မွန်ထွေးမှာလည်း ရွာ၏ ကွမ်းတောင်ကိုင် အချောအလှစာရင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ပြီး ယခင်က ချောင်လည်ရုံ စားနိုင်သောက်နိုင်ရုံဘဝမှနေ၍ ယခု မိခင်ဖြစ်သူနှင့် ကိုယ်တိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြသောအခါ ခင်မွန်ထွေး၏ အလုပ်မှာ အခြားသက်တူရွယ်တူတွေထက် ဝတ်နိုင် စားနိုင်လာသောအခါ ထုံးစံအတိုင်း ပုထုဇဉ်တို့သဘောအရ အမနာပ ကဲ့ရဲ့စကားများလည်း ရင်ဆိုင်ရပါလို မျက်စောင်းထိုး လည်းခံရသည်ဟု ဆိုသည်။ နောက်တစ်ချက်မှာ ခင်မွန်ထွေးမှာ ရွာတွင်လည်း ဆယ်တန်းကိုနှစ်ချင်းပေါက် ထူးချွန်အောင်မြင်ခဲ့ပြီး ယင်းနှစ်က ရွာမှ ငါးယောက်ဖြေဆိုရာ ခင်မွန်ထွေးတစ်ယောက်တည်း ကသာ အောင်မြင်ခဲ့၍ အချို့သော ရွာရှိသမီးရှင်မိခင်အချို့က မကျေနပ် ဟု ပြောကြသည်။ မနှင်းစိန်ကမူ ရေးကပင် တောသူတောင်သားပီပီ မဟုတ်မခံစိတ်ရှိပြီး မှန်ရာ ဒဲ့ဒိုးပြောဆိုတတ်၍ မနှင်းစိန်နှုတ်ကို ကြောက်၍ လွန်ကျူးစွာတော့ မပြောဆိုကြပေ။

ဒါပေမဲ့ လွန်ခဲ့သော တစ်လခန့်လောက်ကမှ စတင်ပြီး သမီးဖြစ်သူ ခင်မွန်ထွေးမှာ မည်သည်ကမည်ပုံဖြစ်မှန်း မသိရပါဘဲ အချိန်ရှိသရွေ့ တမှိုင်မှိုင် တတွေတွေ ဖြစ်လာခဲ့ရာမှ ရုတ်ခြည်း အအိပ်မမှန်၊ အစားမမှန်ဖြစ်ကာ ပါးစပ်ကနေ ပြောချင်ရာပြော၊ သွားချင်ရာ စွတ်ရွတ်ထွက်သွား၍ မိသားစုမှာ လိုက်လံရှာဖွေရ ထိန်းသိမ်းရနှင့် အလုပ်အကိုင်ပျက်၊ အအိပ်ပျက်၊ အစားပျက်ကာ သန်လျင်ရှိ ဆိုင်ကလေးပင်



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တပိတ်ထားရသည်ဟု ဆိုသည်။ ရုတ်တရက် အကောင်းကြီးကနေ စိတ်ဖောက်ပြန်သလို ဘယ်ကဘယ်လိုဖြစ်မှန်း ရေရေရာရာ မသိရဘဲ ခင်မွန်ထွေးသည် သွားချင်ရာသွား၊ ပြောချင်ရာပြော၊ နေချင်ရာနေသည့် စိတ်ရောဂါဆန်းက စွဲကပ်လာ၍ မိဘနှစ်ပါးနှင့် ဆွေမျိုးများမှာ ရတက် မအေး ပူဆွေးနေကြရလေသည်။ မျက်စိအောက်က အပျောက်မခံကြဘဲ အခန်းတွင်းသာ ပိတ်လှောင်ထားရလေသည်။ ခင်မင်ရင်းနှီးသော သူတွေ၏ အကြံပေးလမ်းညွှန်ချက်များကြောင့် ရှာနီးချုပ်စပ်မှ ပယောဂဆရာအချို့ဖြင့် ပြသကြည့်ပါသော်လည်း ယင်းဆရာတို့သာ ပြန်ပြေးကြရလေသည်။ ခင်မွန်ထွေးမှာ အရူးရောဂါပိုမို၍ ဆိုးရွားလာသလို ဖြစ်လာသည်ဟု ပြောကြသည်။ နောက်ဆုံး မည်သူပြောပြော မည်သည့် ဆရာနှင့်မျှ မကုသတော့ဘဲ မျက်စိအောက် အပျောက်မခံ ထားရာမှ လွန်ခဲ့သည့် တစ်ပတ်ခန့်က မိဘမောင်ဖွားများရှေ့တွင်ပင် ခန္ဓာကိုယ်၌ အဝတ်ပ...ထား မကပ်တော့ဘဲ ဖြစ်နေ၍ တိုးတိုးတိတ်တိတ်ပင် အခန်းထဲ လှောင်ထ...ရသည့် အခြေအနေထိ ရောက်နေသည်ဟု ဒေါ်နှင်းစိန် ဆိုသော မိ...ကြီးက မျက်ရည်လည်ရွှဲဖြင့် ပြောလေသည်။

မိဘ...းစု၏ အရှက်၊ ဂုဏ်သိက္ခာတို့ကြောင့်လည်း ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံသို့ မပြသရဲဟု ပြောသည်။ ဖြစ်စဉ်ကို ပြောပြပြီးသွားပါသော်လည်း မနှင်းစိန်မှာ မျက်ရည်လက်စ မသိမ်းနိုင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျုပ်အနေနဲ့ ဘာကူညီပေးရမလဲ ပြောပါ"

"ဆ…ဆရာကြီးရဲ့ သတင်းလည်း ကျွန်မတို့ ကြား…ကြားသိပြီးသားပါရှင်၊ အဲ..အဲဒါ ကျွန်မသမီးရဲ့ အရုက်နဲ့ ဘဝကို ဆရာကြီးမင်းဒေဝ လိုက်လံပြီး ကယ်တင်ပေးပါလို့ ကျွန်…ကျွန်မတို့ ခြေစုံဖက်ပြီး ကန်တော့ပါတယ် ဆရာကြီး"

"ဟုတ်..ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်လည်း ကန်တော့ပါတယ်ဗျာ"

"ဟာ…မလုပ်ပါနဲ့၊ နေပါ၊ နေပါ၊ ကျုပ်အကြောင်းလည်း ခင်ဗျားတို့ ကြားသိနေပြီးသားဆိုတော့ အထူးပြောပြမနေတော့ပါဘူး၊ ဒါထက် ခင်ဗျားတို့ရွာက ခရမ်းနယ်ဘက်မှာနော်"

"ဟုတ်၊ ဟုတ်ကဲ့ပါ ဆရာကြီး၊ ခရမ်းမြို့နယ်အစပ်လို့ ပြောရမှာပေါ့၊ ကားလမ်းဘေးကနေ နာရီဝက်လောက်ဝင်ရင် ရောက်ပါပြီ၊ ရွာနာမည်က ညောင်ပင်သာရွာပါ"

"ဒီလိုလုပ်လေ၊ ကျုပ်က အနီးအနားဆို ခုချက်ချင်း လိုက်ခဲ့လို့ ဖြစ်ပါတယ်၊ ဒါပေမဲ့ ဒီကနေ့ မနက်ပိုင်းမှာ အရေးကြီးတဲ့ ညှိသည် ဝေဒနာရှင်တစ်ယောက်ဆီ သွားပေးရမယ်၊ မနက်ကျ ခင်ဗျားတို့ လာခေါ်၊ ဟုတ်ပြီလား၊ ကျုပ်လည်း ပြင်ဆင်စရာရှိတာလေးတွေ အဝတ်အစားကအစ ထည့်သိုရဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် . . . ကျွန်မ သမီးလေး ပျောက် . . . ပျောက်မှာပါနော် ဆရာကြီး"

"ကျုပ် အတတ်နိုင်ဆုံး ကယ်တင်ကုသပေးမယ်လို့တော့ အာမခံပါတယ်ဗျာ၊ ဝဋ်နာ ကံနာ ဆိုရင်တော့လည်း မတတ်နိုင်ဘူးပေါ့၊ အဲ . . . ဒါပေမဲ့ ခင်ဗျားတို့ ပြောပြနေတုန်းက ကျုပ်အာရုံထဲမယ် ခင်ဗျား သမီးကို ဖျတ်ကနဲ တွေ့လိုက်ရပါတယ်၊ အသားဖြူဖြူ သွယ်သွယ် ချောချောလေးပဲ၊ ပါးပြင်အောက် နှုတ်ခမ်းထောင့်မှာလည်း မှဲ့အနီစက် ကလေးနဲ့၊ တကယ့်မိန်းမချောလေးပဲ၊ အင်း . . . သနားစရာ"

"ရှင် . . . ဟုတ် . . . ဟုတ်ပါတယ် ဆရာကြီးရယ်၊ သမီးက မွေးကတည်းက နှုတ်ခမ်းထောင့်မှာ မှဲ့နီလေး ပါလာခဲ့တာ"

"ကဲ . . . မနက်ကျ စောစောလာခေါ် ဟုတ်လား"

"စိတ်ချပါ ဆရာကြီး၊ မိုးမလင်းခင် ရောက်အောင် လာပင့် ပါမယ်"

စကားဆုံးသည်နှင့် အမျိုးသားကြီးနှင့် မနှင်းစိန် ဟူသော အမျိုးသမီးကြီး၊ လူငယ်တို့ကပါ ဆရာကြီး မင်းဒေဝအား အသင့်ယူ ဆောင်လာသော ဖယောင်းတိုင်၊ အမွှေးတိုင်ထုပ်များ၊ စားသောက်ဖွယ်ရာ မုန့်ဘူးတစ်ဘူးနှင့်အတူ ကြမ်းပြင်၌ ပြားပြားဝပ်မှု ကန်တော့လျက် အလာတုန်းကကဲ့သို့ ညှိုးနွမ်းပူပင်သောက ရောက်နေသော မျက်နှာများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မဟုတ်ဘဲ အနည်းငယ် ကြည်လင်ကာ ပြန်ထွက်သွားကြလေတော့သည်။

ဆရာကြီး မင်းဒေဝသည် ဧည့်သည်များ မရှိတော့သည်နှင့် ဆိုဖာထိုင်ခုံအား နောက်မှီလျက် မျက်လုံးမှိတ်ကာ အတန်ကြာ ငြိမ်သက်နေလေတော့သည်။ ကျွန်တော်လည်း သိမ်းစရာရှိတာတွေ အလျင်အမြန် သိမ်းဆည်းရလေတော့သည်။

× × ×

ကားလေးက သန်လျင် ခရမ်း သုံးခွလမ်းအတိုင်း နံနက်ဦးစောစော နေရောင်အလင်းစက်များ ပြန့်ကျဲနေစဉ်မှာပင် တရိပ်ရိပ်ပြေးနေသည်။ မနက်စောလည်းဖြစ်၊ မြို့ပြင်လွတ်လပ်သော လယ်ကွင်းများနှင့်မှ တသုန်သုန် တဟူးဟူးဖြင့် တိုက်ခတ်နေသည့် လေပြေများကလည်း ကားမှန်ပြတင်းမှ လွတ်လပ်စွာ အဆီးအတားမရှိ ဝင်ရောက်နေသဖြင့် ဆရာမင်းဒေဝနှင့် ကျွန်တော်သည် အေးမြသော အထိအတွေ့အား စိတ်နှောင်ကြိုးမဲ့စွာ ခံစားနေရလေတော့သည်။ ညောင်ပင်သာရွာမှ မနှင်းစိန်၏ အမျိုးသားကြီး ဦးလှငွေကိုယ်တိုင် ယမန်နေ့က ကတိစကားအတိုင်း မနက် ကျီးမနိုးမီ တိုက်အောက် ကားရောက်နေ၍ ဆရာမင်းဒေဝရော ကျွန်တော်ပါ အသင့်ပြင်ဆင်ထားပြီးသော ခရီးဆောင်အိတ်နှင့် ခရမ်းသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။ ဆရာမင်းဒေဝ



www.burmeseclassic.com

www.burmeseclassic.com



က ကားခေါင်းမထိုင်ဘဲ ကျွန်တော်နှင့်အတူ နောက်ခန်းထိုင်သည်။

ရုတ်တရက် ဆရာမင်းဒေဝက…

“ဒီဘက်နယ်တွေက ဟိုးတစ်ချိန်တုန်းကဆို တောကြီးမျက်မည်းနေရာတွေ၊ ခရမ်းကနေမှတစ်ဆင့် ပဲခူး၊ ကျောက်တန်းကို ရေးကဆို ဒီကနေပဲ ကူးသန်းသွားလာကြတာ၊ နောက် ဒီဘက်နယ်တွေမှာ ရှေးကတည်းက ပညာရှင်တွေ အများကြီး ရှိသလို အစွမ်းထက် ပညာတွေလည်း ရှိတယ်ဗျ ဆရာကျောင်းရ”

“ဟုတ်လား ဆရာ”

“ဟုတ်တယ်၊ တော်တန်ရုံ ဆရာပေါက်စနဲ့ဆို ခရမ်း သုံးခွနယ်ထဲ မဝင်ရဲဘူးလို့တောင် ဟိုတုန်းက အဆိုရှိတယ်”

“ဒါထက် ဆရာ၊ မသိလို့ပါ၊ ဆရာ ကုသနေတာ ခုလိုအရူး၊ အဲ…စိတ်ဖောက်ပြန် ရူးသွပ်ပြီး ထိန်းမနိုင် သိမ်းမရ လူနာကို ကုသတာ သိပ်မတွေ့ရဘူး၊ ခုကော အဲဒီကောင်မလေးက တံ…တံခါးတောင် ပိတ်ထားရတယ်ဆိုတော့”

ကျွန်တော်က သိချင်လွန်း၍သာ စိုးရိမ်စိတ်တစ်ပိုင်း ယုံကြည်စိတ်တစ်ပိုင်းဖြင့် ဆရာမင်းဒေဝအား ကားခေါင်းမှ လူနာ၏ ဖခင် မရိပ်မိ မကြားအောင် ခပ်တိုးတိုး မေးမိလေသည်။ ဆရာမင်းဒေဝက သူ၏ မှုပိုင်းမျက်နှာပေ မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ဖြင့် ကျွန်တော့်အား



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ကာ...

"ဘာလဲ၊ ဆရာကျော်င်းက ကျွန်တော့်ကို မယုံလို့လားဗျ"

"ဟာ...မ...မဟုတ်ပါဘူး၊ ဆရာဒေဝရယ်၊ ကျွန်တော်က အကြွင်းမဲ့ ယုံပြီးသားပါ၊ ခုဥစ္စာက မကြုံဖူးတော့..."

"ဟိုရောက်တော့လည်း အခြေအနေမှန်၊ အဖြေမှန်ကို လက်တွေ့သိရမှာပေါ့ ဆရာကျော်င်းရာ၊ ခင်ဗျားအတွက် ရေးစရာ ကုန်ကြမ်းတစ်ခု အဖြစ်အပျက်မှန်တစ်ခု ရတာပေါ့လေ"

"ရှေ့မှာ ရောက်ပြီ၊ ဆရာကြီး"

ဆရာမင်းဒေဝနှင့် ကျွန်တော်တို့ လိုက်ပါလာသော ကားလေးမှာ ခရမ်း သန်လျင် ကားလမ်းမကြီးပေါ်မှ ညာဘက် ဖဲ့ဆင်းကာ မြေနီလမ်းအတိုင်း အရှေ့ဘက်ရှိ တောအုပ် သစ်ပင်အုပ်စိမ်းစိမ်းလေးများ တည်ရှိနေသော ရွာလေးကို ပဲခင်း၊ မြေပဲခင်းများအား ဖြတ်ကျော်ရင်း ကြည့်မိသည်။ ရွာမှာ အတော်အတန် ကြီးမားပုံရလေသည်။

သိပ်ကြာကြာပင် မသွားလိုက်ရပါချေ။

ရွာလမ်းအတိုင်း ကားလေးမှာ မောင်းဝင်လာပြီး ရွာလယ် မကျတကျလောက်ရှိ ခြံဝိုင်းကျယ်ကြီးနှင့် နှစ်ထပ်တိုက်ခံအိမ်ရှေ့တွင် တုံ့ကနဲ ရပ်သွားသည်။ ကားရပ်ရပ်ချင်း ရှေ့ခန်းမှ ဦးလှငွေက ကမန်းကတန်း ဆင်းလာပြီး ကားတံခါး ဖွင့်ပေးသလို တိုက်တွင်းမှလည်း



www.burmeseclassic.com

www.burmeseclassic.com



မနေ့က လာရောက်ခဲ့သော မနှင်းစိန်က အလှူ့အမြန် ပြေးထွက်လာသည်။

"ကြွ...ကြွပါ ဆရာမင်းဒေဝ၊ သမီးက အပေါ်ထပ်မှာပါ"

ဆရာမင်းဒေဝသည် တိုက်၏ အိမ်ရှေ့ခြံထောင့်သို့ တစ်ချက်စူးကနဲကြည့်ကာ လျှပ်တစ်ပြက် ကစ်ခြံလုံး ဝေ့ရမ်းကြည့်လိုက်ပြီး ဦးလှငွေနှင့် မနှင်းစိန်တို့ ခေါ်ဆောင်ရာ တိုက်တွင်းသို့ လှမ်းဝင်ခဲ့ပြီး လှေကားမှတစ်ဆင့် အပေါ်ထပ်သို့ လှမ်းတက်လာခဲ့လေသည်။ အိမ်၏ အပေါ်ထပ် ဘုရားကျောင်းဆောင်ရှေ့တွင် ယမန်နေ့ကပင် တင်ကြိုမှာထားလိုက်သော ငှက်ပျော အုန်းများကို အလှယ်တကူ ပြင်ဆင်ထားတာ တွေ့ရ၏။

"သမီးက ဟိုဘက်အခန်းထဲမှာပါ ဆရာ"

"ကိစ္စမရှိပါဘူး၊ ကျုပ် ရောက်လာပြီပဲ၊ မိမွေးတိုင်း ဖမွေးတိုင်း ပြန်ဖြစ်သွားမှာပါ၊ ကျုပ် လုပ်စရာလေးတွေ ရှိသေးတယ်၊ ဒေါ်နှင်းစိန် ပြီးမှ လူနာနဲ့ တွေ့ကြတာပေါ့ဗျာ"

ဆရာမင်းဒေဝသည် ဦးစွာပထမ ဘုရားရှင်အား ကန်တော့ဝတ်ဖြည့်ပြီး ကျွန်တော့်အား မျက်ရိပ်ပြ၍ ကျွန်တော်က ပွဲများပြင်ဆင်ရန် အကူအညီပေးပြီး ဆရာမင်းဒေဝနှင့်အတူ သာသနာပွဲနှင့် ဝိဇ္ဇာပွဲ(ခ) အထက်ဆရာတော်ကြီးများပွဲကို ကိုယ်တိုင်ပြင်ဆင် ဆက်ကပ်ပြီး လျှ



www.burmeseclassic.com

www.burmeseclassic.com



ဒါန်းကြသည်။ ဆရာမင်းဒေဝနှင့် ကျွန်တော်တို့အား အိမ်အပေါ်ထပ်တွင် လူနာနှင့် ဆွေမျိုးသားချင်းများ ဖြစ်ဟန်တူသော လူဆယ်ယောက်ခန့်မှ ငြိမ်သက်စွာ ကြည့်နေကြလျက်ရှိသည်။ ရူးနေသူ စိတ်ဖောက်ပြန်နေသော အသက်(၂၀) ရွယ် မခင်မွန်ထွေးအား ချုပ်နှောင်ထားသည်ဆိုသော အခန်းထဲမှ တစ်ခါတစ်ရံ ရယ်သံလွင်လွင်၊ ရံဖန် မပီပိုးတဝါး ပြောချင်ရာ ပြောဆိုနေကြသော စကားသံများကို ကြားနေရသည်။ အခန်းတံခါးကိုမူ စေ့ရုံ စေ့ထားပုံရသည်။ ဖခင်ဖြစ်သူ ဦးလှငွေကို တံခါးပေါက်ဝတွင် တွေ့ရသည်။ ဆရာမင်းဒေဝမှ ဦးလှငွေ၊ ဒေါ်နှင်းစိန်တို့အား အနားသို့ လက်ပြလှမ်းခေါ်လိုက်ပြီး အပေါ်ထပ်ရှိ အချို့သောသူများအား ဝေ့ကနဲ တစ်ချက်ကြည့်ကာ...

"ကဲ...လူနာရှင် မိန်းကလေးရဲ့ ဖခင်နဲ့ မိခင်ဖြစ်သူကို ကျုပ် မေးစရာရှိတယ်"

"ဟုတ်...ဟုတ်ကဲ့ မေးပါ ဆရာ"

"ဦးလှငွေနဲ့ ဒေါ်နှင်းစိန်တို့အနေနဲ့ ခင်ဗျားတို့ရဲ့ စိတ်ဖောက်ပြန် ရူးသွပ်နေသလို ဖြစ်နေတဲ့ သမီးလေး ခင်မွန်ထွေး ဆိုတဲ့ လူနာတို့ကို ကျုပ်က ကျုပ်တတ်ကျွမ်းတဲ့ ဆေးပညာ၊ ပယောဂကုပညာနဲ့ ကုသပယ်တင်ဖို့ လာပြီးပင့်ခေါ်အပ်နံ့တာ ဟုတ်တယ်နော်"

"ဟုတ်၊ ဟုတ်ပါတယ် ဆရာကြီးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခင်ဗျားတို့ မိဘနှစ်ပါးနဲ့ ဆွေမျိုးသားချင်းတွေကပါ ကြည်ဖြူလိုလားစွာ အပ်နှံတဲ့အတွက် ခုချိန်ကစပြီး ကယ်တင်ကုသ မယ်၊ ကဲ ဒေါ်နှင်းစိန် ခင်ဗျားနဲ့ မိန်းမသားတွေက သမီးလေး ခင်မွန် ထွေးကို ဒီခေါ်လာခဲ့ပါ"

"ဆ…ဆရာ…ဟို…သူ့…သူ့မှာ ဘာအဝတ်မှ မရှိ…"

"ခင်ဗျားက မိခင်ပဲဗျာ၊ လုံခြုံအောင် ဝတ်ပြုပြီး ခေါ်လာခဲ့ ပေါ့၊ သူ အဝတ်ခံပါလိမ့်မယ်၊ ထဘီကိုတော့ ကြိုးစည်းခဲ့"

ဆရာမင်းဒေဝ၏ ခပ်ထန်ထန်စကားကြောင့် ဒေါ်နှင်းစိန်မှာ အသက်ကြီးကြီး အမျိုးသမီးကြီးနှစ်ဦးသည် အခန်းတွင်းသို့ ကမန်း ကတန်း အလျင်အမြန် ဝင်သွားကြလေသည်။ အခန်းတွင်းမှ တွန်းထိုး ရုန်းကန်သံ၊ ချော့မော့ဖျောင်းဖျသံများကို အပြင်ကနေ ကြားနေရလေ သည်။ ခဏအကြာ ဒေါ်နှင်းစိန်နှင့် အမျိုးသမီးကြီးများကြားတွင် အဝတ်အစား ကပိုကရိုဖြင့် မိန်းကလေးတစ်ဦး ဆရာမင်းဒေဝရှေ့သို့ ရောက်လာသည်။

"ကဲ…ထိုင် သမီး၊ ဘုရားကို ကန်တော့"

ဝေဒနာရှင် ခင်မွန်ထွေးက ဘုရားကျောင်းဆောင်အား တစ်လှည့်၊ ဆရာမင်းဒေဝအားတစ်လှည့် ရယ်မလို ပြုံးမလို မခို့တရို့ မျက်နှာပေးနှင့် မိခင်ဖြစ်သူ လက်ထဲမှာပင် ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းဒေဝ လျှာဒါန်းထွန်းညှိထားသော အလင်းတိုင်မှာ သာသနာပွဲတော်ရှေ့တွင် တည်ငြိမ်စွာ လင်းလက်နေလျက်...

× × ×

"အဟီး...ဒီက အစ်ကိုကြီးက အရမ်းချောပြီး ခန့်ညားတယ်နော်၊ ခစ် ခစ်၊ အယ် ကိုနေတိုး ကိုနေတိုးကြီးပဲ၊ ခစ် ခစ်"

"သူ...သူနဲ့ ခင်မွန်က ချစ်သူတွေ သိလား ခစ် ခစ်"

"ဟို သမီးကလည်း ဘာတွေပြောနေတာလဲ၊ ဆရာကြီးကို ကန်တော့လိုက်၊ ထိုင် ထိုင်လိုက် သမီးလေး၊ လိမ္မာတယ်နော်"

ထိုအခါမှ ဝေဒနာရှင် ခင်မွန်ထွေးက ဆရာမင်းဒေဝရှေ့တွင် ဘုရားအား မကန်တော့ချင် ကန်တော့ချင်ဟန်ဖြင့် ကန်တော့ပြီး တင်ပလ္လင်ခွေကာ ထိုင်သည်။ သူမ၏ ခန္ဓာပေါ်တွင်လည်း ယောကျ်ား များဝတ်သော ရှပ်အင်္ကျီပွပွကြီးမှာ ဖရိုဖရဲဖြစ်နေသလို ထဘီကိုလည်း လုံးထွေးပြီး ကြိုးဖြင့် ဖြစ်သလို ပတ်ချည်ထားလေသည်။ ခင်မွန်ထွေး မှာ ယခုကဲ့သို့ မူလပကတိ အသိစိတ်ကင်းမဲ့ကာ စိတ်ဝေဒနာရှင်လေး ဖြစ်နေပါသော်လည်း သူမ၏ ငယ်နုလန်းမျစ်သော အလှကိုမူ မဖုံးဖိ ထားနိုင်ပါ။

ဆရာမင်းဒေဝကမူ သူ့ရှေ့တွင် ဟိုကြည့် ဒီကြည့်နှင့် ကြောင် ငေးငေးလေး ဖြစ်နေပါသော ခင်မွန်ထွေးအား တစ်ချက်မျှ စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အင်းတစ်ချပ်အား စားပွဲခုံငယ်ပေါ်၌ ဆွဲနေသည်။ ကျွန်တော်သည် မသိမသာ အကဲခတ်ကြည့်သော်လည်း ဆရာမင်းဒေဝ ရေးဆွဲနေသော မှိုင်းကိုင်စက္ကူပေါ်မှ အင်းကို မမြင်မတွေ့ဖူးချေ။ ပြီးလျှင် နှုတ်ခမ်းကို တဖွဖွလေး ရွတ်ရုံမျှရွတ်ကာ အင်းကို မီးရှို့လိုက်ပြီး ကြွေပန်းကန်လုံး ထဲထည့်ကာ ဘုရားသောက်တော်ရေကိုပါ အနည်းငယ် ထည့်သည်။ အိမ်အပေါ်ထပ်ရှိ လူများမှာ တစ်စက်မျှ အသံဗလံ မထွက်ရတဲ့ ခန္ဓာကိုယ်ပေါ် အဝတ်ဗလာနှင့် အင်္ကျီထဘီ မကပ်သည့် အရူးကို မည်သို့ကုသမည်လဲ။ ရိုက်၍ နှက်၍ ကုသမည်လား၊ ကြိမ်လုံးကိုင်၍ ကုသမည်လား ဝေခွဲပိုင်းခြားမရဟန် မျက်ဝန်းများဖြင့် ကြည့်ရှုနေလေသည်။

ယင်းအခိုက်မှာပင်…

"အဟင်းဟင်း ခစ် ခစ်၊ လာပြန်ပြီလား ဆရာတစ်ယောက်၊ မမှတ်သေးဘူးထင်တယ်၊ ခစ် ခစ်"

"ကဲ…ဘာမှ ချိန်းချောက်ဟိန်းဟောက်မနေပါနဲ့ဗျာ၊ ကျုပ်က မေတ္တာသမားပါ၊ ခုလည်း ဒီလူနာကလေးမရဲ့ အရှက်နဲ့ ဘဝကို သနားလို့ ခုလိုဘဝမျိုးဖြစ်အောင် ပြုလုပ်ထားတဲ့သူကို ခေါ်လိုက်တာပါ၊ ဒီကလေးမကို သူ့မိဘတွေက ကျုပ်ကုသဖို့ အပ်နှံလို့ ကျုပ်လူနာ ဖြစ်သွားပါပြီ၊ ဘာကြောင့် ခုလို လုပ်ထားတာလဲ၊ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"မကျေနပ်လို့ဟော့၊ မကျေနပ်လို့ သိလား၊ ထပ်ပြီးပြောရင် သူတို့မိသားစု စီးပွားတက်တာ မကျေနပ်လို့ လုပ်တာပဲ"

ရုတ်တရက်ချက်ချင်း ကြောင်ငေးငေးလေး ဖြစ်နေသည့် ဝေဒနာရှင် အရူးမလေး ခင်မွန်တွေးက မျက်နှာသွင်ပြင်ပြောင်းလဲသွားပြီး ခက်ထန် မာကြောသောလေသံနှင့် အံကြိတ်ကာ ပြောလိုက်၍ အားလုံးထိတ်လန့် အံ့သြသွားကြလေသည်။

"ဟာ…မကျေနပ်လို့တဲ့"

"ဟုတ်တယ်၊ ခင်မွန် မဟုတ်တော့ဘူး၊ သူ့ကို ဒီလိုဖြစ်အောင် လုပ်ထားတဲ့ စုန်းမပဲဖြစ်မှာ၊ ကြည့်ပါလား၊ မျက်လုံးတွေက ဝင်းဝင်းတောက်နေတာ"

"ဟိုတစ်ခါ ထွက်ပြေးရတဲ့ ဆရာကလည်း ကဝေမစက်မိနေတာလို့ ပြောတယ်၊ ကဝေဆိုရင် လွယ်မှာမဟုတ်ဘူး၊ ဘာဆက်ဖြစ်မလဲ မသိဘူး၊ ဒီဆရာကြီး ပုံစံက အေးအေးဆေးဆေးပုံပဲ"

အပေါ်ထပ်ရှိ နံဘေးတွင် ဝိုင်းအုံကြည့်ရှုနေကြသော ခင်မွန်တွေး၏ ဆွေမျိုးသားချင်းအချို့ထံမှ တီးတိုးတိုးနှင့် ဝေဖန်သံများ ထွက်လာသည်။ သူတို့၏ မျက်နှာနှင့် မျက်ဝန်းအစုံကမူ ဘာများဆက်ဖြစ်လာမလဲဟု ဗီဒီယိုကားများထဲမှ တစ္ဆေသရဲ၊ မှော်ကားများ ကြည့်နေသလို ရင်တထိတ်ထိတ် ပုံစံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းဒေဝကမူ တည်ငြိမ်အေးဆေးသော အမူအရာလေသံဖြင့်...

"ခုလို မကျေနပ်လို့ လုပ်တဲ့သူကိုပဲ သိချင်တယ်၊ လုပ်ခိုင်းတဲ့သူကို သိရင် အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်မှာစိုးလို့ မသိချင်ဘူး၊ နင်က ကဝေမဟုတ်လား"

"ဟုတ်တယ်၊ ငါက ဒီနယ်မှာ ကဝေထဲမှာ အကြီးဆုံးပဲ၊ ငါနေတာက ဟိုးမြောက်ဘက် တောင်ကြောဘက်မှာ သူတို့မိသားစုက ရွာမှာ စီးပွားရေးအဆင်ပြေလို့ အခြားမနာလိုတဲ့သူက မကျေနပ်လို့ ဆရာကနေတစ်ဆင့် ငါ့ကို လုပ်ခိုင်းတာပဲ"

"ခင်ဗျား ကျုပ်အကြောင်း သိပါတယ်၊ ခြံဝိုင်းထောင့်မှာ ဘာမြှုပ်ထားသလဲဆိုတာလည်း ကျုပ်ပညာနဲ့ ကြည့်ပြီးသား၊ ဒါကြောင့် ခင်ဗျားက ဒီကလေးမလေး အရုက်တကွဲ အကျိုးနည်းဘဝက လွတ်အောင် မူလပင်ကိုစိတ် ပြန်ဖြစ်အောင် ခင်ဗျားရဲ့ ပညာစက်တွေ ပြန်နုတ်ပါ၊ နောက် ကျုပ်ကို လျှုပါ၊ ဒါမှမဟုတ်ရင်တော့..."

"မ...မလုပ်ပါနဲ့ ဆရာ၊ ကျွန်မ မီးကြိုး သံကြိုးတွေနဲ့ အချည်အတုပ်နှောင် မခံနိုင်ပါဘူး၊ ပညာတွေ ပြန်သိမ်း၊ ပြန်နုတ်ပါမယ်၊ ခုချက်ချင်း မကြာခင် မိမွေးတိုင်း ဖမွေးတိုင်း ပြန်ဖြစ်သွားပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကတိတည်ပါ၊ ကဲ ရှေ့၊ ဒေါ်နှင်းစိန် ခင်ဗျားသမီးကို ဒီအင်းရေ တိုက်လိုက်"

"ဟုတ်…ဟုတ်ကဲ့"

အဝတ်အစား ကပိုကရိုနှင့် ဒိုဗေါ် ဒီပေါ် ဖြစ်နေသော ဝေဒနာရှင် ခင်မွန်ထွေး၏ ခုန ငယ်နုလန်းဆတ်သော မျက်နှာက ခက်ထန်တင်းမာနေလျက်ကပင် သူမကိုယ်သူမ ဗြုန်းစားကြီး အိမ်အပေါ်ထပ် တံခါးဝဘက်သို့ ခြေတောက်ဆင်းလိုက်ပြီး သူမ၏ ကိုယ်ခန္ဓာတစ်ခုလုံးအား သူမဘာသာ လက်နှစ်ဖက်ဖြင့် တဝုန်းဝုန်း ထုရိုက်နေသည်။ ခဏအကြာ…

"ကဲ…အကုန်ထုတ်ပြီး သိမ်းပြီးရင် ဘုရားကန်တော့၊ ပညာတွေ လျှော့ခဲ့"

ခင်မွန်ထွေးသည် ဘာတစ်ခွန်းမျှ ပြန်လည်ချေပ မပြောဘဲ ဘုရားကျောင်းဆောင်အား ဦးသုံးကြိမ်ချသည်။ ပြီးလျှင် ပျော့ခွေသွားလေတော့သည်။ ဆရာမင်းဒေဝက…

"ကဲ…သူ့ကို အခန်းထဲ ပြန်ခေါ်သွားပြီး အဝတ်အစားတွေ လဲပေးလိုက်ပါ၊ ဒေါ်နှင်းစိန် ဘာမှမဖြစ်တော့ပါဘူး၊ ခုန သူ့ကို ကျူပ်တိုက်လိုက်တဲ့အင်းက အရူးပျောက်အင်းပါ၊ ခင်ဗျားသမီး အိပ်ရာက နိုးလာတဲ့အခါ မူလပကတိစိတ် ပြန်ရလာလိမ့်မယ်၊ ခင်ဗျားတို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစု စီးပွားတက်တာကို မနာလိုသူက အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး စီးပွားပျက် လူလုံးမလှဖြစ်အောင် မကောင်းတဲ့မိစ္ဆာအတတ်နဲ့ လုပ်ထားတာပါ၊ သူ ကျန်းမာရေးနဲ့ မူလစိတ် ပြန်ရောက်တဲ့အထိ ကျုပ် ဒီည အိပ်ပြီး ရှင်းစရာ လင်းစရာရှိတာတွေ ရှင်းလင်းပေးခဲ့မယ်၊ ခင်ဗျားတို့အနေနဲ့ အများမျက်မုန်းကျိုးအောင်လည်း ဝစီတွေ နှုတ်တွေ ထိန်းသိမ်းကြတာ အကောင်းဆုံးပေါ့ဗျာ၊ ဒါက ကျုပ်မေတ္တာရပ်တာပါ"

"ကျေးဇူးကြီးမားလှပါတယ် ဆရာရယ်၊ ဆရာ့ကျေးဇူး ဆပ်မကုန်တော့ပါဘူး၊ သမီးလေး မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်လာရင် ကျွန်မ သေပျော်ပါပြီ၊ ကျွန်မရဲ့ နှုတ်ကိုလည်း ကျွန်မ ဆင်ခြင်ပါတော့မယ်"

× × ×

ကားလေးမှာ ညောင်ပင်သာရွာကနေ သန်လျင်-ခရမ်း ကားလမ်းအတိုင်း တရိပ်ရိပ်ပြေးလွှားနေလေသည်။ လွန်ခဲ့ပါသော နှစ်လခန့်ကမှ စတင်ပြီး တစ်ဦးတစ်ယောက်၏ မနာလိုဝန်တိုမှုကြောင့် ပကတိ လူကောင်းဘဝမှနေ၍ တငိုငို တရယ်ရယ်ဖြင့် သွားချင်ရာသွား ပြောချင်ရာပြော ထိန်းမနိုင် သိမ်းမရနှင့် နောက်ဆုံး လှပသော ခန္ဓာကိုယ်ပေါ်တွင် အရှက်တရားကင်းမဲ့ရလောက်အောင် သတိ ပျောက်ပြန်ရူးသွပ်စွာ အဝတ်အစားမရှိ၍ အရှက်နှင့် ဘ ဘွက် အခန်းထဲ ပိတ်လှောင်ထားရသော မိန်းမချောလေး ခင်မွှန်ထွေးသည်



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့မနက်ကပင် အရာရာကို မူလပကတိအတိုင်း မှတ်မိလာခဲ့ပြီဖြစ်သည်။ ကားပေါ်တွင်လည်း ခင်မွန်ထွေး၏ မိဘနှစ်ပါးနှင့် ဆွေတွေမျိုးတွေ ဝိုင်းဝန်းကန်တော့လိုက်သော ဆန်အိတ်၊ သီးနှံများ၊ မုန့်ပုံးများလည်း အပြည့်ပင်။

ဖခင်ဖြစ်သူမှာ ကိုယ်တိုင်လိုက်ပို့မည် တကဲကဲဖြစ်နေသော်လည်း ဆရာမင်းဒေဝက လိုက်မပို့ခိုင်းပေ။ ဆရာမင်းဒေဝနှင့် ကျွန်တော်တို့ နှစ်ဦးတည်းသာ ပြန်လာခဲ့ကြလေသည်။

"ဆရာ့ကို မေးချင်လို့"

"ဘာလဲ ဆရာကျော်ရဲ့"

"ဆရာမင်းဒေဝ မနေ့က တိုက်တဲ့အင်းက ဘာအင်းလဲ ဆရာ"

"အဟာင်း၊ ဆရာကျော်င်း စိတ်ဝင်စားနေပြီထင်တယ်၊ အဲဒါ ရှားပါးပြီး လူသိနည်းတဲ့ အရူးပျောက်အင်းပါ၊ နောက်တော့ ကျုပ်ခင်ဗျား စာရေးတဲ့အခါ ဆွဲပေးပါမယ်ဗျာ၊ ဒီလိုရှိတယ်ဗျ ဆရာကျော်င်းရ၊ အရူးဆိုတာ အမျိုးမျိုး ရှိကြတာပေါ့ဗျာ၊ အဓိကအားဖြင့်ကတော့ သည်းခြေခိုက်ခြင်း၊ အားနည်းခြင်း၊ အပူဖုံးလွှမ်းခြင်း၊ နောက် သွေးသားမှ ဖြစ်ပေါ်လာတတ်တဲ့ ရောဂါဝေဒနာတွေပဲဗျ၊ ဆရာကျော်င်းရ"

"ဒါပေမဲ့ အဲလို လက္ခဏာတွေကြောင့် မဟုတ်ဘဲ စုန်း၊



www.burmeseclassic.com

www.burmeseclassic.com



နတ်၊ သိုက်တို့အပြင် ဆရာတိုက်တို့ နတ်တိုက် ခာတ်တိုက်တွေအပြင် အခြားပယောဂလို့ ခေါ်လို့ရတဲ့ အရူး၊ ကွင်းဖမ်းခြင်း၊ တောမှားခြင်းတို့ ကြောင့်လည်း စိတ်ဖောက်ပြန်ပြီးလည်း ရူးတတ်တာပဲ ဆရာကျောင်း"

"ဗဟုသုတအနေနဲ့ ပြောရရင်တော့ မိန်းကလေးတွေ ဖြစ်တတ်တဲ့ ဓမ္မတာမမှန်ခြင်း၊ ထိန်ခြင်း၊ ချုပ်ခြင်း၊ ကျော်ခြင်း စတာတွေ ကြောင့်လည်း ရူးနှမ်းတတ်ကြတာပဲလေ။ ဆက်ပြောရမယ်ဆိုရင် အရူး ကို ဆရာတိုင်းက ပိုင်နိုင်စွာ မကုတတ်ကြဘူးဗျ၊ ပယောဂ ဝေဒနာရှင် ရယ်လို့ ကြုံရင် ရူးသွပ်နေရင် သူဟာ သွေးလေကဖြစ်ပြီး ရူးသလား၊ ခုနပြောခဲ့သလို မကျေနပ်လို့ မနာလို ဝန်တိုလို့ စုန်းတိုက် နတ်တိုက် ဆရာတိုက် ကဝေ၊ ဇော်ဂနီ၊ ဇော်ဂနက်တို့ကြောင့် ရူးနေသလားလို့ ကုသမယ့် အထက်ဆရာက သေချာဂဏ တိကျစွာ ခွဲခြားတတ်ရတယ်"

"ကျမ်းစာတွေ ပေစာတွေထဲမှာတော့ ပါရှိတာက (၁)ကာမ မတ္တက-ကာမရမ္မက်ကြောင့်ရူးခြင်း၊ (၂)ကောမုမ္မတ္တက-ဒေါသကြီးလို့ ရူးခြင်း၊ (၃)ဒိဋ္ဌမ္မတ္တက-အယူဖောက်ပြန်လို့ရူးခြင်း၊ (၄)မောဟု မ္မတ္တက- မိုက်မဲလို့ရူးခြင်း၊ (၅)ယက္ခုမ္မတ္တက-ဘီလူးဖမ်းသဖြင့်ရူးခြင်း၊ (၆)ပိတ္တုမ္မတ္တက-သည်းခြေပျက်လို့ရူးခြင်း၊ (၇)သုရုမ္မတ္တက-သေရည် သေရက်သောက်စားလို့ရူးခြင်း၊ (၈)ဗျသနမ္မတ္တက-စည်းစိမ်ပျက် လို့ရူးတာ အဲသလိုဆိုတယ်ဆရာကျောင်း၊ နောက် ရူးခြင်း (၂၆)



www.burmeseclassic.com

www.burmeseclassic.com



မျိုးလည်း ရှိတယ်ဗျ ဒါတွေတော့ထားပါတော့ဗျာ၊ အင်း...ဆက်ပြောရင် အရှုးတွေအကြောင်းနဲ့တစ်နေကုန် သွားလိမ့်မယ်ဗျ။''

''ဒါထက် ဆရာမင်းဒေဝ''

''ပြောလေ ဆရာကျောင်း''

''ခု ဆရာမင်းဒေဝ ကုသခဲ့တဲ့ အဝတ်အစားမရှိ ဝစ်လစ်စလစ်ဖြစ်ရအောင် ရူးနေရှာတဲ့ ခင်မွန်ထွေးကို တိုက်တဲ့အင်းက အရူးပျောက်အင်းနော်''

''ဟုတ်တယ်လေ၊ ဒါပေမဲ့ ဒီအင်းက ရှားပါးသလို အဲဒီအင်းကို မိုင်းကိုင်စက္ကူမှာ နဝင်းတံလို့ခေါ်တဲ့ ခဲတံနှင့်အင်းချ၊ ပြီးတဲ့အခါ အဲဒီခင်မွန်ထွေးတို့လို စိတ်ဝေဒနာရှင် ဖောက်ပြန်ရူးသွပ်နေတဲ့သူကို ချော့မော့ပြီး တစ်ရက်မှာသုံးကြိမ် မနက်၊ နေ့လည်၊ ည ပြာချပြီး တိုက်ရမယ်။ ရှောရှောရှူရှူ ပထမတိုက်တဲ့အချိန်မှာ သောက်ရင် ဘယ်လိုအရူးပဲဖြစ်ဖြစ်(၁၄)ရက်အတွင်း အရူးရောဂါ ပြန်လည်ကောင်းမွန်လာလိမ့်မယ် ဆရာကျောင်းရေ၊ ဘယ်ပယောဂမှ လည်းမခံနိုင်ဘူးဗျ။ ကဲ..စမ်းကြည့်ချင်ရင်လည်း လက်တွေ့ရှုးကြည့်လိုက်ပါလား ဆရာကျောင်းရ''

''ဟာ...မဉီးမချွတ် ဆရာမင်းဒေဝရာ၊ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ ယုံပါတယ်ဗျာ၊ အကြွင်းမဲ့ ယုံပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား"

ရယ်သံများ ကားလေးထဲ ပျံ့လွင့်နေစဉ်မှာပင် ကားသည် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဆိပ်ခုံလမ်း၊ အမှတ်(၃၈) ဆရာမင်းဒေဝ၏ တိုက်ခန်းရှေ့တွင် တုံ့ကနဲ ရပ်သွားချိန်နှင့် ကွက်တိဖြစ်နေလေတော့သတည်း။

ကဝေနီ

လေ့လာလိုက်စားလိုသူများအတွက်ဆရာမင်းဒေဝပြောသည့် အရုးပျောက်အင်းကိုဖော်ပြလိုက်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



# ဘိလူးမသိုက်

ထွန်းတောက်

တပြေးချောင်းလေးသို့ရောက်လျှင် သားအဖနှစ်ယောက် ကွမ်းထမ်းကိုချပြီး တစ်ထောက်နားလိုက်ကြ၏။ ရွာနှင့်လည်း သိပ်ပြီး မဝေးတော့ပေ။ သို့သော်လည်း အတော်လေး ပင်ပန်းလာကြသဖြင့်

**အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး**

www.burmeseclassic.com

www.burmeseclassic.com



ရွာကိုရောက်အောင် ဆက်သွားလိုစိတ် မရှိတော့။ သည်နေရာ၌ တစ်ထောက်နား၊ တစ်ရေးတမောအိပ်၊ နိုးလျှင် လမ်းမှချက်ယူလာသော ထမင်းထုပ်ကို ဖွင့်စားပြီးမှ ရွာကိုအရောက် ဆက်သွားကြမည်ဖြစ်၏။

သည်နေရာလေး၌ တစ်ဖက်တွင် တပြေးရွာရှိပြီး ထိုဘက်တွင် သူတို့၏ဇာတိ ခြံရွာကြီးရှိသည်။ ထန်းတပင်မြို့၌ ထင်ရှားသောရွာကြီးဖြစ်သည်။

သည်နေရာလေးသည်ကား အလွန်သာယာသည်။ တသွင်သွင်စီးဆင်းနေသည့် တောင်ကျ(တပြေး)စမ်းချောင်းလေးနှင့် ပန်းရသော တောရှုခင်းလေးများလည်း ရှိသည်။ ထို့ကြောင့် ကြည်နူးစဖွယ်လည်း ကောင်းသည်။

သည်တပြေးစမ်းချောင်းလေးသည်လည်း သူတို့သားအဖအတွက် အရေးပါလှသည်။ တပြေးချောင်းဖျားတစ်ခို၌ ရှိကြသော ရွာလေးများတွင် ကွမ်းခြံနှင့် ကွမ်းသီးခြံများ ပေါသည်။ သူတို့သားအဖက ထိုထိုကွမ်း၊ ကွမ်းသီးများကို တစ်ပိုင်တစ်နိုင် ထမ်းသယ်ပြီး ထန်းတပင်၊ တောင်ငူ စသော ဒိုင်များကို သွားရောင်း၍ အသက်မွေးဝမ်းကျောင်းပြုနေကြခြင်းဖြစ်သည်။

ဤအလုပ်သည်လည်း သက်သာလှသည့်တော့ မဟုတ်ပေ။ ခရီးဝေးသလို တောလမ်း၊ တောင်တန်းကြီးများကိုချည်း ဖြတ်ကျော်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားကြရသဖြင့် တစ်ခါတလေ တောဆင်အုပ်များ၊ ပြောင်အုပ်များနှင့် ပက်ပင်းတိုးသဖြင့် ကွမ်းထမ်းကို ပစ်ချပြီး ထွက်ပြေးကြရသောအခါ ပေါင်းလည်း မနည်းပေ။ ဝမ်းကျောင်းရေးဖြစ်၍သာ စွန့်စွန့်စားစား သွားလာလုပ်ကိုင်နေကြရ၏။ အန္တရာယ်ကား များလှသည်။

ဤနေ့သည်ကား ကွမ်းထမ်းသမား ဦးတက်တူနှင့် သား မောင်ပြားကြီးတို့ ကံကောင်းမည့်အခါသို့ ရောက်လာလေသည်။ ပင်ပန်းဆင်းရဲပြီး အန္တရာယ်များလှသည့် ကွမ်းထမ်းသမားဘဝမှ ကျွတ်လွတ်မည့်နေ့ဟုလည်း ဆိုနိုင်လေသည်။

× × ×

ခြေသံတစ်ခုကို ကြားလိုက်ရ၍ ဦးတက်တူတို့သားအဖ မောမောနှင့် အိပ်ပျော်နေရာမှ လန့်နိုးသွားကြ၏။ မျက်စိကို လက်နှင့် ပွတ်ပြီးကြည့်လိုက်ရာ သက်တော် ၁၆ နှစ်ခန့် သပိတ်ကိုလွယ်ပြီး ကြိမ်တုတ်တစ်ချောင်းကိုကိုင်ကာ ရပ်နေသော ကိုရင်လေးတစ်ပါးအား တွေ့လိုက်ကြရ၏။ ထို့ကြောင့် ဦးတက်တူမှာ ထိုင်ရမလို ထရမလို ဖြစ်နေစဉ်မှာပင် ကိုရင်လေးက မေး၏။

"ဒကာကြီးတို့ ဘယ်ကလာလို့ ဘယ်ကိုသွားကြတာတုံး"

"တပည့်တော်တို့ ခြံကြီးရွာကပါဘုရား၊ တောင်ပေါ်ရွာက ကွမ်းထမ်းပြီး ပြန်လာကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဩော် . . . တော်တော်ပင်ပန်းကြမှာပဲနော်"

"မှန်လှပါဘုရား၊ တစ်ဝမ်းတစ်ခါးအတွက် သင့်ရာအလုပ်ကို လုပ်ကိုင်နေရတာပါ၊ မိသားစုက ခြောက်ယောက်ဆိုတော့ အတော်လေးပဲ ရုန်းကန်ရပါတယ်၊ ဒါကြောင့် ဒီသားငယ်ကိုတောင် အနားမပေးနိုင်ဘဲ ကူဖော်လောင်ဖက် ခေါ်သွားနေရပါတယ်ဘုရား"

ကိုရင်လေး စကားမဆက်ဘဲနေ၏။ ဦးတက်တူ နေကို မော့ကြည့်သည်။ မနက် ၁၁ နာရီခန့်တွင် ရှိနေလေပြီ။

"ကိုရင်လေး ဆွမ်းကိစ္စကော ပြီးပါပြီလားဘုရား"

"မပြီးသေးပါဘူး ဒကာကြီး"

"ဒီလိုဆိုရင် အချိန်တောင်လွန်တော့မယ်၊ တပည့်တော်တို့ လမ်းတစ်ဝက်က ချက်ယူလာတဲ့ ထမင်းထုပ်ကို ကပ်လှူပါရစေ၊ လက်ခံပြီး ဘုဉ်းပေးသုံးဆောင်တော်မူပါဘုရား"

ကိုရင်လေးသည် တစ်အောင့်စဉ်းစားလိုက်ပြီး . . .

"ရပါတယ် ဒကာကြီး၊ အပူမရှာပါနဲ့၊ ဒကာကြီးတို့မှာ ပင်ပင်ပန်းပန်း အထမ်းကြီးနဲ့ သွားနေကြရတာ၊ ကိုယ့်ဘာသာပဲ စားသောက်လိုက်ကြပါ၊ ကိုရင်အဖို့ အရေးမကြီးပါဘူး၊ သပိတ်ကို ရေဆေးသောက်လိုက်ရင်လည်း ပြီးပါတယ်"

"တပည့်တော်တို့အတွက် အပန်းမကြီးပါဘူးဘုရား၊ ရွာကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖို့လည်း နီးနေပါပြီ၊ ဒါကြောင့် ကြုံတုန်း ကပ်ရတာမို့လို့ သနားသောအားဖြင့် လက်ခံပြီး ဘုဉ်းပေးသုံးဆောင်တော်မူပါဘုရား''

ဟု လျှောက်ထားပြီး ဆက်ကပ်လိုက်သည်။

ထို့နောက် အရိပ်ကောင်းသော သစ်ပင်ကြီးအောက်မှာ အညာစောင်ကို ဖြန့်ခင်းကာ ထမင်းထုပ်ကို ဦးတက်တူကိုယ်တိုင် ဖွင့်ပေးလိုက်၏။ စမ်းအိုင်ထဲက လက်ဆေးရေနှင့် သောက်ရေကိုလည်း ခပ်ပေး၏။ မထင်မှတ်ဘဲ ကိုရင်လေးတစ်ပါးအား ဆွမ်းတစ်နပ် ကပ်လှူလိုက်ရသည့်အတွက် ဦးတက်တူတို့သားအဖမှာ ဝမ်းမြောက်ဝမ်းသာ၍ မဆုံးဖြစ်နေမိကြလေသည်။

ကိုရင်လေးက ဆွမ်းဘုဉ်းပေးပြီးနောက် ဦးတက်တူတို့သားအဖအား ကျေးဇူးတင်စကား မိန့်ကြား၏။

''ကျေးဇူးတင်လို့ မဆုံးအောင်ပါပဲ ဒကာကြီး၊ ဒီလို တောလမ်းခရီးမှာ ဆွမ်းတစ်နပ် ဘုဉ်းပေးရဖို့ဆိုတာ တကယ်လည်း မလွယ်ပါဘူး''

''တင်ပါဘုရား၊ တပည့်တော်တို့ သားအဖအနေနဲ့လည်း တောလမ်းခရီးမှာ မမျှော်မှတ်ဘဲ အရှင်ဘုရားကို ဆွမ်းကပ်ခွင့်ရလိုက်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လို့မဆုံးပါဘူးဘုရား''

''အေးပေါ့လေ၊ ဆွမ်းတစ်နပ်အတွက် ကိုရင်က ဒကာကြီး



www.burmeseclassic.com

www.burmeseclassic.com



တို့သားအဖကို ကျေးဇူးတင်သလို ဒကာကြီးတို့ သားအဖကလည်း ဆွမ်းအလှူခံတဲ့ ကိုရင့်ကို ပြန်ပြီးကျေးဇူးတင်တယ်ဆိုတော့ သူတော်ကောင်းကြီးနှစ်ဦး လမ်းလျှောက်သွားကြရင်း အလယ်မှာ လမ်းကျန်တယ်ဆိုတဲ့ စကားအတိုင်းပေါ့။ ရွှေဥမင်ဆရာတော်ကြီးနဲ့ တောင်ဖီလာဆရာတော်ကြီးတို့ အကြောင်းလေ၊ ကြားဖူးတယ် မဟုတ်လား"

"မှန်လှပါ၊ မကြားဖူးလို့ အမိန့်ရှိတော်မူပါဘုရား"

"ဒကာကြီး တယ်လည်း ဗဟုသုတ နည်းသကိုးဗျ၊ ရှေးအခါက တောင်ဖီလာ ဆရာတော်ကြီးနဲ့ ရွှေဥမင်ဆရာတော်ကြီးတို့ အကြောင်းပေါ့။ တစ်နေ့မှာ ဆရာတော်နှစ်ပါး လမ်းလျှောက်ကြွကြသတဲ့။ တောင်ဖီလာဆရာတော်ကြီးက မင်းကိုးကွယ်တဲ့ မြို့ဘုန်းကြီးဖြစ်ပြီး ရွှေဥမင်ဆရာတော်ကြီးက တောရဘုန်းကြီး ဖြစ်သတဲ့။ ဒါကြောင့် တောင်ဖီလာဆရာတော်ကြီးက တောရဆရာတော်ရှေ့က ကြွတော်မူပါဆိုပြီး ရွှေဥမင်ဆရာတော်ကြီးကို လျှောက်ထားသတဲ့။ ရွှေဥမင်ဆရာတော်ကလည်း မတော်ပါဘူး၊ မြို့ဘုန်းကြီး မင်းဆရာတော်ပဲ ရှေ့ကကြွတော်မူပါလို့ ပြန်လျှောက်ထားလိုက်သတဲ့။ နောက်တော့ ဘယ်ဆရာတော်မှ ရှေ့ကမကြွတော့ဘဲ လမ်းကို အလယ်ထားပြီး သာ ကြွတော်မူကြသတဲ့"

"မှန်လှပါ၊ ကိုရင်လေး အရမ်းဗဟုသုတ ရှိတာပဲ၊ တပည့်



www.burmeseclassic.com

www.burmeseclassic.com



တော် အရှင်ဘုရားပြောမှ ကြားသိကြည်ညိုရပါတယ်ဘုရား''

"အဲဒီစေတီတော်လေးရဲ့အောက် ကျောက်တောင်အတွင်းမှာ ဘီလူးမသိုက်ဆိုတာ ရှိတယ်၊ အဲဒီဘီလူးမသိုက်ကိုဖွင့်ဖို့ ကိုရင် လာခဲ့တာပါ''

"ဩော်...ဒါဆို ကိုရင်လေး ဒီနယ်က မဟုတ်ဘူးလားဘုရား''

"ကိုရင် ဘယ်နယ်က ဘယ်ကလာတယ်ဆိုတာ မသိချင်ပါနဲ့၊ ဒကာကြီးတို့ သားအဖနှစ်ယောက် ကိုရင် ခိုင်းတာကို လုပ်နိုင်မလုပ်နိုင် ဆိုတာကိုပဲ ပြောပါ''

"ကိုရင်က ကောင်းမယ်ထင်လို့ခိုင်းရင် တပည့်တော်တို့ သားအဖကလည်း ဘယ်ငြင်းပါ့မလဲ၊ လုပ်မှာပေါ့ဘုရား''

"ကောင်းပြီ၊ ဒီလိုဆိုရင် ဒကာကြီးတို့ ကွမ်းထမ်းတွေကို တစ်နေရာမှာ သွားပြီးဖွက်ထားလိုက်ကြ၊ ပြီးတော့ ကန်တော့ပွဲထိုးဖို့အတွက် အုန်း၊ ငှက်ပျောနဲ့ အမွှေးတိုင်၊ ဖယောင်းတိုင်တွေ ဝယ်ယူစုဆောင်းပြီး အသင့်ပြင်ဆင်ထားကြပါ၊ ဒီနေ့ လပြည့်ည သန်းခေါင်ကျော်ရင် ဘီလူးမသိုက်ကို ဖွင့်ကြမယ်''

"မှန်လှပါဘုရား၊ တပည့်တော် အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်း အားလုံးကို လိုက်လံဆောင်ရွက်လိုက်ပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်လေးက အသက်ပင် ငယ်သေးသော်လည်း သိုက်ဆရာကြီး ဆိုပါလားဟု တွေးပြီး ဦးတက်တူ တအံ့တဩ ဖြစ်သွားရ၏။ ဦးတက်တူ သိုက်အကြောင်းကို ပုံပြင်အဖြစ်သာ ကြားခဲ့ဖူး၏။

ဘီလူးစောင့်သောသိုက်၊ မြွေနဂါးစောင့်သောသိုက်၊ ရွာစောင့်သောသိုက် စသည်ဖြင့် အဘိုးအဘွားများက ပြောပြကြသလို အခြားသူများကလည်း သိုက်အကြောင်း မြောက်များစွာတို့ကို ပြောပြကြ၏။ စိတ်ဝင်စားဖွယ် အလွန်ကောင်း၏။

လျှို့ဝှက်နက်နဲသော အကြောင်းအရာများ၊ ထိတ်လန့်ဖွယ်ရာနှင့် စွန့်စားခန်းများ၊ ဝမ်းနည်းကြေကွဲရာများ ရောပြွမ်းပေါင်းစု ပါဝင်နေ၍ ဦးတက်တူလည်း သဘောကျ၏။ ဦးတက်တူ ငယ်စဉ်ကပင် လျှို့ဝှက်နက်နဲသော အကြောင်းအရာများကို အလွန်စိတ်ဝင်စား၏။ ယခု ကိုယ်တိုင် ပါဝင်ကြုံတွေ့ရတော့မည်ဖြစ်၍ အတော်လေးပင် စိတ်လှုပ်ရှားနေမိ၏။

ထို့နောက် ဦးတက်တူသည် ကြိုတင်ပြီး အုန်း ငှက်ပျောနှင့် အမွှေးတိုင်၊ ဖယောင်းတိုင်များကို ဝယ်ယူစုဆောင်းရန်အတွက် သားဖြစ်သူ မောင်ပြားကြီးအား ခေါ်ပြီး ရွာဘက်ဆီသို့ ဦးတည်ထွက်လာခဲ့လေသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်လေးက စမ်းချောင်းလေး၏ မြောက်ဘက်တစ်နေရာတွင် အခင်းအကျင်းများ ပြုလုပ်ရန်အတွက် စေခိုင်း၍ ဦးတက်တူတို့သားအဖက ခုတ်ထွင်းရှင်းလင်းလိုက်ကြ၏။ လိုအပ်သော ပစ္စည်းများကိုလည်း အားလုံး အစုံအသင့် ပြင်ဆင်ထားကြ၏။

ထို့နောက် ကိုရင်လေးသည် ညကိုးနာရီကျော်သည်အထိကျောက်တောင်ထိပ်က စေတီတော်လေး၏ ရင်ပြင်တော်တွင် ထိုင်ပြီးတရားရှုမှတ်နေ၏။ မေတ္တာလည်းပို့၏။ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များကိုတိုင်တန်းခြင်း၊ ပင့်ဖိတ်ခြင်း စသည်များကိုလည်း ပြုလုပ်၏။ ထို့နောက်မှ သိုက်ဖွင့်ခြင်း အစီအမံကို စတင်လေသည်။

ဦးစွာ စည်းအတန်တန်တားပြီး ကန်တော့ပွဲပေးခြင်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ညှိထွန်းခြင်း၊ အင်း အိုင် ခါးလှည့်များ စီရင်ခြင်း၊ ဂါထာ မန္တန်များ ရွတ်ဆိုခြင်း စသည်များကို ပြုလုပ်၏။

ထိုအချိန်၌ ပတ်ဝန်းကျင်တစ်ခိုသည် တစ်မျိုးပြီး တစ်မျိုး၊ အဖုံဖုံ အမျိုးမျိုး ပြောင်းလဲလာလေ၏။ ကြောက်မက်ဖွယ်ကောင်းသောတုန်လှုပ်ချောက်ချားဖွယ်ရာများလည်း တစ်မျိုးပြီးတစ်မျိုး ဖြစ်လာလေ၏။ ထို့နောက် ကျားဟိန်းသံ၊ ခြင်္သေ့ဟောက်သံကဲ့သို့ အသံကြီးများကိုကြားလာရပြီး လူတစ်ဦးတစ်ယောက် ပြင်းပြင်းထန်ထန် ဒဏ်ရာရ၍အော်ဟစ်ညည်းညူသံကြီးများနှင့် မိန်းကလေးတို့၏ ကယ်ပါကူပါ



www.burmeseclassic.com

www.burmeseclassic.com



တစာစာဖြင့် အော်ဟစ်ငိုကြွေးနေသံများကိုလည်း ပထဝီမြေကြီး တုန်ဟီးလုမတတ်အောင်ပင် ကျယ်လောင်စွာဖြင့် ကြားလာရ၏။

ဦးတက်တူတို့သားအဖမှာ အသက်ထွက်လုမတတ်အောင် ကြောက်လန့်ပြီး မျက်လုံးမျက်ဆန်များ ပြူးကျယ်လျက် ဖတ်ဝန်းကျင်များကိုသာ နားစိုက်ပြီး မြင်နိုင်သမျှ ကြည့်ရင်း ငြိမ်ကုပ်နေကြလေသည်။ သားဖြစ်သူ မောင်ပြားကြီးမှာကား ကိုရင်လေးနှင့် ဖခင် ဦးတက်တူတို့၏ အကြားကို တိုးဝင်ပြီး ဖြန်းဖြန်းတုန်နေလေသည်။

ထိုအချိန်၌ ကိုရင်လေးသည် မျက်စိကို စုံမှိတ်ပြီး ဦးတက်တူတို့ သားအဖ နားမလည်နိုင်သော ဂါထာ၊ မန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်နေ၏။ ထိုထိုအသံနက်ကြီးများကို မကြောက်သည့်အပြင် ဂရုစိုက်ဟန်ပင် မတူပေ။

ထို့နောက် သာမန်လူတို့ထက် လေးငါးဆခန့်ကြီးသည့် ဘီလူးသဘက်ကြီးများ၊ တင်းပုတ်များ၊ မှိန်းများကို ထမ်း၍ ဦးတက်တူတို့ ရှိရာသို့ ဦးတည်ပြီး လျှောက်လာနေကြသည်ကို လရောင်ဖြင့် ထင်ထင်ရှားရှားကြီး မြင်နေရ၏။ ထို့ကြောင့် ဦးတက်တူတို့ သားအဖမှာ အစက အသံကြီးများကိုသာ ကြောက်လန့်နေကြပြီး ယခုအခါ လူသတ်လက်နက်ကိရိယာများကို ထမ်းပြီး ဘီလူးသဘက်ကြီးများ လာနေကြ၍ သေကြရတော့မည်ဟူ၍ပင် မိမိကိုယ်ကို အဆုံးချပြီး ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်နေမိကြသည်။ သို့သော်လည်း ထိုထုံဘီလူးသဘက်ကြီးများသည် စည်းအတွင်းသို့ မဝင်ရဲကြပေ။ အနားသို့ တိုးကပ်လာလျှင်လည်း ကိုရင်လေး တားထားသောစည်းက မီးထတောက်၍ ဘီလူးသဘက်ကြီးများ လွင့်စင်ပြီး နောက်ကောက်ကျသွားကြသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ကိုရင်လေး တားထားသောစည်းသည် အတော်လေး အစွမ်းထက်ပြီး အားကိုးရပါလားဟုတွေးကာ အနည်းငယ် ကြောက်စိတ်လျော့၍ သက်သာရာ ရလုဆဲအချိန်မှာပင် စည်းနှင့်ထိပြီး လွင့်စင်၍ နောက်ကောက်ကျကာ မေ့မြောနေကြသော ဘီလူးသဘက်ကြီးများသည် ချက်ချင်းနိုးထပြီး ပကတိအတိုင်း ပြန်ဖြစ်လာကြလေသည်။

ထို့နောက် ဖားဂုံညင်းများ ကိုယ်ထဲသို့ လေသွင်းသကဲ့သို့ ပုလိုက်၊ ပိန်လိုက်၊ ရှည်လိုက်၊ ကုန်းလိုက်၊ ကွလိုက် လုပ်လိုက်ကြရာ ယခင်ထက် လေးငါးဆခန့်ထိ ကြီးသွားပြီး မျက်လုံးနှင့် ပါးစပ်များလည်း ပို၍ပြဲကာ အသံနက်ကြီးများဖြင့် ကျယ်လောင်စွာ ဟိန်းဟောက်လျက် စည်းဝိုင်းထဲသို့ ခုန်ဝင်ကြတော့မည့်သဘော ဖြစ်လာကြလေသည်။ ထို့ကြောင့် ဦးတက်တူ တောင့်မခံရဲတော့။

"ကိုရင်လေးဘုရား၊ ဒီတစ်ခါ မဖြစ်တော့ဘူးဘုရား၊ ဘီလူးသဘက်အုပ်စုကြီး တပည့်တော်တို့ စည်းတွင်းထဲသို့ ခုန်ဝင်ကြတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ကယ်တော်မူပါဦးဘုရား”

ဟု ထအော်လိုက်၏။

“မကြောက်ပါနဲ့ ဒကာကြီး၊ အဲဒါ သိုက်စောင့်တွေက တမင်တကာ ဒကာကြီးတို့သားအဖ ကြောက်လန့်သွားအောင်လို့ အရုပ်အသံ အမျိုးမျိုးနဲ့ ခြောက်လှန့်နှောင့်ယှက်နေကြတာပါ၊ ဘာမှကြောက်စရာ မလိုပါဘူး”

“မကြောက်လို့ မရတော့ဘူးဘုရား၊ ကိုရင်လေးကသာ မကယ်ဘူးဆိုရင် တပည့်တော်တို့ ထွက်ပြေးတော့မယ်ဘုရား”

ဟု ဦးတက်တူက အသံတုန်တုန်ဖြင့် ပြောလိုက်၏။ ထို့ကြောင့် ကိုရင်လေး မျက်စိဖွင့်ကြည့်လာပြီး…

“ဒကာကြီး သိပ်ခက်တာပဲ၊ အဲဒါတွေက သိုက်စောင့်တွေ တမင်တကာ ဒကာကြီးတို့သားအဖ ကြောက်လန့်အောင်လို့ ခြောက်လှန့်နေကြတာပါဆိုမှ၊ ကဲ…ဟိုဘက်ကို နည်းနည်းရွှေ့နေစမ်း”

ဟု ပြောပြီး ကိုရင်လေးသည် သူ၏ ဆေးကြိမ်လုံးကို ဦးစောက်ပြန်ပြန် သုံးလေးချက် ပွတ်သပ်ကာ ဂါထာမန္တန်များ မန်းမှုတ်ပြီး ဝှေ့ရမ်းလိုက်သဖြင့် ဆေးကြိမ်လုံး၏ အဖျားက မီးဟုန်းဟုန်း တောက်လျက် ထိုမီးတောက် မီးတန်းကြီးသည် ဘီလူးသဘက်များဆီသို့ အတန်းလိုက် ကူးဆက်လောင်ကျွမ်းသွားသဖြင့် တစ်ကောင်မကျန်



www.burmeseclassic.com

www.burmeseclassic.com



လွင့်စင်သွားကြလေသည်။

သို့သော်လည်း ဘီလူးသဘက်ကြီးများသည်ကား အားမလျှော့ကြပေ။ ကျားဆင်ကြီးများ၊ မြွေနဂါးကြီးများနှင့် အားဖြည့်ပြီး တစ်ဖန်ရောက်လာကြပြန်လေသည်။ သည်အကြိမ်တွင် အကောင်ပေါင်းများစွာ တောအနှံ့ ပြည့်နေလေသည်။ ဟိန်းဟောက်သံကြီးများမှာလည်း နားကွဲလုမတတ်အောင်ပင် ကျယ်လောင်လွန်းသည်။ မြွေနဂါးကြီးများ နှာမှုတ်ရာတွင်လည်း မီးဟုန်းဟုန်း ထတောက်သည်။ မီးတောက်မီးလျှံများဖြင့် တစ်တောလုံး လင်းထိန်သွားသည်။

သည်အကြိမ်တွင် ကိုရင်လေးသည် ဆေးကြိမ်လုံးဖြင့် မလုပ်တော့ဘဲ လွယ်အိတ်ထဲမှ ဆေးမှုန့်တစ်ဆုပ်ကို ထုတ်ယူကာ နှုတ်ခမ်းမှာ တေ့၍ သုံးလေးအုပ်မန်းပြီး ပစ်ပေါက်လိုက်၏။ ထိုအခါ ဆေးမှုန့်များသည် အဏုမြူကဲ့သို့ မီးပွားများအသွင်ပြောင်းကာ တောအနှံ့တွင် ပြည့်နှက်ခြောက်လှန့်နေကြသော သိုက်စောင့်များအား တစ်ကောင်မကျန် လောင်ကျွမ်းပြီး မီးဟုန်းဟုန်းတောက်သွားပြန်လေသည်။

ထို့ကြောင့် တစ်အောင့်ကြာမျှ တိတ်ဆိတ်သွား၏။ ထို့နောက် ခြေသံတစ်ခုကို ကြားလာရပြန်သည်။ လရောင်ဖြင့် ဦးတက်တူ ကြည့်လိုက်ရာ ကရင်မကြီးတစ်ယောက် ကွမ်းထမ်းဖြင့် လာနေသည်ကို တွေ့လိုက်ရ၏။ ဦးတက်တူနှင့် သိကျွမ်းရင်းနှီးကြသော တောင်ပေါ်ရွာသူ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နော်ဆေးဖောပင် ဖြစ်၏။

“ကိုတက်တူ၊ ငါလာမယ်နော်၊ နင့်ကိုရင်လေးကို ငါကွမ်း ပေးချင်လို့”

“ဩော်…အေး အေး၊ လာခဲ့လေ ဒေါ်ဖော”

မိုးလည်း လင်းလာနေပြီ။ ဒေါ်နော်ဆေးဖောမှာ ဦးတက်တူ နှင့် သိကျွမ်းရင်းနှီးသော တောင်ပေါ်သူ ကရင်မကြီးတစ်ယောက် လည်း ဖြစ်နေ၍ ဦးတက်တူတို့ သိုက်လိုက်နေကြသည်ကိုလည်း နှောင့်ယှက်ဖွယ် မရှိပေ။ ထို့ကြောင့်ပင် သူလှူချင်နေသောကွမ်းကို လှူပါစေဟု အလွယ်တကူ လာခွင့်ပြုလိုက်ခြင်းဖြစ်၏။ ဤတွင် ကိုရင်လေးက ဦးတက်တူအား ဟောက်အော်လေသည်။

“ဟ…ဒကာကြီး၊ ဘာလို့လာခွင့်ပြုလိုက်တာလဲ၊ ဒုက္ခတော့ ရောက်ကုန်ကြတော့မှာပဲ”

ဟု ပြောပြီး ကိုရင်လေးသည် ကဗျာကယာ လွယ်အိတ်ထဲမှ ဆေးကြမ်းတစ်ဆုပ်ကို နှိုက်ယူကာ သုံးအုပ်မျှ မန်းမှုတ်ပြီး ပစ်ပေါက် လိုက်လေသည်။ ထို့ကြောင့် ကရင်မကြီး ဒေါ်နော်ဆေးဖောမှာ ချက် ချင်းပင် နဂိုရုပ်ပျောက်ပြီး ဘီလူးမကြီး ဖြစ်သွားကာ တစ်ကိုယ်လုံးကို မီးတောက်လောင်လျက် အသံနက်ကြီးဖြင့် အော်ညည်းပြီး အဝေးသို့ လွင့်စင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း…ဒကာကြီး၊ တွေ့တယ်မဟုတ်လား၊ ဒကာကြီးရဲ့ ကရင်မကြီး ဘာဖြစ်သွားပြီလဲ၊ ဒါကြောင့် ကျုပ်ကို အသိမပေးဘဲ ဘာမှမလုပ်ပါနဲ့၊ အားလုံး ဒုက္ခရောက်သွားကြလိမ့်မယ်၊ အဲဒါဟာ ဒီသိုက်ကိုစောင့်တဲ့ အဓိကသိုက်ချုပ် ဘီလူးမကြီးဗျ၊ သူ့အသင်းအပင်း တပည့်တွေနဲ့ တိုက်ခိုက်တာ မရလို့ သူကိုယ်တိုင်လာတာ၊ လျှော့တွက် ရင် မှားသွားတော့မှာပေါ့"

ဦးတက်တူလည်း သူ့အပြစ်နှင့်သူ အမှားကြီးမှားမှန်း သိသွား၍ အလွန်အမင်း ကြောက်လန့်ကာ ငြိမ်ကုပ်နေရာမှ 'မှန်လှပါဘုရား၊ နောက်ဆို အရှင်ဘုရားကို အသိမပေးဘဲ ဘာမှမလုပ်ရဲတော့ပါဘူး ဘုရား' ဟု လေသံကိုနှိမ့်၍ တိုးတိုးလျှောက်ထားလိုက်၏။

သားဖြစ်သူ မောင်ပြားကြီးမှာမူ သိုက်လိုက်ခြင်းအစမှ ယခု အချိန်ထိ တုတ်တုတ်မျှ မလှုပ်ရဲဘဲ ဖခင် ဦးတက်တူနှင့် ကိုရင်လေးတို့ ၏အကြားတွင် ငြိမ်ကုပ်နေဆဲ ဖြစ်၏။ ထို့ကြောင့် တစ်ခါ တစ်ခါ ဖခင် ဦးတက်တူမှာ 'ငါ့သား အသက်မှ ရှိသေးရဲ့လား၊ ဥစ္စာစောင့် ဘီလူး၊ သဘက်တို့၏ အရုပ်အသံများကို ကြောက်လန့်ပြီးပင် အသက် ထွက်သွားလေပြီလား' ဟု တွေးပြီး ကြည့်မိသည်မှာလည်း ခဏခဏ ပင်ဖြစ်၏။

"ဒါပေမဲ့ အနှောင့်အယှက်တွေတော့ ကုန်သလောက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါပြီ၊ ဒါကြောင့်မို့လို့ သိုက်ချုပ်မကြီးကိုယ်တိုင် ရောက်လာတာ မျိုးပါ၊ မိုးလည်း လင်းလာပြီပဲ”

ဟု ကိုရင်လေးက ပြောသည်။

ထို့နောက် ကိုရင်လေးသည် ကျောက်နံရံတစ်နေရာကို ဆေး သုတ်ပြီး ဂါထာမန္တန်များကို ရွတ်ဆို၍ ဆေးကြိမ်တုတ်ဖြင့် ရိုက်ပုတ် လိုက်ရာ ကျောက်နံရံထဲမှ အမျိုးအမည်ကို မဖော်တတ်သော အသံနက် ကြီးများ၊ ဟိန်းဟောက်အော်ညည်းသံများကို ကြားလာရ၏။ ကျောက် တောင်ကြီးတစ်ခုလုံး တုန်ဟီး၍လည်းလာလေသည်။

“သားလေး ဘာမှမကြောက်နဲ့ကွ၊ ဒါဟာ ဥစ္စာစောင့်တွေက တမင်တကာ တို့ကို ကြောက်လန့်သွားအောင် ဖန်တီးတဲ့ အသံပဲ၊ ကြောက်စရာမလိုဘူး”

သားဖြစ်သူ မောင်ပြားကြီးကို အားပေးစကား ပြောနေသော် လည်း စင်စစ်တွင် ဦးတက်တူ၏ တစ်ကိုယ်လုံး ကြောက်စိတ်ကြောင့် တုန်နေ၏။

ကျောက်တောင်ကြီးထဲက တစ်အောင့်ကြာအောင် တုန်ဟီး အော်ညည်းလိုက်ပြီးနောက် ကိုရင်လေး ဆေးသုတ်ထားသော တံခါးမ ကြီးတစ်ရွက်စာနေရာမှ ကျောက်မှုန့်ကလေးများ တဖျောက်ဖျောက် ကျလာပြီးနောက် ကျောက်နံရံကြီးသည် တံခါးရွက်ကြီးသဖွယ် ပွင့်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေသည်။ ထို့ကြောင့် ပြူထွက်စနေရောင်သည် ကျောက်ဂူတွင်းထဲကို ထိုးဝင်သဖြင့် ကျောက်ဂူတွင်းကြီးတစ်ခုလုံး ရွှေရောင်များဖြင့် တဖိတ်ဖိတ် တောက်နေလေသည်။

ဦးစွာ ကိုရင်လေးက ကျောက်ဂူတွင်းကြီးထဲသို့ ဝင်သွားလေ၏။ တစ်အောင့်ကြာလျှင် ဂူဝသို့ ပြန်ထွက်လာပြီး ဦးတက်တူအား လှမ်းခေါ်သည်။

"ကိုင်း...ဒကာကြီး၊ ဒီကိုလာခဲ့ပါ"

"သား...ကျန်နေခဲ့နော်၊ ဘာမှမကြောက်နဲ့ သိလား၊ အဖေ ကိုရင်လေးဆီကို လိုက်သွားလိုက်မယ်"

မောင်ပြားကြီးက ဆတ်ကနဲ ခေါင်းညိတ်၏။ ထို့နောက် ဦးတက်တူ ကိုရင်လေးဆီကို အပြေးလိုက်သွားသည်။ ကိုရင်လေးက ဦးတက်တူ၏ လက်ကိုဆွဲပြီး ကျောက်ဂူအတွင်းထဲသို့ ခေါ်သွားသည်။

ကျောက်ဂူတွင်းထဲသို့ရောက်၍ ကြည့်လိုက်ရာ အံ့သြ၍မဆုံး လောက်အောင်ပင် ဖြစ်သွားရလေ၏။ ကျောက်ဂူတွင်းထဲသည်ကား တကယ့်ထီးပုံနန်းပုံ အဆောက်အဦး၏ အတွင်းပိုင်းကြီးသဖွယ် ဖြစ်နေလေ၏။ ရတနာအမျိုးမျိုးကို စီခြယ်ထား၏။ အလယ်ခန်းမဆောင်ကြီးသည် သာ၍ပင် ကျယ်ဝန်း၏။ အဆောင်အယောင်များလည်း ပြည့်စုံလျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတိုင်း အဆောင်တိုင်းမှာပင် စာအုပ်စင်ကြီးများသံဖွယ် အဆင့်ဆင့် ရှိနေ၏။ အဆင့်တိုင်းမှာလည်း ရတနာအိုးကြီးများ၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ပတ္တမြားပန်းခိုင်ကြီးများ ရှိနေ၏။ ထို့ကြောင့် ဦးတက်တူမှာ ငေး၍ပင်နေမိလေ၏။

"ကိုင်း…ဒကာကြီး၊ ဒီမြင်မြင်သမျှ အားလုံးဟာ ရတနာတွေချည်းပဲ၊ ဒကာကြီး တစ်နိုင်သာ ယူပေရော့၊ နောက်တစ်ကြိမ်တော့ ပြန်လာယူလို့ မရဘူး"

'တင်ပါဘုရား'ဟု ပြောကာ ဦးတက်တူသည် ခါးဝတ်ပုဆိုးကို ချွတ်ခင်းပြီး ရွှေမန်ကျည်းတောင့်များရော၊ ကျောက်သံပတ္တမြားများပါ တစ်နိုင်ထုပ်ပြီး ထမ်းလေသည်။ ကိုရင်လေးက ကျောက်ဂူဝကို ရောက်အောင် ပြန်ပို့၏။ ထို့နောက် ပြောသည်။

"ကိုင်း…ဒကာကြီး၊ သွားပေရော့၊ အဲဒီရတနာတွေကို ထုခွဲရောင်းချပြီးပဲ ကောင်းရောင်းကောင်းဝယ်အလုပ်တွေနဲ့ လုပ်ကိုင်စားသောက်ပေရော့၊ ကိုရင်နဲ့တော့ နောက်တစ်ဖန် ပြန်မတွေ့နိုင်တော့ဘူး"

ဦးတက်တူ နေရာသို့ ပြန်ရောက်၍ ရတနာထုပ်ကြီးကို ချထားလိုက်ပြီး နောက်ဘက်သို့ ပြန်ကြည့်လိုက်ရာ ကိုရင်လေး ကျောက်ဂူထဲသို့ ပြန်ဝင်သွားသည်ကိုသာ တွေ့လိုက်ရလေသည်။ ထို့နောက် ကျောက်ဂူတံခါးကြီးသည်လည်း ဆူညံသံကြီး မြည်ဟိန်း



www.burmeseclassic.com

www.burmeseclassic.com



ကာ ပြန်ပိတ်သွားလေသည်။

ထို့ကြောင့် ဦးတက်တူတို့သားအဖမှာ ကိုရင်လေးအတွက် စိတ်မကောင်းစွာဖြစ်မိပြီး ငေးကြည့်နေကြချိန်မှာပင် စေတီတော်လေး၏ အရှေ့ဘက်တစ်နေရာက ကျောက်တောင်ကြီး ပွင့်ထွက်သွားပြီး ကိုရင်လေး ကောင်းကင်သို့ ပျံတက်သွားသည်ကို မျက်ဝါးထင်ထင် မြင်လိုက်ကြရ၏။

ထို့နောက် ဘီလူးမကြီးသည်လည်း မိုးပေါ်သို့ ပျံတက်ပြီး ကိုရင်လေး၏ သင်္ကန်းစွန်းကို ဆွဲပါသွားပြန်လေသည်။ သို့သော်လည်း ဘီလူးမကြီးသည် ဝါးတစ်ပြန်ခန့်မျှသာ လိုက်သွားနိုင်ပြီး ကိုရင်လေး၏ သင်္ကန်းစွန်း တစ်တောင်ခန့်မျှ ပြတ်ထွက်ကာ ဘီလူးမကြီး ကျောက်တောင်ပေါ်သို့ ပြန်ကျသွားသည်ကို မြင်လိုက်ရသည်။

ထို့နောက် ဘီလူးမကြီးသည် စမ်းချောင်းကလေး၏ ထိုဘက်ကမ်းက ပေါ်လာကာ 'ငါ့ဥစ္စာတွေ ပြန်ပေး' ဟု အော်ပြီး လိုက်တောင်း၏။ သူ၏နောက်တွင်လည်း သိုက်လိုက်နေကြစဉ်က မြင်လိုက်ရသော ဘီလူးသဘက်များ၊ သားရဲသားကောင်ကြီးများ ပါလာကြပြီး အရုပ်အသံအမျိုးမျိုးဖြင့် ခြိမ်းခြောက် ဟိန်းဟောက်နေကြလေ၏။

သို့သော်လည်း စမ်းချောင်းကလေး၏ သည်ဘက်ကမ်းကိုမူ ကူးကျော်ပြီး လိုက်လာနိုင်ဟန် မတူပေ။ မည်သို့ပင်ဆိုစေကာမူ



www.burmeseclassic.com

www.burmeseclassic.com



ဦးတက်တူတို့သားအဖ သည်နေရာတွင် အချိန်ကြာနေရန် မသင့်ပေ။ ထို့ကြောင့် (ကိုရင်လေး မှာထားခဲ့သည့်အတိုင်း) အုန်း၊ ငှက်ပျော စသော သိုက်လိုက်အခမ်းအနားများကို အလျှင်အမြန် ရိုက်ချိုးဖျက်ဆီးပြီး ထိုနေရာမှ ပြေးထွက်လာကြလေသည်။

နေ့လည် ၁၂ နာရီတွင် အိမ်ကို ပြန်ရောက်လာကြသည်။ အိမ်ပြန်ရောက်ပြီးနောက်လည်း ဦးတက်တူ၏စိတ် ဂနာမငြိမ်ပေ။ သိုက်စောင့်၊ ဘီလူးသဘက်ကြီးများ ရောက်လာကြပြီး ဥစ္စာများကို လာလုကြမည် စိုးရိမ်နေမိသလို လူဆိုး၊ သူခိုးများ ခိုးလုမည်ကိုလည်း အလွန်အမင်း စိုးရိမ်နေမိလေသည်။ ထို့ကြောင့် အိမ်သူကိုပင် ဖွင့်ပြောရဲခြင်း မရှိတော့။

"အဖေ…ဒီဥစ္စာတွေကို မြေကြီးတွင်းတူးပြီး မြှုပ်ထားကြရင် မကောင်းဘူးလား"

ဟု သားဖြစ်သူ မောင်ပြားကြီးက တိုးတိုးလေး အကြံပြုလာ၏။

"အေးကွာ…မြေကြီးထဲ တွင်းတူးပြီး မြှုပ်ထားတာပဲ စိတ်အချရဆုံးဖြစ်မယ်၊ ဒီတော့ တို့သားအဖ ရွာဦးက ညောင်ပင်အောက်မှာ သွားမြှုပ်ရအောင်ကွာ"

"ဟာ..အဖေကလည်း ညောင်ပင်ဆိုတာ အစောင့်အရှောက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိနေတတ်တယ်ဗျ၊ ဒီတော့ အစောင့်အရှောက်တွေက ကျွန်တော်တို့ ဥစ္စာတွေကို မောင်ပိုင်စီးသွားရင် မခက်ဘူးလား''

''အေး…အဲဒါလည်း ဟုတ်တာပဲကွ၊ ဒီတော့ ဘုန်းကြီးကျောင်းဝိုင်းထဲက မန်ကျည်းပင်အောက်မှာ သွားမြှုပ်ကြရအောင်''

''ပိုမဆိုးဘူးလားဗျ၊ ကျောင်းမှာ ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားတွေ မပြတ်ရှိနေကြသလို မကြာခဏ ရွာသူရွာသားတွေလည်း အဝင်အထွက် ရှိနေကြတော့ တွင်းတူးပြီး မြှုပ်နေတဲ့အခါမှာရော၊ သုံးစွဲချင်လို့ ပြန်တူးဖော်တဲ့အခါမှာပါ တစ်ယောက်ယောက် မြင်သွားရင် ဒုက္ခမရောက်နိုင်ဘူးလား''

''အေးကွ၊ အဲဒါလည်း ထည့်စဉ်းစားရမယ်၊ တစ်ချက်ကလေးမှားရင် ငါးပါးမှောက်သွားနိုင်တယ်''

သားအဖနှစ်ယောက် ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြသော်လည်း ရတနာများထားမည့် လုံခြုံသော နေရာတစ်ခုကို မတွေ့နိုင်ဖြစ်နေကြသည်။ မိုးချုပ်လာပြီဖြစ်၍ လပြည့်ကျော်တစ်ရက်နေ့ လဝိုင်းကြီးသည်ပင် ထိန်ထိန်သာလျက် ရှိနေလေပြီ။

''အဖေ…သားတို့ လယ်ပွဲထဲက ပေါက်ပင်ကြီးအောက်ဆို အဆင်ပြေမယ်ဗျ၊ ကိုယ့်လယ်နားဆိုတော့ နေ့နေ့ညည ဘယ်အချိန်သွားသွား အဆင်ပြေတယ်လေ၊ ဒီတော့ ဘေးလူတွေရဲ့ ပယောဂကို



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်ချရတာပေါ့"

"အေး..ဟုတ်သားပဲကွ၊ ဒီည သွားမြှုပ်ရအောင်၊ ထည့်စရာ အိုးလေးဘာလေး ရှာထားကွာ"

မောင်ပြားကြီးက သူ့ဖခင် ခိုင်းသည့်အတိုင်း ထည့်စရာအိုး များ လိုက်ရှာသည်။ (ယခင်) ဆားထည့်သည့် သုံးပိဿာဝင် စဥ့်အိုး တစ်လုံးနှင့် ငါးပိဿာဝင် မြေအိုးတစ်လုံး ထိုနှစ်လုံးသာ ရသည်။ အိမ်မှာလည်း အိုးပိုဟူ၍ ထိုနှစ်လုံးသာ ရှိသည်။ ဘေးလူများ ရိပ်မိမည် စိုး၍ အခြားအိမ်များကိုလည်း သွားပြီးမရှာရဲပေ။

ညနေမိုးချုပ်သည်နှင့် သားအဖနှစ်ယောက် အိုးနှစ်လုံးနှင့် ရတနာထုပ်ကြီးကိုထမ်းပြီး တိတ်တဆိတ် ထွက်လာကြသည်။ လယ်ပွဲ အလယ်က ကုန်းကမူလေးသို့ရောက်လျှင် ရတနာထုပ်နှင့် အိုးနှစ်လုံးကို ချလိုက်ပြီး ပတ်ဝန်းကျင်များကို အကဲခတ်ကြည့်ကြသည်။ ဆုတ် တစ်ရက် လဖြူဝန်းကြီးက ထိန်ထိန်သာနေ၍ အတော်လေး အဝေးသို့ တိုင်အောင်ပင် မြင်နေရသည်။ လူသူဟူ၍ တစ်ဦးတစ်ယောက်မျှ မတွေ့ရပေ။

ထို့နောက် တဲခေါင်းရင်းတွင် တွင်းသုံးတွင်း တူးကြသည်။ စဥ့်အိုးထဲသို့ ရွှေမန်ကျည်းတောင့်များကို ထည့်ကြသည်။ မြေအိုးထဲသို့ ကျောက်သံပတ္တမြားများကို ထည့်ကြသည်။ ကျန်သော ရတနာများကို



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးဖြင့် ထုပ်ယူလာသည့်အတိုင်းပင် မြှုပ်လိုက်ကြသည်။

ရတနာများကို မြေထဲမှာ မြှုပ်ဝှက်လိုက်ကြပြီး နောက်နေ့တွင် ဣန္ဒြေမပျက် ယခင်အတိုင်း ကွမ်းထမ်းလုပ်ငန်းကိုပင် ဆက်လုပ်ပြီး နေဦးမည်ဟု ဆုံးဖြတ်ကာ ဝှက်ထားခဲ့ကြသော ကွမ်းထမ်းများကို သွားယူရန် ထွက်လာကြသည်။

တပြေးချောင်းနားသို့ရောက်လျှင် သူတို့၏ ဘုမိနက်သန် ရက်ချင်းပေါက် သူဌေးဘဝကို ပို့ပေးလိုက်သော နေရာလေးကို သတိရ၍ သွားကြည့်ကြသည်။ ဤတွင် အံ့သြရမည့်အဖြစ်နှင့် ကြုံကြရလေ၏။

ဝှက်ထားခဲ့ကြသော ကွမ်းထမ်းနှင့် ကျောက်တောင်၊ စေတီတော်လေး စသည်များမှာ ပကတိအတိုင်း ရှိနေသော်လည်း ကိုရင်လေးနှင့် စတွေ့သည့်နေရာ၊ စည်းချပြီး ပွဲထိုးသည့်နေရာများကို မမှတ်မိအောင်ပင် ရှိနေလေသည်။ ထို့ကြောင့် တစ်အောင့်ကြာအောင် အကြိမ်ကြိမ် ပြန်စဉ်းစားပြီး ဆက်စပ်ရှာဖွေကြသော်လည်း ဘာမှမတွေ့ရတော့။

ထို့ကြောင့် အဓိက လိုရင်းမဟုတ်သည့် အရာများကို ဦးနှောက်ညောင်းခံပြီး ဆက်လက်ကာ မစဉ်းစား မရှာဖွေကြတော့ဘဲ ကွမ်းထမ်းများကို ထမ်းပြီး ပြန်လာကြ၏။ ရက်၊ လ အတော်လေးကြာအောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းထမ်းသည့်အလုပ်ကို ဆက်လက်ပြီး လုပ်ကိုင်နေကြ၏။

ထို့နောက် လူမသိ သူမသိ အဓိပတိ တောသူဌေးကြီး ဖြစ်နေကြသော ဦးတက်တူတို့ မိသားစု အလှူကြီးပေးကျွေးလှူဒါန်းရန် ဆုံးဖြတ်ပြီး ကျည်တောင်၊ နတ်ရွာ၊ လှည်းလမ်းကူး၊ ခြံကြီး၊ တပြေး၊ ဇရပ်ကြီး၊ ကင်ပွန်းခြံ စသော ရွာများကို ဖိတ်စာကမ်းပြီး ကြော်ငြာလိုက်ကြ၏။

ဦးတက်တူတို့ မိသားစု၏ ဤအလှူကြီးကို မရိုးသားဟု ဆိုက ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့မိသားစုမှာ လူမသိ သူမသိ ကျိုက်ကျိုတက် ချမ်းသာနေကြသည်ကို ပွင့်ပွင့်ကြီး သုံးစွဲလှူဒါန်းရန်အတွက် ပတ်ဝန်းကျင်ကို သည်အလှူကြီး ပြုလုပ်ကျွေးမွေးကြမည့် သတင်းဖြင့် သွေးတိုးစမ်းကြည့်လိုက်ခြင်းပင် ဖြစ်သည်။

လယ်လုပ်၊ ကွမ်းထမ်းအဆင့်မှ ဤကဲ့သို့ ကြီးကျယ်သော အလှူကြီးကို ပေးကျွေးလိုက်ခြင်းဖြင့် ရွာသူရွာသားနှင့် ပတ်ဝန်းကျင်များက ရိပ်မိကြလေမလား၊ အကဲခတ်လာကြလေမလား ဟူသည့် သဘောမျိုးလည်း ဖြစ်သည်။ ပတ်ဝန်းကျင်က လယ်လုပ်၊ ကွမ်းထမ်း ဦးတက်တူတို့မိသားစု ဤကဲ့သို့ အလှူကြီး ပေးကျွေးကြသည်ကို မယုံသင်္ကာ ဖြစ်လာကြပြီး လေ့လာခြင်း၊ အကဲခတ်ခြင်း၊ မေးမြန်းစုံစမ်းခြင်းများ ရှိလာခဲ့လျှင်လည်း ဆက်လက်၍ လျှို့ဝှက်သင့်က လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ထားရပေမည်။ မစူးစမ်း၊ မလေ့လာ၊ မပံ့သကာ မရှိကြလျှင်လည်း လွတ်လွတ်ကြီး သုံးစွဲလျှုဒါန်းကြတော့မည် စသည်ဖြင့်…။

သို့သော်လည်း ဤကဲ့သို့ လုပ်ခြင်းဖြင့် ကုသိုလ်သည် တစ်ပဲတစ်ပြားသားမျှ ဆုတ်ယုတ်လျော့ပါးခြင်း မရှိပေ။ ဘေးလူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်ပွန်းပဲ့ခြင်း မရှိသောကြောင့် ရသင့်သော ရမြဲကုသိုလ်ကို ပြည့်ပြည့်ဝဝကြီး ရမည်သာ ဖြစ်သည်။

ဤတွင်လည်း မမျှော်မှတ်သော ထူးဆန်းအံ့ဩဖွယ် ဖြစ်ရပ်ကြီးတစ်ခုနှင့် တွေ့ကြုံကြရပြန်လေသည်။

အကြောင်းမှာ ဦးတက်ကူတို့သားအဖသည် အလှူကြီးပေးကျွေးလှူဒါန်းကြမည်ဟု ကြော်ငြာလိုက်ကြပြီးနောက် တစ်ခုသောလပြည့်ညတွင် ရတနာများကို သွားရောက်တူးဖော်ကြရာ၌ သုံးပိဿာဝင် စဉ့်အိုးတစ်လုံးနှင့် ငါးပိဿာဝင် မြေအိုးတစ်လုံးမျှကိုသာ တွေ့ရပြီး ပုဆိုးဖြင့်ထုပ်ပြီး မြှုပ်ထားခဲ့ကြသော ရတနာများကိုမူ လုံးဝမတွေ့ရတော့ပေ။ ပေါက်ပင်ကြီးအောက်ကို လယ်ထွန်သကဲ့သို့ တရစပ် တူးဆွပြီး ရှာဖွေကြသော်လည်း အချိန်ကုန်ပြီး လူပန်းခြင်းကသာ အဖတ်တင်လေသည်။

မိသားစုများ လယ်ပွဲသို့ မပြတ်မကြာ ရောက်လေ့ရှိကြသောကြောင့် အခြားလူတစ်ဦးတစ်ယောက် တူးဖော်ယူသွားလျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ရာခြေရာများကို တွေ့ကြရမည်သာ ဖြစ်သည်။ ယခု ထိုအရိပ်လက္ခဏာများကိုလည်း တစ်ခုမျှ မတွေ့ရဘဲ ပုဆိုးဖြင့်ထုပ်ပြီး မြှုပ်ထားသော ရတနာများသည်သာ အလုံးစုံ ပျောက်ဆုံးသွားလေသည်။

ထို့ကြောင့် ဦးတက်တူသည် နှမြောတသစွာဖြင့် သက်မကို အကြိမ်ကြိမ်ချပြီး စဉ်းစားမိသည်မှာ...

ရတနာများကို မြေမြှုပ်သိမ်းဆည်းရာ၌ အိုးဖြင့်ထည့်မြှုပ်မှ မြဲလေသလား။ သို့မဟုတ်ပါက အနှောင့်အယှက် အဖျက်အဆီးဝင်ပြီး မမြင်နိုင်သော ခိုးဝှက်ခြင်းကို ခံရလေသလားဟူ၍ ဖြစ်၏။

ဘာမျှမတတ်နိုင်တော့။ ရွှေမန်ကျည်းသီး နှစ်တောင့်မျှကိုသာ ယူပြီး ကျန်သော ရတနာအိုးကြီးနှစ်လုံးကို လယ်ပွဲအထက် တောက်ရာပင်ကြီးအောက်၌ သုံးပေမျှ အနက်တူးပြီး ဖွဲ့ခံကာ မြှုပ်ထားလိုက်ကြ၏။ ထိုရွှေမန်ကျည်းသီး နှစ်တောင့်ကိုပင် ထုခွဲရောင်းချပြီး အလှူကြီး ပေးလှူလိုက်ကြ၏။ နောက်လည်း သုံးနှစ်တစ်ကြိမ် ရှေ့နည်းအတိုင်း ကထိန်၊ ရဟန်းခံ၊ ရှင်ပြု အလှူကြီးများကို ပေးလှူကြ၏။ အလှူကြီးများ ပေးလှူကြတိုင်းလည်း ကိုရင်လေး၊ ဘီလူးမကြီးနှင့် သိုက်စောင့်များအား အမျှအတန်း ပေးဝေကြမြဲပင် ဖြစ်သည်။

**ထွန်းတောက်**

www.burmeseclassic.com

www.burmeseclassic.com



# ဘီလူးအော်သံ

## တာတေ

တောင်ကန့်လန့် ဆိုတဲ့ရွာက ကျုပ်တို့ထနောင်းကုန်းနဲ့တော့ အတော်လေး ဝေးသဗျ။

အဲဒီတုန်းက ကျုပ်က မြို့မှာ ကျောင်းတက်တုန်းလေဗျာ။

အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကိုးတန်းတက်နေတဲ့ နှစ်ပေါ့။ ကျုပ်မှတ်မိတယ်။ တန်ဆောင်တိုင် ကျောင်းပိတ်ရက်ဗျ။ တောင်ကန့်လန့်မှာနေတဲ့ ကျုပ်သူငယ်ချင်း စိန်ကျော်ခေါ်လို့ ကျုပ် လိုက်သွားတာဗျို့။ စိန်ကျော်က ကျုပ်ကို လွှတ်ခင်တဲ့အကောင်ဗျ။ လူက အသားဖြူဖြူ ပိန်ပိန်ပါးပါး စကားပြောရင်တော့ လျှာလေးအာလေးနဲ့ဗျ။ စိန်ကျော်တို့ရွာက အတော်လေးဝေးသဗျ။ ကားတစ်တန်၊ လှည်းတစ်တန် သွားရတာ။

ဒီကောင်တွေရွာက ရိုးမနဲ့ တော်တော်လေးနီးတယ်။ သူတို့ရွာရဲ့ အနောက်ဘက် နှစ်မိုင်လောက်မှာ တောင်ရိုးကြီးနဲ့ ဆိုရင်တော့ ကန့်လန့်ကြီး ဖြစ်နေတာပေါ့ဗျာ။ အဲဒီတောင်ကြီးကို အစွဲပြုပြီး စိန်ကျော်တို့ရွာကို တောင်ကန့်လန့်ရွာလို့ ခေါ်ကြတာဗျ။ ကျုပ်ရောက်သွားတဲ့ရက်က အအေးဓာတ်ကလေး စပြီးလွှမ်းနေတဲ့အချိန်ဗျ။ နိုင်ငံခြားတိုင်းပြည်တွေမှာတော့ အော်တန်လို့ခေါ်တဲ့ ဆောင်းဦးပေါက်ရာသီပေါ့ဗျာ။

စိန်ကျော်တို့ရွာကို ကျုပ်ရောက်တဲ့ညမှာပဲ ရွာထဲက ကာလသားပေါက်စတွေ ရောက်လာကြဟာဗျို့။ တောင်ကန့်လန့်သားတွေက လွှတ်ဧည့်ဝတ်ကျေတာဗျ။ အိမ်တစ်အိမ်များ ဧည့်သည်ရောက်ရင် ကျန်တဲ့အိမ်တွေကလာပြီး ဧည့်ဝတ်ပြုကြတာဗျ။ စိန်ကျော်တို့အိမ်က ဝိုင်းကြီးကလည်းကျယ်၊ အိမ်ကြီးကလည်းကြီးဆိုတော့ အောက်ထပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ကလေးသာသာ လူပျိုပေါက်တွေစုပြီး ဝိုင်းဖွဲ့နေကြတာပေါ့ ဗျာ။

စိန်ကျော်မိဘာတွေကလည်း လက်ဖက်သုတ်၊ အမဲခြောက်ဖုတ်၊ ဆတ်သားခြောက်ဖုတ်တွေနဲ့ ညှိခံတာပေါ့ဗျာ။ ကျုပ်တို့လူစုလည်း စားလိုက် သောက်လိုက် စကားတွေပြောလိုက်နဲ့ အရှိန်ရလာကြတာပေါ့ ဗျာ။ ပြောရင်း ပြောရင်းနဲ့ တစ္ဆေအကြောင်း သရဲအကြောင်းတွေ ရောက်လာရောဗျို့။ ဒီမှာတင်ပဲ အောင်ကွန့် ဆိုတဲ့အကောင်က ပြော တာဗျ။

"နေကြဦးကွ၊ မင်းတို့ သရဲအကြောင်းတွေပြောတော့ ငါ သတိရသွားတာပေါ့၊ ဟိုတလောက ငါ သစ်တံခါးရွာကနေ ပြန်လာ တာ မိုးချုပ်သွားတယ်ကွ"

"ဟော့...မင်းက သစ်တံခါးမှာ မိုးချုပ်အောင် နေရလား အောင်ကွန့်ရဲ့"

"ဒီလိုကွ၊ အဘက အကြွေးတောင်းဖို့ ငါ့ကို လွှတ်တာဟော့၊ ဟိုရောက်တော့ အဲဒီလူက မြို့ကို နွမ်းရောင်းသွားလို့ စောင့်ယူသွားပါ ဆိုလို့ ငါ့မှာစောင့်နေရတာကွ၊ ဒီလူ ပြန်လာတာကိုက နောက်ကျနေ တော့ ငါလည်း ရွာအပြန် နောက်ကျတော့တာပေါ့ကွာ"

"မင်းပြန်တဲ့လမ်းမှာ ဘီလူးဂူရှိတယ်ဆိုတာ မင်း မသိရလို့

www.burmeseclassic.com

www.burmeseclassic.com



လား"

တောင်ကန့်လန့်က စိန်ကျော်ကို သူ့သူငယ်ချင်း ခွေးညိုဆိုတဲ့ ကောင်က မေးတာဗျ။

"ခွေးညိုရာ သတိမရဘဲတော့ ရှိမလားကွ၊ ဒါပေမဲ့ နောက် တစ်ခေါက် မလာချင်တာနဲ့ ကိစ္စပြီးအောင် စောင့်ယူနေကြတာကိုးကွ"

"ဟိုတလောကဆိုတော့ မိုးတွင်းကြီးလား အောင်ကွန့်ရ"

ဂျပုဆိုတဲ့ကောင်က ဝင်မေးပြန်ရောဗျ။

"အေလေ၊ မိုးတွင်းမှ အဲဒီညက ကောင်းကင်တစ်ခုလုံးပဲ မှောင်နေတာကွ၊ ကောင်းကင်မှောင်တော့ မြေပြင်ပါ မှောင်နေတာပေါ့ ကွာ၊ လျှပ်စီးတွေလည်း တဝင်းဝင်းနဲ့ လက်လို့ကွ"

"မင်းကွာ နောက်တစ်နေ့မနက်မှ ပြန်ခဲ့ရင် ပြီးတဲ့ဟာ၊ မစွန့်စားသင့်တာကိုကွာ၊ ကဲ ပြောပါဦး ဘာတွေဖြစ်ခဲ့တုံး"

"ဘာမှတော့ မဖြစ်ဘူးကွ၊ ဒါပေမဲ့ ကြားတော့ ကြားခဲ့ တယ်"

"ဟေ...ဘယ်လိုကြားခဲ့တာတုံးကွ"

"ဒီလိုကွ ငကျော်ရဲ့၊ တောင်ကန့်လန့်ကြီးကို ကျော်လာလို့ တော်တော်ကလေးရောက်လာတော့မှ ကြားတာကွ"

"အေး...ဘယ်လိုကြားတာတုံးကွ၊ အောင်ကွန့်ရဲ့၊ ရှင်းရှင်း



www.burmeseclassic.com

www.burmeseclassic.com



လင်းလင်း ပြောစမ်းပါဟ"

"အေးကွာ ဘယ်လိုပြောရမှန်းတောင် မသိဘူး၊ အသံကြီးကွာ ကြောက်စရာကြီးကွ၊ တောင်ကန့်လန့်ကြီးကနေ ထွက်လာတာကွ၊ 'ဂူး...ဂူး...အီး...အီး...ဂူး...အီး...ဂူး...' ဆိုတဲ့ အသံကြီးကွ၊ ဝမ်းခေါင်းသံကြီးကွ၊ ကော်တော်ကြီးတဲ့ သတ္တဝါကြီးတစ်ကောင်ရဲ့ အသံမှန်းတော့ ငါသိတယ်ကွ"

"တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ အသံများလားကွာ"

မျက်လုံးစွေစောင်းစောင်းနဲ့ လန်ဘားလို့ခေါ်တဲ့ ကောင်က မေးတာဗျ။

"မဟုတ်ဘူး လန်ဘား၊ ငါကြားခဲ့တာ တိရစ္ဆာန်အသံတော့ မဟုတ်ဘူးကွ၊ လူကြီးတစ်ယောက် အော်လိုက်တဲ့ အသံမျိုးကွ"

"ဟ...အောင်ကွန့်ရဲ့၊ လူအသံက ဒီလောက်ကျယ်ပါ့မလားကွ"

"အေးပေါ့၊ ပြေုးရဲ့၊ ငါလည်း ဒါကြောင့် ဘာအသံဆိုတာ အတိအကျ မပြောနိုင်တာပေါ့ကွ"

"မင်းလည်း ကြားဖူးမှာပဲလေကွာ၊ တို့ရွာက ဘိုးသီလတို့ ဘိုးရာမတို့ အမြဲပြောနေတာလေကွာ၊ တောင်ကန့်လန့်ကြီးမှာ ကျောက်ဂူကြီးရှိတဲ့အကြောင်း၊ အဲဒီကျောက်ဂူကြီးထဲမှာ ဘီလူးကြီးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အကြောင်းလေကွာ"

"ဟုတ်တယ် အောင်ကွန့်၊ ငါတို့ရွာမှာ ညမပြောနဲ့ နေ့ဘက်မှာတောင် အဲဒီဘက်ကို သွားရဲတဲ့လူ မရှိဘူးကွ"

"ဟ...ငါလည်း တောင်ကန့်လန့်ရွာသားပါကွ ငပြူးရဲ့၊ ဒါတွေ မကြားဖူးဘဲ ရှိပါ့မလား၊ ဒါပေမဲ့ လူကြီးတွေပဲ ပြောကြတာလေကွာ၊ တောင်ကန့်လန့်ကြီးဘက်က အော်သံတွေ မကြားရတော့ဘူး၊ ဘီလူးကြီး တခြားနေရာကို ပြောင်းသွားပြီဆိုတာလေကွာ"

"အေး...အောင်ကွန့်ပြောတာ ဟုတ်တယ်ကွ၊ အဲဒီတောင်ကန့်လန့်ကြီးဘက်ကနေ အော်သံဟစ်သံတွေ သိပ်မကြားရတာ ကြာပြီလို့ ပြောကြတယ်၊ ခုမှ ဘာဖြစ်တာတုံး"

"ဟကောင် ဂက်သိုးရဲ့၊ အဲဒီဂူကြီးထဲမှာနေတဲ့ ဘီလူးက တခြားကို ပြောင်းသွားတာ ရှိမှာပေါ့ကွ၊ အဲဒါကြောင့် အဲဒီဘီလူးကြီး အော်သံ မကြားရတာ ဆယ်နှစ်လောက်တောင် ရှိပြီလို့ ပြောကြတယ်။ အခုဟာက အဲဒီဘီလူးပြန်ရောက်လာတာ နေမှာပေါ့၊ ဒါကြောင့် အောင်ကွန့် ကြုံလာတာ ရှိမှာ"

"အေး...နေကြပါဦးကွာ၊ ငါ အောင်ကွန့်ကို မေးမလို့"

"ဟေ...မေးလေ စိန်ကျော်၊ မင်း ဘာမေးမှာတုံး"

"မင်း အဲဒီအော်သံကြီးကြားတော့ ဘာလုပ်တုံး"



www.burmeseclassic.com

www.burmeseclassic.com



“ငါက သစ်တံခါးကို ခြေလျင်သွားတာ မဟုတ်ဘူး၊ လှည်းနဲ့သွားတာ၊ ငါက ဘာမှကို လုပ်စရာမလိုတာ၊ နွားတွေက အဲဒီအော်သံကြီး ကြားတော့ စွတ်ပြေးကြတာပေါ့၊ ရွာကို ဘယ်လိုရောက်လာမှန်း မသိဘူး၊ ငါကလည်း တစ်ချက်မှကို မမောင်းလိုက်ရဘူးပေါ့”

“မင်း ဒီအကြောင်းတွေကို လူကြီးတွေကို ပြောသေးလား အောင်ကွန့်”

“ဟ၊ ပြောတာပေါ့ကွ၊ ငါ့အဘကို ပြောပြလိုက်တယ်၊ ငါ့အဘကတောင် အံ့သြပြီး ဘီလူး ပြန်လာတာ ဖြစ်မယ်လို့ ပြောတယ်။ ငါ့စိတ်ထင်တော့ ဒီသတင်းကို အဘက ရွာထဲမှာ ပြောသင့်တဲ့သူတွေကို တိုးတိုးတိတ်တိတ် ပြောလိုက်ပုံရတယ်ကွ”

ဒီအကြောင်းတွေ ပြောနေတာ ကျုပ် အံ့သြပြီး နားထောင်နေတာဗျ။ အဲဒီမှာတင် ကျုပ်ရဲ့ မွေးရာပါရောဂါက ပေါ်လာတော့တာပဲဗျ။ စပ်စုတဲ့ရောဂါလေဗျာ။ ကျုပ် အဲဒီဂူကြီးကိုသွားပြီး စပ်စုချင်တာဗျ။

နောက်ဆုံးတော့ ကျုပ် စိန်ကျော်ကို အဖော်စပ်တယ်။ စိန်ကျော်က အောင်ကွန့်ကို လက်တို့ပြီး တိုးတိုးပြောတယ်။ ပထမတော့ အောင်ကွန့်က တွေနေသေးတာဗျ။ နောက်မှ...

“သွားလေကွာ၊ တာတေက ငါတို့ညီ့သည်ပဲ၊ ညီ့သည် သွားချင်ရင် အိမ်ရှင်က လိုက်ပို့ရတာပေါ့၊ စိန်ကျော်ရ”



www.burmeseclassic.com

www.burmeseclassic.com



ည ၉ နာရီလောက်ရောက်တော့ ရွာထဲက ကျုပ်ကို လာပြီး စည့်ခံစကားပြောကြတဲ့ကောင်တွေ ပြန်သွားရောဗျို့။ အောင်ကွန့်က ငပြူးကို ပြောလိုက်တယ်။

“ငပြူး ငါ့အိမ်ဝင်ပြီး အဘနဲ့ အမေကို ပြောပေးစမ်းပါကွာ၊ ငါ ဒီည စိန်ကျော်တို့အိမ်မှာ အိပ်မယ်လို့ စည့်သည်နဲ့လည်း စကား ပြောချင်လို့လို့ ကြားလား ငပြူး”

“အေး…အေး…ငါပြောလိုက်မယ်၊ စိတ်ချ”

ကျုပ်တို့သုံးယောက် စိန်ကျော်တို့ အိမ်ကြီးအောက်ထပ်မှာ အိပ်ရာတွေခင်းပြီး အိပ်ကြတယ်။ စိန်ကျော်တို့ အိမ်သားတွေကတော့ အိမ်ကြီးအပေါ်ထပ်မှာ အိပ်ကြတာဗျ။ အိပ်တယ်ဆိုပေမယ့် အိပ်ချင် ယောင်ဆောင်နေကြတာပါ။ ည ၁၁ နာရီထိုးတော့ အောင်ကွန့်က ပြောတယ်။

“ကဲ တာတေနဲ့ စိန်ကျော် ထကြ၊ သွားကြစို့”

အောင်ကွန့်က စောစောကတည်းက စီစဉ်ထားတဲ့အတိုင်း စိန်ကျော် ပေးထားတဲ့ လေးခွနဲ့ လောက်စာလုံးလွယ်အိတ်ကို စလွယ် သိုင်း လွယ်ထားလိုက်တယ်။ စိန်ကျော်က သူ့အဘရဲ့ ငှက်ကြီးတောင် ဓားရှည်ကြီး ကိုင်လို့ဗျ။ ကျုပ်ကိုတော့ ကျုပ်အရပ်သာသာရှည်တဲ့ လှံတစ်ချောင်းပေးတယ်။ ကျုပ်တို့သုံးယောက် လက်နက်ကိုယ်စီနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲက ထွက်လာခဲ့ကြတယ်။ ခပ်လှမ်းလှမ်းမှာ မည်းမည်းကြီးတန်းနေတဲ့ တောင်ကန့်လန့်ကြီးကို တွေ့ရတယ်။ ကျုပ်တို့သုံးယောက် ယာခင်းတွေကိုဖြတ်ပြီး ခပ်သုတ်သုတ် လျှောက်တာဗျ။ သိပ်မကြာလိုက်ဘူး၊ တောင်ဖီလာကြီးကို ရောက်လာတယ်။ တောင်ဖီလာဆိုတာ တောင်ကန့်လန့်ကို ပြောတာလေဗျာ။ တောင်ကန့်လန့်ကြီးနဲ့ အနီးဆုံးအထိသွားပြီး ထနောင်းပင်တွေ မန်ကျည်းပင်တွေ ပြုံပေါက်နေတဲ့နားက ဘိစပ်ခြုံကြီးတွေနောက်ကို ပြေးကပ်ပြီး ပုန်းနေလိုက်ကြတယ်။

"ဟိုတောင်ကြီးပေါ်ကို ကြည့်ကွ တာတေရ၊ အဲဒီအပေါ်မှာ ဂူကြီးရှိတယ်လို့ ပြောကြတယ်၊ ဘယ်သူမှတော့ အဲဒီတောင်ကန့်လန့်ကြီးပေါ်ကို မတက်ရဲဘူးကွ၊ ရှေးလူကြီးတွေ ပြောခဲ့တာကိုပဲ ပြန်ပြောကြရတာပေါ့"

ကျုပ်တို့ရောက်တာ နာရီဝက်လောက်တောင် ရှိပြီဗျ။ ဘာအသံမှတော့ မကြားရသေးဘူး။ ကျုပ်တို့သုံးယောက်စလုံးတောင်ကန့်လန့်ကြီးရဲ့ထိပ်ကိုပဲ လှမ်းကြည့်နေကြတော့ တောင်ကလည်းမြင့်တော့ ဂူပေါက်တွေ ဘာတွေကို ဘယ်မြင်မှာတုံးဗျာ။

"ဂူး...ဂူး...အိး...အိး...အား"

"ဟာ...အော်ပြီ၊ အော်ပြီ၊ ဘိလူးကြီး အော်ပြီဟေ့"

ကျုပ်ဖြင့် ကြက်သီးတွေ ဖျန်းကနဲ ဖျန်းကနဲ ထသွားတော့ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကဆံပင်တွေ ထောင်ထောင်ထသွားတယ် ထင်တယ်ဗျို့။

"တာတေ မကြောက်နဲ့၊ ဘာမှမဖြစ်ဘူး"

အောင်ကွန့်က ကျုပ်ကို အားပေးတာဗျ။ ဒါပေမဲ့ ကျုပ်ကို အသံပေးတဲ့ သူ့အသံကိုက တုန်တုန်ရီရီကြီးဗျ။

"အေးပါ အောင်ကွန့်ရဲ့၊ ငါ မကြောက်ပါဘူး"

ကျုပ်က ပြောရင်းနဲ့ အောင်ကွန့်ပခုံးကို ဖက်လိုက်တယ်။ ဟာ...အောင်ကွန့် အသားတွေ တုန်နေတာဗျို့။ ဒါနဲ့ ကျုပ်စိန်ကျော်ကို ခေါ်ကြည့်တယ်။

"စိန်ကျော်"

ဟာ...ဒီကောင် မထူးဘူးဗျ။

"စိန်ကျော်"

ကျုပ်က ထပ်ခေါ်ကြည့်တယ်။ ဒီတော့မှ စိန်ကျော်က ကျုပ်ကို လှည့်ကြည့်တယ်ဗျ။

"ဟော...ဘာတုံး တာတေရ၊ ငါ သမ္ဗုဒ္ဓေ ရွတ်နေတာကွ"

"ဩော်...အေး...ကောင်းတယ်၊ ကောင်းတယ်"

"ဂူး...ဂူး...ဂူး...အား..."

ဟာ အသံကြီးက ပိုကျယ်လာသလိုပဲဗျို့။ ကျုပ်တို့ သုံးယောက်စလုံး အသံကြီးထွက်လာတဲ့ တောင်ထိပ်ကို မျက်တောင်မခတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာဗျို့။

"အသံက ပိုကျယ်လာတယ်ကွ၊ ဘီလူးကြီး ဂူထဲက ထွက်လာတယ်ထင်တယ်"

အောင်ကွန့်က အသံတုန်တုန်ကြီးနဲ့ ပြောတာဗျ။

"ဟေ...ဟုတ်လား၊ ဒါဆို ပြေးကြမလား"

စိန်ကျော်ကလည်း အသံတုန်တုန်ကြီးနဲ့ မေးကာဗျို့။

"ဟာ...မပြေးရပါဘူးကွာ၊ အခုနေပြေးတော့မှ ဘီလူး တွေ့သွားပြီး စွတ်လိုက်ချလာရင် ခက်မယ်ကွ၊ အသာလေးငြိမ်ကြည့်နေ"

ကျုပ်က ဝင်ပြောလိုက်တော့မှ ဒီကောင်တွေ ငြိမ်သွားပြီး ကြည့်နေကြတာဗျ။ အောင်ကွန့်ကလည်း သူ့လက်ထဲက လေးခွကို အဆင်သင့်ပြင်ထားတယ်။ စိန်ကျော်ကလည်း ငှက်ကြီးတောင်ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ထားတယ်။ ကျုပ်ကလည်း လက်ထဲက လှံကို တင်းတင်းကိုင်ထားတာပေါ့ဗျာ။

"ဟာ...ဟိုမှာ ဟိုမှာ ဘီလူးကြီး...ဘီလူးကြီး"

"ဟင်...ဘယ်မှာတုံး၊ ဘယ်မှာတုံး အောင်ကွန့်ရဲ့၊ ဘယ်မှာတုံး"

"ဟာ ဟုတ်တယ်ဗျို့၊ အောင်ကွန့် ပြတဲ့နေရာကို သေချာကြည့်လိုက်တာ၊ လျှော်ဖြူအပင်ကြီးဘေးမှာ မတ်တတ်ကြီး ရပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဗျို့၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး"

လရောင်လေးက မှိန်မှိန်လေးပဲ ရှိတာဗျ။ ဝိုး…တိုး…ဝါး…တားပဲ တွေ့ရတာ။ ဒါပေမဲ့ အကောင်အထည်ကတော့ သဲကွဲဘာပေါ့ဗျာ။

"ဂူး…ဂူး…အီး…အီး…အား"

ဟာ…အော်ပြီဗျို့။ မတ်တတ်ကြီးရပ်ပြီး တအားကျူးအော်လိုက်တာဗျ။ ဘယ်လိုအသံကြီးမှန်းကို မသိပါဘူးဗျာ။ ဝမ်းခေါင်းထဲကလာတဲ့ အသံကြီးဗျ။ အသံနက်ကြီးဗျ။

"အူး…ဂူး…ဂူး…အီး…"

နားထောင်ရင်း ကြက်သီးအကြီးကြီးတွေ ထနေတာဗျို့။ ကျုပ်စိတ်ထင် ပြောရရင်တော့ အရပ်ကြီးက ၁၅ ပေလောက် ရှိတယ်ဗျ။ ကိုယ်လုံးကြီးက စပါးတစ်ရာဝင်တဲ့ ပုတ်ကြီးလောက်ရှိမယ်။ ခေါင်းကြီးက တင်းတောင်းနှစ်လုံးစာလောက် ရှိမယ်။ လရောင်မှိန်မှိန်လေးအောက်မှာ ပါးစပ်ထဲက အစွယ်ကြီးတွေကို တစ်ချက် တစ်ချက်မြင်နေရတာဗျို့။

ဟာ…သွားပြီဗျို့၊ သွားပြီ။ ဘီလူးကြီး ချာကနဲ လှည့်ထွက်သွားပြီဗျို့။ တောင်ကန့်လန့်ကြီးအတိုင်းလျှောက်ပြီး ရိုးမတောကြီးထဲဝင်သွားတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"တာတေရာ…မင်းတော့ ဘယ့်နှယ်နေလဲမသိဘူး၊ ငါဖြင့် ကြောက်လိုက်တာကွာ၊ သေးတောင် နည်းနည်းထွက်သွားတယ်ထင်တယ်"

"အောင်ကွန့်ရာ မင်းကတော့ လုပ်ပြီ"

စိန်ကျော်က အောင်ကွန့်ကိုပြောတော့ အောင်ကွန့်က ပြောတာဗျ။

"ဘယ်တတ်နိုင်မတုံး စိန်ကျော်ရ၊ အရမ်းကြောက်နေတော့ သတိက လွတ်သွားတာလေ"

"ကဲ ကဲ ငါတို့ပြန်ကြမလား၊ တာတေ"

"နေပါဦးကွာ၊ အင်မတန်မြင်ရခဲတဲ့ အဖြစ်ကြီးကွ၊ ထပ်စောင့်ကြည့်ရအောင်၊ ဘာတွေထပ်ပြီး တွေ့ရဦးမလဲ မသိဘူး"

ကျုပ်က မပြန်သေးဘူးပြောတော့ ဒီကောင်တွေလည်း မပြောဘူးဗျ။ ကျုပ်တို့သုံးယောက် ဘီလူးကြီး ဝင်သွားတဲ့ တောထဲကိုပဲ ကြည့်နေကြတာပေါ့ဗျာ။ ခုထိတော့ ဘာမှမတွေ့ရဘူး။ ကျုပ်လက်မှာ ပတ်ထားတဲ့ နာရီကို ကြည့်လိုက်တယ်။ နာရီအိမ်မြှောင်မှာက မီးစုန်း ပုံတာဆိုတော့ မှောင်ထဲမှာ မြင်ရတာပေါ့။ ည ၁ နာရီ ထိုးပြီဗျ။ ဘာမှ မထူးခြားသေးဘူး။ ကျုပ်တို့သုံးယောက်စလုံး ဖွဲနဲ့ဆက်ပြီး စောင့်ကြည့်နေကြတယ်။ ကျုပ်နာရီကို ကြည့်လိုက်တော့ ညနှစ်နာရီ



www.burmeseclassic.com

www.burmeseclassic.com



ထိုးနေပြီဗျ။ တော်တော်လေးလည်း အေးလာပြီ။ ကျုပ်တို့ သုံးယောက်စလုံး ပုဆိုးတွေကိုခြုံပြီး ပုနေကြတော့တာပေါ့ဗျာ။

"အူး...ဂူး...ဂူး..."

ဟာ...ဘီလူးကြီး လာပြီ၊ ဘီလူးကြီး လာပြီ။

အောင်ကွန့်က စပြောတာဗျ။ ခေါင်းမြီးခြုံထားတဲ့ပုဆိုးတွေကို ခါးမှာ ကပျာကယာ ပြန်ဝတ်လိုက်ကြတယ်။ လက်ထဲကဓားတွေကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တယ်။ ရိုးမတောကြီးထဲက အသံကြားတာဗျ။

"အူး...ဂူး...ဂူး..."

"ဟော...နီးလာပြီဗျို့၊ အသံက ပိုကျယ်လာတယ်၊ ဟော... ဟိုမှာ ရိုးမတောကြီးထဲက ထွက်လာပြီ၊ တောင်ကန့်လန့်ကြီးဘက်ကို တက်လာပြီဗျို့"

"ဟာ...ဘီလူးကြီးက အစာသွားရှာတာပဲဗျို့၊ ဟိုမှာ မြင်လား၊ သူ့ရဲ့ပခုံးမှာ အကောင်ကြီးတစ်ကောင် ပါလာတယ်၊ မည်းမည်းကြီးကွ၊ ဘာကောင်လဲတော့ မသိဘူး၊ တော်တော်ကြီးတယ်"

အောင်ကွန့်က ကျုပ်တို့ကို ပြောနေတာဗျ။ ဟုတ်တယ်ဗျို့။ ဘာကောင်ကြီးလဲ မသိဘူး၊ ပခုံးပေါ်မှာ ထမ်းလာတာ။ ဘီလူးကြီးက တောင်ကန့်လန့်ကြီးအတိုင်း လျှောက်လာတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



"တောဝက်ကြီးကွ ပခုံးမှာ ထမ်းလာတာ၊ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး၊ ခေါင်းက တွဲလောင်းကျပြီး ဘီလူးကြီးကျောပေါ် ရမ်းခါနေတာ၊ ဒီကောင်ကြီးက နှစ်ချို့ကောင်ကြီး ဖြစ်မယ်၊ ကျွဲပေါက်လောက်ရှိတယ်၊ တာတေရ…"

စိန်ကျော်က ကျုပ်ကို လက်ကုတ်ပြီး အသံခပ်အုပ်အုပ်နဲ့ ပြောတာဗျ။

ဟာ…မတ်တတ်ရပ်ပြီး ဟိုကြည့် ဒီကြည့် ကြည့်နေတာဗျို့၊ ဘီလူးရဲ့ကိုယ်က လူရဲ့ကိုယ်လုံးအတိုင်းပဲဗျ၊ အကောင်အကြီးကြီး ဖြစ်နေတာပဲကွာတယ်၊ လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာတည်ဆောက်ပုံအတိုင်းပဲ၊ ကျုပ်စိတ်ထင်တော့ တောထဲအိပ်နေတဲ့ဝက်ကို လည်ပင်းလိမ်ချိုးပြီး ခေါ်လာတာဖြစ်မယ်။

"ဟော့ကောင် တာတေ၊ ဘီလူးကြီး ဘာကိုရပ်ပြီး ကြည့်နေတာလဲ မသိဘူးကွ၊ ငါတို့ကို တွေ့သွားလို့လား မသိဘူး"

"ဟာ…မဟုတ်ပါဘူး စိန်ကျော်ရာ၊ သူ့ဘာသာ တစ်ခုခုကို ကြည့်နေတာပါကွာ"

"ငါတို့အနံ့များ ရလို့လား မသိတာ"

အောင်ကွန့်ကလည်း အသံတုန်တုန်ကြီးနဲ့ ဝင်ပြောတယ်ဗျ။

"အူး…အူး…ဝူး…ဝူး…"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဗျ၊ အမေ ကယ်ပါဦး"

ကျုပ်တို့ စကားကောင်းနေတုန်း ဘီလူးကြီးက အသံနက်ကြီးနဲ့ ကြုံးအော်လိုက်တာ အောင်ကွန့်က အော်ပြီး မြေကြီးပေါ် လှဲချလိုက်ကောဗျို့။

"ဟေ့ကောင် အောင်ကွန့်၊ မအော်နဲ့၊ ဘီလူးကြားသွားလို့၊ တောင်ပေါ်က ပြေးဆင်းလာဦးမယ်"

"အူး...ဝူး...ဝူး..."

ဟော အော်ပြန်ပြီဗျို့။ နောက်ဘက်ကိုလှည့်ပြီး ချုံပုတ်တွေထဲ ပြေးဝင်သွားတာဗျို့။

"စိန်ကျော် မြင်လား၊ ဘီလူးကြီး ဝင်သွားတဲ့ ချုံပုတ်ကြီး"

"အေး...မြင်တယ်၊ တာတေ"

"အဲဒီနေရာမှာ ဂူပေါက်ကြီး ရှိပုံရတယ်ကွ၊ မနက်ကျရင် မင်းနဲ့ငါ တောင်ပေါ်တက်ပြီး ပြန်ကြည့်ကြရအောင်"

"ဟေ...မလုပ်ပါနဲ့ တာတေရာ၊ တောင်ပေါ်တက်ပြီး ဘီလူးဂူတော့ မရှာပါရစေနဲ့ သူငယ်ချင်းရယ်၊ အရှင်လတ်လတ် ဘီလူးစားတာ ခံနေရပါ့မယ်"

"ဒါဆို မင်းနေခဲ့ကွာ၊ ငါတစ်ယောက်တည်း တက်ကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး…ဒီလိုလည်း ဘယ်ဖြစ်မှာတုံး တာတေရာ၊ တော်တော်ကြာ နာမည်ကျော်သွားဦးမယ်"

"ဘယ်လိုနာမည်ကျော်မှာတုံးကွ စိန်ကျော်ရ"

"တာတေတစ်ယောက် စိန်ကျော်တို့ရွာကို လိုက်သွားတာ ားစားခံလိုက်ရလို့ ဆိုပြီးတော့ပေါ့ကွာ"

ကျုပ်က အော်ရယ်လိုက်မိတယ်။ ကျုပ်တို့သုံးယောက် ရွာပြန် ပော့ ဘုန်းကြီးကျောင်းက ခန်းမောင်းတောင် ခေါက်နေပြီဗျ။



တာတေ



www.burmeseclassic.com

www.burmeseclassic.com

# ကာတေစီစဉ်ထုတ်ဝေသည့်စာအုပ်များ

၁။ ခေါင်းထမ်းလာတဲ့ကာရွှေ
၂။ ကဝေပုရပိုက်
၃။ တရွှေမှော်
၄။ ကားလမ်းပေါ်ကတရွှေ
၅။ တရွှေတွေနေတဲ့အိမ်
၆။ တရွှေတွေလာတဲ့ည
၇။ တရွှေတစ်ရာမှော်ဝင်ဓါး
၈။ တရွှေထောင်ချောက်
၉။ တရွှေထိုးတဲ့ခေါင်းလောင်းသံ
၁၀။ ဆရာမနိုင်တရွှေအိုင်
၁၁။ ကဝေကျွန်းရှင်
၁၂။ ငရဲဂူမှတရွှေထောင်
၁၃။ တတိယမျက်လုံး
၁၄။ ပဥ္စလက်မှော်
၁၅။ မှော်ဝင်တောင်သခင်မ
၁၆။ တရွှေမျက်လုံး (အမှတ်၁)
၁၇။ ကရွှေမျက်လုံး (အမှတ်၂)
၁၈။ တရွှေမျက်လုံး (အမှတ်၃)
၁၉။ တရွှေမျက်လုံး (အမှတ်၄)
၂၀။ တရွှေမျက်လုံး (အမှတ်၅) ယခုလ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


# တာတေထွက်ရှိပြီးစာအုပ်များ

၁။ ကိုယ်တွေ့မဖဲဝါ
၂။ ကဝေဆယ့်နှစ်ကြိုး
၃။ သချိုင်းတစ်ရာမဖဲဝါ
၄။ သံလက်ဝါးမဖဲဝါ
၅။ သချိုင်းရှင်မ မဖဲဝါ
၆။ ကဝေပျံ
၇။ မဖဲဝါနေတဲ့အိမ်
၈။ ကိုယ်တူကိုယ်ခွဲ မဖဲဝါ
၉။ မဖဲကိုကိုက်တဲ့တစ္ဆေ
၁၀။ ငရဲခွေးကြီးတွေနဲ့မဖဲဝါ
၁၁။ စက်ကြိုးဆွဲ မဖဲဝါ
၁၂။ မဖဲပါစီးတဲ့ကျား
၁၃။ မဖဲဝါ မဝင်ရ
၁၄။ မဖဲဝါမွေးတဲ့သား
၁၅။ ကွင်းပိုင်နှမ မဖဲဝါ
၁၆။ မဖဲဝါကိုဖမ်းမဲ့ကဝေ
၁၇။ ရွှေဂူရှင်မ
၁၈။ မဖဲဝါနေတဲ့ကျွန်း
၁၉။ စုန်းကိုးမျှော်ကိုးကဝေကိုး
၂၀။ နတ်နဂါးအင်း
၂၁။ မဖဲဝါငှနှစ်
၂၂။ ပျူသတ်ကုန်းကမဖဲဝါ
၂၃ မဖဲဝါကိုမုန်းတဲ့စုန်း (ယခု)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com






တာတေ၏ထွက်ရှိပြီးတာ
(၂၃)မျိုးအား
မှာကြားဆိုပါက
ဖုန်း - ၀၉၄၂၁၀၅၆၃


www.burmeseclassic.com